# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်　　၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်၊ ကြာသပတေးနေ့　　အတွဲ [၅၅]၊ အမှတ် [၀၅၀]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံထိပ်သီး အစည်းအဝေးတက်ရန် မလေးရှားနိုင်ငံသို့ သွားရောက်မည်

နေပြည်တော်　နိုဝင်ဘာ　၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မူဟာမက် နာဂျစ်တွန် အဗ္ဗဒူလ်ရာဇာတ်၏ ဖိတ်ကြားချက်အရ (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန်အတွက် မကြာမီကာလအတွင်း မလေးရှားနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# ကုသိုလ်တော်ဘုရားကျောက်စာများ ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်း ဩစတြေးလျပညာရှင်များနှင့်ဆောင်ရွက်နေ



မြန်မာနိုင်ငံ၏ ပထမဆုံးသော ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင် ကုသိုလ်တော်ဘုရားရှိ ကျောက်စာများ ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းကို ယခုနှစ်ဆန်းပိုင်းမှစတင်၍ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ဩစတြေးလျနိုင်ငံ Sydney University Buddha Studies Program တို့ ပူးပေါင်း၍ လုပ်ငန်းအဆင့်လေးဆင့်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းစဉ်များမှာ ကျောက်စာချပ်များနှင့် စေတီများကို သန့်ရှင်းရေးပြုလုပ်ထိန်းသိမ်းခြင်း၊ ထိန်းသိမ်းပြီးကျောက်စာချပ်များအား ဓာတ်ပုံရိုက်မှတ်တမ်းတင်ခြင်း၊ ကျောက်စာချပ်များရှိ ပိဋကတ်သုံးပုံရေးထိုးထားသော ပါဠိ-မြန်မာ Roman Letterသို့ အက္ခရာဖလှယ်ခြင်းနှင့် အများသူငါလေ့လာနိုင်ရန် စာအုပ်များထုတ်ဝေခြင်း စသောလုပ်ငန်းအဆင့်လေးဆင့်ဖြင့်ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် ကျောက်စာချပ်များနှင့် စေတီများ ထိန်းသိမ်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီး ဓာတ်ပုံရိုက်မှတ်တမ်းတင်ခြင်းလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

“ကျန်တဲ့အက္ခရာဖလှယ်ခြင်းနဲ့ စာအုပ်ထုတ်ဝေရေး လုပ်ငန်းနှစ်ရပ်ကိုတော့ ဩစတြေးလျနိုင်ငံ Sydney Universityရဲ့ အစီအစဉ်နဲ့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီကျောက်စာချပ်တွေဟာ မြန်မာနိုင်ငံရဲ့ ၁၉ ရာစုခေတ်

*စာမျက်နှာ ၇ ကော်လံ ၅* ✻


**ယနေ့ ဖတ်စရာ**

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ဆက်လက်ကျင်းပ** စာမျက်နှာ » ၃

**ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်း လွှတ်တော်က အတည်ပြု** စာမျက်နှာ » ၆


## တောင်ကြီးတန်ဆောင်တိုင်



တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် ညပိုင်းက တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်း၌ ကျင်းပရာ ပြည်တွင်းပြည်ပ ခရီးသွားများနှင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ သတင်း-စာမျက်နှာ-၅

ဓာတ်ပုံ-မောင်မောင်သန်း (တောင်ကြီး)




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာမည်

ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုများတိုးပွားအောင်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းအသားတင်ထုတ်လုပ်မှု စီးပွားရေးလုပ်ငန်းများ တိုးတက်လာမည်ဖြစ်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများလည်း အမြောက်အမြားဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် ပြည်တွင်း ပြည်ပစီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူများ လုပ်သာကိုင်သာရှိစေရန် ဥပဒေများပြဋ္ဌာန်းခြင်း၊ ဖြေလျှော့မှုများပြုလုပ်ပေးခြင်းတို့ဖြင့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်အားပေးလျက်ရှိပါသည်။

ထို့ကြောင့်လည်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများသာမက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများလည်း သိသိသာသာ တိုးတက်လျက်ရှိပါသည်။ သို့ရာတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် ဖြည်းဖြည်းချင်း အဆင့်အလိုက် ဆောင်ရွက်နေကြခြင်းကြောင့် အရှိန်အဟုန်ဖြင့် ထုတ်လုပ်မှုအားကောင်းသော အနေအထားတစ်ရပ်သို့ရောက်ရှိရန် လိုအပ်နေဆဲဖြစ်ပါသည်။ လာမည့် အစိုးရသက်တမ်းတွင် ရင်းနှီးမြှုပ်နှံမှုသာမက ထုတ်လုပ်မှုနှင့် တင်ပို့မှုများပါ အားကောင်းလာနိုင်ဖွယ်ရှိပါသည်။

ယခုအခါ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေများကို ပြင်ဆင်သည့်ဥပဒေကြမ်းများ ထွက်ပေါ်လာပြီဖြစ်ပါသည်။ ၎င်းဥပဒေများ အတည်ပြုပြဋ္ဌာန်းပြီးသည်နှင့်အမျှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ မိမိ၏လုပ်ပိုင်ခွင့်များကို ခွဲဝေသတ်မှတ်ပေးနိုင်တော့မည်ဖြစ်ပါသည်။ ၎င်းသည်မှာ ဗဟိုဦးစီးစနစ်မှ ဖြေလျှော့ပေးမှုတစ်ရပ်ပင်ဖြစ်ပါသည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြစ်စေ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြစ်စေ လွယ်ကူလျင်မြန်ချောမွေ့စွာ လုပ်ကိုင်လာနိုင်တော့မည်ဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ လျှပ်စစ်စွမ်းအား၊ စက်မှုထုတ်ကုန်၊ ဓာတ်သတ္တုနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများအပြင် အထူးစီးပွားရေးဇုန်ကြီးများ၊ နိုင်ငံခြားဘဏ်လုပ်ငန်းများနှင့် ဆက်သွယ်ရေးလုပ်ငန်းများ အပြိုင်အဆိုင်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြပြီဖြစ်ပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် အာရှ၏စီးပွားရေးအင်အားကြီးနှစ်နိုင်ငံဖြစ်သည့် တရုတ်နှင့် အိန္ဒိယတို့အကြားတွင်တည်ရှိနေပြီး မဟာဗျူဟာမြောက်သော ပထဝီအနေအထား၊ သင့်တင့်သည့်ဈေးကွက် အရွယ်အစား၊ လုပ်သားအင်အားပေါကြွယ်ဝမှုနှင့် အစိုးရ၏ သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကြောင့် အာရှတွင် နောက်ဆုံးစီးပွားရေး နယ်ပယ်သစ် နိုင်ငံတစ်နိုင်ငံအဖြစ်သို့ တည်ရှိနေပါသည်။ မြန်မာနိုင်ငံသည် အာရှတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်ရန် အကောင်းဆုံးနိုင်ငံဖြစ်ပါသည်။ သို့ဖြစ်၍ လာမည့်ငါးနှစ်တာကာလအတွင်း ပြည်တွင်း ပြည်ပ စီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တစ်ဟုန်ထိုးမြင့်တက်လာနိုင်သည့် အနေအထားရှိပါသည်။ နိုင်ငံရေးမျက်နှာသာပေးမှုအနေအထား၊ ပွင့်လင်းမြင်သာရှိမှုနှင့် ဥပဒေပိုင်းဆိုင်ရာ ဖြေလျှော့ပေးမှုများကြောင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုအားကောင်းလာတော့မည်ဖြစ်ပါကြောင်း။ ။


၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား/သေဆုံးမှုများသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်တွင် နှစ်အလိုက် ပိုမိုများပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ ယခုကဲ့သို့ များပြားလာရခြင်းမှာ ကမ္ဘာကြီးပူနွေးလာရခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ကလေး၊ လူကြီးမရွေး ခရီးသွားလာမှု များပြားလာရာမှ ရောဂါပိုးများပျံ့နှံ့သွားခြင်း၊ သွေးလွန်တုပ်ကွေးရောဂါပိုးမျိုးကွဲအပြောင်းအလဲဖြစ်ခြင်း၊ ကျေးလက်များ၏ လူမှုဘဝနေထိုင်မှုများမှာ လျင်မြန်စွာ မြို့ပြဆန်လာခြင်းစသည့် အကြောင်းရင်းများကြောင့် ဖြစ်ကြောင်းဖြင့် ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ရွှေပြည်တော်ဟိုတယ်၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် Malaria Consortium တို့ ပူးပေါင်းဆောင်ရွက်သော သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ WHO၊ 3MDG၊ UNICEF နှင့် Malaria consortium မှ ပညာရှင်များ တက်ရောက်ကြပြီး သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး နည်းလမ်းများ၏ အားသာချက်၊ အားနည်းချက်များ၊ ရရှိနိုင်မည့်အခွင့်အလမ်း၊ ရင်ဆိုင်ရမည့်အခက်အခဲများကို စုပေါင်းဖော်ထုတ်ကြပြီး မိမိနိုင်ငံနှင့် ကိုက်ညီမည့် ပိုမိုကောင်းမွန်ပြည့်စုံသော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလက်စွဲစာအုပ် ပြုစုထုတ်လုပ်နိုင်ရန် ဆောင်ရွက်သွားကြမည်ဖြစ်ကာ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ နှစ်ရက်သာ ကျင်းပသွားမည်ဖြစ်သည်။

ကာကွယ်နှိမ်နင်းရေး လက်စွဲစာအုပ်ရှိမှသာလျှင် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို အဓိကဆောင်ရွက်နေကြသည့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ရပကနဝန်ထမ်းများ၊ ဦးဆောင်လမ်းညွှန်မှုပေးနေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပူးပေါင်းဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာနှင့် လူမှုရေးအဖွဲ့အစည်းများ၊ လိုက်နာဆောင်ရွက်ကြရမည့် ပြည်သူများသည် ထိရောက်အောင်မြင်သည့် သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နှစ် ၁၀၀ ကျော်သက်တမ်းရှိ ကျောင်းတော်ကြီး ထိန်းသိမ်းရန် ကုသိုလ်ပါဝင်လှူဒါန်းနိုင်

**သီပေါ နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နှင့် မိုင် ၃၀ ကျော်ဝေးသော မန်လီကျေးရွာ၌ ဒေသခံ ဗုဒ္ဓဘာသာဝင်များ တည်ဆောက်လှူဒါန်းထားသော ရှမ်းကျောင်းတော်ကြီးမှာ ယခုအချိန်တွင် နှစ် ၁၀၀ ကျော်သက်တမ်းရှိပြီဟု သိရပြီး ပြုပြင်ထိန်းသိမ်းရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျောင်းတော်ကြီးကို မန်လီဆရာတော်က ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး အလှူရှင်များ လိုအပ်လျက်ရှိသဖြင့် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက ဆရာတော်နှင့်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ကြက်ခြေနီရှေးဦးပြုစုခြင်း သင်တန်းဆင်း

**ပျဉ်းမနား နိုဝင်ဘာ ၁၈**

နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် နေပြည်တော်ပညာရေး ညွှန်ကြားရေးမှူးရုံးတို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁၇ ရက်က ပျဉ်းမနားမြို့နယ် သကြားစက်အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည်နှင့် နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့်အောင်တို့က အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကို ဒက္ခိဏခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ခရိုင်ဦးစီးမှူး(ဒုတိယတန်း)က ကျောင်းအုပ်ဆရာမကြီးထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**




## စာပေမြင့်မှ လူမျိုးတင့်မည်

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၁၁-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် | မန္တလေး |
|---|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် | ၆၈၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၇၀/၆၉၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၇၀/၇၉၀ ကျပ် | ၈၅၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၁.၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၀.၈၄ |
| ထိုင်း | တစ်ဘတ် | ၃၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၄၅ |
| တရုတ် | တစ်ယွမ် | ၂၀၁.၈၅ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၂၅ |

ခင်ရတနာ-စုစည်းသည်။

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM)ကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ ဟော်ရိဇုန်ဟိုတယ်၌ ဆက်လက်ကျင်းပခဲ့ရာ ယခင်ဆွေးနွေးပွဲများမှ အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။



တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း ပြောကြားစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက အစိုးရအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် နိုင်ငံရေးပါတီများ အဖွဲ့သုံးဖွဲ့မှ တစ်ဖွဲ့လျှင် ၁၆ ဦးစီပါဝင်သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှုပူးတွဲကော်မတီ (UPDJC)ကို ဖွဲ့စည်း၍ အဆိုပါအဖွဲ့ကဦးဆောင်ပြီး နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ NCA စာချုပ်ပါအတိုင်း ရက်ပေါင်း ၆၀ အတွင်း



ကရင်အမျိုးသား အစည်းအရုံး (KNU) မှ အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်း ပြောကြားစဉ်။

နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်ရေးဆွဲပြီး ရက်ပေါင်း ၉၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲကို စတင်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကရင်အမျိုးသားအစည်းအရုံး(KNU)မှ အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းက တိုင်းရင်းသားများ၏ လိုလားချက်ဖြစ်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို စာချုပ်ပါ သဘောတူညီချက်အတိုင်း အကောင်အထည်ဖော်ရန် အရေးကြီးပါကြောင်း၊ မိမိတို့ တိုင်းရင်းသားအဖွဲ့များအနေဖြင့် NCA ကို တန်ဖိုးထားသကဲ့သို့ အကောင်အထည်ဖော်ရန်လည်း ကူညီပေးကြရန် လိုပါကြောင်း၊ ထို့ပြင် JMC က ဆုံးဖြတ်ချက်များဖြစ်သည့် အပစ်အခတ်ရပ်စဲရေး ခိုင်မာစေရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ UPDJC တွင် ဆောင်ရွက်သည့် ဆွေးနွေးဆုံးဖြတ်ချက်များသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု ဖြစ်ပေါ်ရေးအတွက် ဖြစ်ပါကြောင်း၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး နိုင်ငံရေးပြဿနာများ ဆွေးနွေးနိုင်ရန်အတွက် ပူးပေါင်းပါဝင်ရေး၊ ပြည်သူများလိုလားသော အေးချမ်းသာယာဝပြောသည့် နိုင်ငံဖြစ်ပေါ်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်ရေးဆွဲခြင်း၊ အားလုံးပါဝင်ရေးမူဖြင့် ပါဝင်သင့် ပါဝင်ထိုက်သူများနှင့် အချိုးအစားသတ်မှတ်ခြင်း၊ ဆွေးနွေးရန်အစီအစဉ်များသတ်မှတ်ခြင်းတို့ကို အသေးစိတ်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီကို ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် (ဥက္ကဋ္ဌ)၊ စောအိုင်းဇက်ဖိုး (ဒုတိယဥက္ကဋ္ဌ-၁)၊ ဦးပြည့်စုံ(ဒုတိယဥက္ကဋ္ဌ-၂)၊ ဒေါက်တာရွှေခါး(အတွင်းရေးမှူး-၁)၊ ဗိုလ်မှူးကြီးဝဏ္ဏအောင် (အတွင်းရေးမှူး-၂)တို့ ပါဝင်သော အစိုးရကိုယ်စားလှယ် ၁၀ ဦး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရှစ်ဖွဲ့မှ ကိုယ်စားလှယ် ၁၀ ဦး၊ နှစ်ဖက်မှ အဆိုပြုသော အရပ်သား ကိုယ်စားလှယ် ခြောက်ဦး စုစုပေါင်း ၂၆ ဦးဖြင့် ဖွဲ့စည်းခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ဦးသိန်းဇော်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ဗိုလ်ချုပ်မင်းနောင်၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

---

■ **ကျောဖုံးမှ**

ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်းဆိုသည်။

APR စွမ်းအင်ကုမ္ပဏီ၏ CEO ဖြစ်သူ လော်ရင်အင်ဒါဆင်က စီးပွားရေးတိုးတက်မှုနှုန်း လျင်မြန်လာသော မြန်မာနိုင်ငံအား တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီခွင့်ရတဲ့အတွက် ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသော ပထမဦးဆုံး အမေရိကန်ကုမ္ပဏီတစ်ခုအနေဖြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ နိုင်ငံတော်အစိုးရစသော အဖွဲ့အစည်းများနှင့် စီးပွားရေးမိတ်ဖက်များဖြစ်ရတဲ့အတွက် အလွန်ပင် ကံကောင်းပါကြောင်း ပြောကြားသည်။

APR ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ကလစ်ထပ်တန်က စီမံကိန်း အထမြောက်ရေးအတွက် APR စွမ်းအင်ကုမ္ပဏီနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော မြန်မာဝန်ကြီးဌာနများနှင့် ဝန်ထမ်းများကို လေးစားဂုဏ်ပြုအပ်ပါကြောင်း၊ မြန်မာလျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် အပြုသဘောဆောင်သည့် ဆက်လက်ပူးပေါင်းဆောင်ရွက်မှုကိုမျှော်လင့်ပါကြောင်း၊ ပွင့်လင်းရာသီတွင် ရေအားလျှပ်စစ်စက်ရုံများ အပြည့်အဝလည်ပတ်နိုင်ခြင်း မရှိသည့်အတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုဖြည့်တင်းရန် APR စွမ်းအင်ကုမ္ပဏီက ၂၀၁၅ ခုနှစ် ပထမလေးလပတ်အတွင်းက ၂၀ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်ရုံတစ်ခုကို ထပ်မံတည်ဆောက်ခဲ့ကြောင်းဆိုသည်။ (Antara.com)

---

# မြောင်းမြမြို့ ပြည်သူ့ဆေးရုံ (ခုတင် ၂၀၀)တွင် လေးထပ်အဆောက်အအုံ တိုးချဲ့ဆောက်လုပ်မည်

**မြောင်းမြ နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ပြည်သူ့ဆေးရုံ (ခုတင် ၂၀၀)တွင် ဆေးရုံတက်လူနာများ သက်သောင့်သက်သာ တက်ရောက်ကုသမှုခံယူနိုင်ရန်အတွက် တိုးချဲ့လူနာဆောင် လေးထပ်အဆောက်အအုံသစ် ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

တိုးချဲ့လူနာဆောင်သစ်ဆောက်လုပ်ရန်အတွက် နိုဝင်ဘာ ၁၈ ရက် နံနက် ၇ နာရီခန့်က ဆေးရုံဝင်း ယာယီရှင်းလင်းဆောင်၌ ကျင်းပရာ ပင့်ဖိတ်ထားသော ဆရာတော်များက မြေသန့်မင်္ဂလာ ပရိတ်တော်များ ရွတ်ဖတ်ကာ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးတိုးတိုးနှင့် တာဝန်ရှိသူများက အဆောက်အအုံဆောက်လုပ်ရန် ပန္နက်များ ရိုက်ပေးကြသည်။

မြောင်းမြမြို့ ပြည်သူ့ဆေးရုံသည် ခုတင် ၁၀၀ ဆေးရုံအဖြစ်မှ ၂၀၁၅ ခုနှစ်တွင် ပြည်သူ့ဆေးရုံ (ခုတင် ၂၀၀)အဖြစ် တိုးမြှင့် ခွင့်ပြုရရှိခဲ့ပြီး ပြည်သူများက ပြည်သူ့ဆေးရုံအပေါ် ပိုမိုအလေးထား အားကိုးလာကြကာ လူနာနှင့် ဆေးရုံ မျှတမှုမရှိတော့ဘဲ လိုအပ်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနက တိုးချဲ့ဆောင် ဆောက်လုပ်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးတိုးတိုး ပြောကြားချက်အရ သိရသည်။

အဆိုပါ လေးထပ်တိုးချဲ့လူနာဆောင်အသစ်ကို အာစီအဆောက်အအုံအဖြစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေမှ MBD ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ပြီး အလျား ပေ ၁၄၀၊ ၁၃၆ ပေ၊ အနံ ၆၄ ပေ နှစ်ဆောင်တွဲနှင့် ဓာတ်လှေကားတစ်စင်း၊ မြို့ပြရေသန့်လုပ်ငန်းများ၊ လျှပ်စစ်လုပ်ငန်းများ အပါအဝင် လူနာဆောင်၊ ဆရာ ဆရာမ နားနေခန်း၊ ဓာတ်မှန်ခန်း၊ သွားဆေးခန်း၊ ခွဲစိတ်ခန်းများ ပါဝင်မည်ဖြစ်ကာ ၂၀၁၆ ခုနှစ် မတ်လကုန်အတွင်း စံချိန်စံညွှန်းနှင့်အညီ အပြီးအစီး တည်ဆောက်သွားမည်ဖြစ်ကြောင်း တည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာ၏ ပြောကြားချက်အရ သိရသည်။ တိုးချဲ့လူနာဆောင် လေးထပ်အဆောက်အအုံ တည်ဆောက်ပြီးစီးသွားပါက မြောင်းမြမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးတွင် ပြည်သူများ သက်သောင့်သက်သာ စိတ်ချမ်းသာစွာ တက်ရောက်ကုသမှုခံယူနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**အောင်မင်း(ပြန်/ဆက်)**

---

# အမျိုးသားဇာတ်ရုံ(ရန်ကုန်/မန္တလေး) အသုံးပြုခွင့် အနုပညာဦးစီးဌာနနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ရန်အသိပေး

**နေပြည်တော် နိုဝင်ဘာ ၁၈**

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနရှိ အမျိုးသားဇာတ်ရုံများ အသုံးပြုလိုသူများ အဆင်ပြေမှုရှိစေရန်အတွက် အမျိုးသားဇာတ်ရုံ သုံးစွဲခွင့်နှင့်ပတ်သက်၍ ယဉ်ကျေးမှုဝန်ကြီးဌာနက စီမံထိန်းသိမ်းခြင်းမပြုဘဲ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကသာ တာဝန်ခံဆောင်ရွက်သည်။

သို့ဖြစ်၍ အမျိုးသားဇာတ်ရုံ(ရန်ကုန်/မန္တလေး) သုံးစွဲလိုသူများသည် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ တိုက်ရိုက်ပေးပို့တင်ပြရန် လျှောက်ထားရသည်။ အမျိုးသားဇာတ်ရုံကို ငှားရမ်းခွင့် အသုံးအနှုန်းအစား “ဇာတ်ရုံအသုံးပြုခွင့်” ဟု ဖော်ပြသုံးနှုန်းကြပါရန်နှင့် အသုံးပြုခွင့်ကို အနုပညာဦးစီးဌာနနှင့် စာချုပ်ချုပ်ဆို ဆက်လက်ဆောင်ရွက်သွားရန် ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

---

# ထူးခြားသည့် ညအပူချိန်

**၁၈ - ၁၁ - ၂၀၁၅**

ထူးခြားသည့် ညအပူချိန်မှာ ဟားခါးမြို့၌ ၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရေးမြို့၌ ၀ ဒသမ ၅၅ လက်မနှင့် ထားဝယ်မြို့၌ ၀ ဒသမ ၄၃ လက်မတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**



# တောင်တရုတ်ပင်လယ်အတွင်း ကျွန်းတုဖော်ထုတ်နေမှု ရပ်တန့်ရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတပြောကြား

**မနီလာ နိုဝင်ဘာ ၁၈**

တရုတ်နိုင်ငံအနေဖြင့် အငြင်းပွားတောင်တရုတ်ပင်လယ်အတွင်း ကျွန်းတုဖော်ထုတ်မှုကို ရပ်တန့်ရမည်ဖြစ်ကြောင်း အမေရိကန် သမ္မတဘားရက်အိုဘားမားက နိုဝင်ဘာ ၁၈ ရက်က ပြောကြားလိုက်သည်။

ထို့အပြင် အငြင်းပွားနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ၏ ကာကွယ်ရေးနှင့်လုံခြုံရေးကို ဝါရှင်တန်၏ ကတိပြုမှုအပေါ် ခိုင်မာအောင်ဆောင်ရွက်ရေး ထပ်လောင်းအတည်ပြုပြောကြားလိုက်သည်။

သမ္မတအိုဘားမားအနေဖြင့် မနီလာ၌ကျင်းပသော အာရှ-ပစိဖိတ်ထိပ်သီးအစည်းအဝေး၏ သီးခြားအစည်းအဝေးတွင် ဖိလစ်ပိုင်သမ္မတ ဘီနင်နိုအကွီနိုနှင့် တွေ့ဆုံဆွေးနွေးအပြီး အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ ၎င်းအနေဖြင့် အဆိုပါအငြင်းပွားမှုကိုဖြေရှင်းရေးအတွက် ပါဝင်ပတ်သက် နေသောနိုင်ငံအားလုံးနှင့် ပူးပေါင်းလုပ်ဆောင်သွားရန် မျှော်လင့်ထားသည်။ အမေရိကန်နိုင်ငံသည် ဖိလစ်ပိုင် နိုင်ငံနှင့်အတူ ရင်းနှီးသောမိတ်ဆွေနိုင်ငံအဖြစ်သတ်မှတ်ကာ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**

# ပါရီမြို့ ဘောလုံးကွင်းအနီးတွင် တိုက်ခိုက်မှုများဖြစ်ပွား၊ သေဆုံးသူများပြားနိုင်



**ပါရီ နိုဝင်ဘာ ၁၈**

ရဲတပ်ဖွဲ့နှင့် အမည်မသိသံသယရှိသူများကြား လက်နက်ကိုင်တိုက်ခိုက်မှုများ နိုဝင်ဘာ ၁၈ ရက်က ပါရီမြို့၏ဆင်ခြေဖုံးတစ်ခု၌ မနက်ကတည်းက ညနေအထိ ဆက်လက်ဖြစ်ပွားနေကြောင်း၊ သေဆုံးသူအရေအတွက်ကို အတိအကျမသိရသေးကြောင်း ဒေသတွင်းသတင်းမီဒီယာများ၌ ဖော်ပြထားသည်။

ပစ်ခတ်မှုများသည် ပါရီမြောက်ဘက် စိန့်ဒန်းနစ်ဆင်ခြေဖုံး၌ နံနက် ၄ နာရီ က ဖြစ်ပွားခဲ့ကြောင်း၊ ယင်းဒေသသည် သောကြာနေ့ ပါရီတိုက်ခိုက်မှုဖြစ်ပွားခဲ့သော ဘောလုံးကွင်းအနီးတွင်ဖြစ်ကြောင်း သိရသည်။

ပြင်သစ်အာဏာပိုင်များသည် ပါရီ တိုက်ခိုက်မှုသံသယရှိသူများကို ဖော်ထုတ်နိုင်ရန် အပြင်းအထန်ကြိုးစားနေကြောင်း သိရသည်။

ရဲတပ်ဖွဲ့က မော်ရိုကို မျိုးနွယ်ဖွား ဘယ်လ်ဂျီယံနိုင်ငံသား တစ်ဦးဖြစ်သူ အက်ဘ်ဘယ်ဒယ်ဟာမစ်ဒ် အဘောဒ်ကို ပါရီတိုက်ခိုက်မှုသံသယရှိသူအဖြစ် ယင်းတိုက်ခန်းကို ဝင်ရောက်ရှာဖွေခဲ့ကြောင်း တရားဥပဒေစိုးမိုးရေး သတင်းရပ်ကွက်က ပြောကြားမှုကို အေအက်ဖ်ပီသတင်းဌာနက ကိုးကားဖော်ပြခဲ့သည်။ ၎င်းသည် အိုင်အက်စ်စစ်သွေးကြွများနှင့် ဆက်သွယ်မှုရှိနိုင်ပြီး သောကြာနေ့ ပါရီတိုက်ခိုက်မှုတွင် ပါဝင်သူဖြစ်မည်ဟု ရဲတပ်ဖွဲ့ကယုံကြည်ထားသည်။ မြို့လယ်ရှိ အဆောက်အအုံတစ်ခုတွင် ရဲများနှင့်သံသယရှိသူများ ပစ်ခတ်မှုဖြစ်ပွားနေကြောင်း၊ ယင်းနေရာတွင် စျေးဆိုင်များ အများအပြားရှိကြောင်း သတင်းမီဒီယာများက ပြောသည်။ ပစ်ခတ်မှုဖြစ်ပွားနေသော အဆောက်အအုံအနီးရှိ လူတစ်ဦးက မီးရှူးမီးပန်းပစ်ဖောက်သော အသံများကို ကြားနေရကြောင်း၊ ထို့နောက်တွင် ပေါက်ကွဲသံများပါ ဆက်တိုက်ကြားရကြောင်း၊ ထို့အပြင် ရဟတ်ယာဉ်များလည်း ခေါင်မိုးပေါ်တွင်ဝဲပျံလျက်ရှိကြောင်း ပြောကြားသည်။ **(အင်န်အိတ်ချ်ကေ)**

## ကန်မှ ပါရီသို့သွားသော လေယာဉ်နှစ်စင်း ခြိမ်းခြောက်ခံရပြီး လမ်းကြောင်းပြောင်းဆင်း

**လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၁၈**

အမေရိကန်ပြည်ထောင်စုမှ ပြင်သစ်နိုင်ငံပါရီမြို့သို့ ထွက်ခွာလာသော ပြင်သစ်လေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်နှစ်စင်းသည် လေယာဉ်ပေါ်ဗုံးပါရှိကြောင်း ဖုန်းဖြင့်ခြိမ်းခြောက်ခံရပြီးနောက် ရာပေါင်းများစွာသော ခရီးသည်နှင့် လေယာဉ်အမှုထမ်းများ ဘေးကင်းလုံခြုံစွာ ဆင်းသက်ဖယ်ရှားမှုများပြုလုပ်နိုင်ခဲ့ကြောင်း ဖက်ဒရယ်လေကြောင်းအုပ်ချုပ်ရေးအဖွဲ့က အက်ဖ်အေအေသို့ ပြောသည်။ အဆိုပါခရီးသည်တင်လေယာဉ်များသည် လေဆိပ်မှ ပျံတက်အပြီး အမည်မသိဖုန်းခြိမ်းခြောက်ခံရမှုများကြောင့် လမ်းကြောင်းပြောင်းဆင်းခဲ့ရခြင်းဖြစ်ကြောင်း ပြင်သစ်လေကြောင်းလိုင်းအဖွဲ့ ကပြောသည်။

**(ရိုက်တာ)**

## နိုင်ငံတကာသတင်းအတိုအထွာများ

### တရုတ်နှင့်ရုရှားစစ်ရေးပူးပေါင်းရန် ပြောကြား

**မော်စကို နိုဝင်ဘာ ၁၈**

အဆင့်မြင့်နိုင်ငံရေးယုံကြည်မှု တိုးပွားလာခြင်းသည် စစ်ရေးပူးပေါင်း ဆောင်ရွက်မှုအထိ ဖြစ်လာနိုင်ကြောင်း တရုတ်နှင့်ရုရှားတို့က နိုဝင်ဘာ ၁၇ ရက်က ထပ်လောင်းပြောကြားလိုက်သည်။

တရုတ်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့်အတူ အပြန်အလှန် အကျိုးစီးပွား ကာကွယ်ရေးတွင် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မြှင့်တင်သွားရန် ဆန္ဒရှိကြောင်း၊ ဒေသအရေးမှာရော ကမ္ဘာ့အရေးမှာပါ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်လိုကြောင်း တရုတ်ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဟူကျင်လျန်က ပြောသည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်တွေ့ဆုံစဉ် မစ္စတာလျန်က အထက်ပါအတိုင်း ပြောကြားလိုက်သည်။ **(ဆင်ဟွာ)**

### ဆီးရီးယားဒုက္ခသည် ၂၀၀ တောင်ကိုရီးယားသို့ ရောက်ရှိ

**ဆိုးလ် နိုဝင်ဘာ ၁၈**

စုစုပေါင်း ဆီးရီးယားဒုက္ခသည် ၂၀၀ တောင်ကိုရီးယားနိုင်ငံသို့ လေယာဉ်ဖြင့် ရောက်ရှိလာခဲ့ကြောင်း၊ အချို့မှာ ဆက်လက်နေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာမှ စစ်ဆေးလျက်ရှိပြီး အခြားဒုက္ခသည်များမှာ လေဆိပ်၌ အသင့်အနေအထားဖြင့်ရှိနေကြောင်း တောင်ကိုရီးယားစုံစမ်းစစ်ဆေးရေး အေဂျင်စီသည် နိုဝင်ဘာ ၁၈ ရက်ကပြောခဲ့သည်။ ဆီးရီးယားဒုက္ခသည် ၂၀၀ ရှိသည့်အနက် ၁၃၅ ဦးမှာ လူသားချင်းစာနာမှု အထောက်အထားအရ ခိုလှုံခွင့်ရရှိရန်အတွက် ခဏတာနေထိုင်ခွင့်ရရှိထားကြောင်း သိရသည်။ တရားရေးဝန်ကြီးဌာနက မည်သူ့ကို တောင်ကိုရီးယားတွင် ဆက်နေထိုင်ရန် ခွင့်ပြုမည်လဲဆိုသည်ကို စစ်ဆေးလျက်ရှိသည်။

အခြား ဆီးရီးယားဒုက္ခသည် ၆၅ ဦးမှာ လေဆိပ်တွင် အာဏာပိုင်အဖွဲ့၏ စစ်ဆေးမှုများကိုခံနေရပြီး အသင့်အနေထားဖြင့် နေနေရကြောင်းသိရသည်။ တောင်ကိုရီးယားစုံစမ်းစစ်ဆေးရေးအေဂျင်စီက အိုင်အက်စ်အဖွဲ့၏အကြမ်းဖက်တိုက်ခိုက်မှုပြုရန် စာရင်းတွင် တောင်ကိုရီးယားလည်းပါဝင်ကြောင်း၊ အိုင်အက်စ်အဖွဲ့တွင် ငယ်ရွယ်သော တောင်ကိုရီးယားလူငယ်များနှင့် မွတ်စလင်များလည်း ပါဝင်ကြောင်းပြောခဲ့သည်။

**(ဆင်ဟွာ)**

### နိုင်ဂျီးရီးယား၌ဗုံးပေါက်ကွဲ၊ ၃၂ ဦး သေဆုံး

**လာဂို နိုဝင်ဘာ ၁၈**

နိုင်ဂျီးရီးယား အနောက်မြောက်ပိုင်းရှိ အဒါမဝပြည်နယ် မြို့တော်ဖြစ်သော ရိုလယာဉ်ရပ်နားစခန်းတွင် နိုဝင်ဘာ ၁၇ ရက်က ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ ၃၂ ဦး သေဆုံးပြီး ၈၀ ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြသည်။

ပေါက်ကွဲမှုသည် ရိုလယာဉ်ရပ်နားစခန်းတွင် အစားအသောက်ရောင်းသူများနှင့် ဈေးသည်များရှုပ်ထွေးနေချိန် ဒေသစံတော်ချိန် ညနေ ၈ နာရီက ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း လုံခြုံရေးသတင်းရင်းမြစ်များက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

အမျိုးသား အရေးပေါ်စီမံခန့်ခွဲမှု အေဂျင်စီ (နီမာ) မှ အရာရှိတစ်ဦးဖြစ်သူ ဆာဒူဘယ်လိုက သေဆုံးသူအရေအတွက်မှာ ၃၂ ဦးရှိပြီး ၈၀ ဒဏ်ရာရရှိခဲ့ကြောင်း ပြောခဲ့သည်။

ပေါက်ကွဲမှုနှင့်သက်ဆိုင်သော သတင်းအသေးစိတ်ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း ယင်းဒေသရှိဆင်ဟွာသတင်းထောက်ကပြောကြားသည်။ **(ဆင်ဟွာ)**

### ပါရီအကြမ်းဖက်မှုသံသယရှိသူ ငါးဦးကို ဂျာမနီတွင်ဖမ်းဆီး

**ဘာလင် နိုဝင်ဘာ ၁၈**

ဘယ်လ်ဂျီယံ၊ နယ်သာလန်တို့နှင့်နီးကပ်လျက်ရှိသော ဂျာမနီနယ်စပ်ဒေသမြို့တစ်ခုတွင် နိုဝင်ဘာ ၁၇ ရက်က ပါရီအကြမ်းဖက်မှုနှင့် ဆက်နွှယ်သည်ဟု သံသယရှိသူ ငါးဦးကို ရဲတပ်ဖွဲ့ကဖမ်းဆီးခဲ့ကြောင်း ဂျာမနီသတင်းမီဒီယာက ဖော်ပြခဲ့သည်။

အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားတစ်ဦးကို ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲက ဂျာမနီနိုင်ငံ အနောက်ဘက် မြို့တော်အာချန်အနီး အလုပ်ဌာနတစ်ခု၌ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ဂျာမနီသတင်းစာတစ်စောင်၌ဖော်ပြသည်။

ပါရီတိုက်ခိုက်မှု၌ ပါဝင်ခဲ့သည်ဟုယူဆရသူများကို ရဲတပ်ဖွဲ့က နံနက်ပိုင်းတွင် ဖမ်းဆီးခဲ့ပြီးနောက် နေ့လယ်ပိုင်း၌ အခြားသံသယရှိသူများကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

### ဂရိနိုင်ငံအနောက်ပိုင်း၌ အင်အားပြင်းငလျင်တစ်ခုလှုပ်၊ လူတစ်ဦးသေဆုံး

**အေသင် နိုဝင်ဘာ ၁၈**

ဂရိနိုင်ငံအနောက်ပိုင်းရှိ လက်ဖ်ကာဒါကျွန်း၌ နိုဝင်ဘာ ၁၇ ရက်က အင်အားပြင်းငလျင်တစ်ခုလှုပ်ခဲ့ရာ အသက် ၆၀ အရွယ်ရှိ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်းဒေသတွင်းသတင်းမီဒီယာက ဖော်ပြသည်။

ငလျင်ကြောင့် ဒေသတွင်းလမ်းများနှင့် အိမ်များပျက်စီးသွားကြောင်း ယင်းကျွန်း၏ ဒုတိယမြို့တော်ဝန် ခရစ်စတိုကတ်ဖိုးရစ်က ဂရိအမျိုးသား သတင်းဌာနသို့ပြောခဲ့သည်။

ငလျင်ဒဏ်ကို ဂရိနိုင်ငံ အနောက်ပိုင်းရှိ ဒေသအတော်များများ ခံစားခဲ့ရကြောင်း၊ ငလျင်လှုပ်ရာဒေသရှိလူများက အိမ်အပြင်ဘက်ရှိလမ်းမများပေါ်တွင် ထွက်နေကြကြောင်း၊ ဒေသတွင်းမီးသတ်ဦးစီးဌာနမှ ကယ်ဆယ်ရေးအဖွဲ့များကိုလည်း ယင်းဒေသသို့စေလွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ငလျင်သည် ဂရိနိုင်ငံ လက်ဖ်ကာဒါကျွန်း၏ အနောက်မြောက်ဘက်ကမ်းရိုးတန်းနှင့် ၂၅ ကီလိုမီတာအကွာ ၅မီတာအနက်ရှိ ပင်လယ်ရေအောက်ကိုဗဟိုပြုပြီး ပြင်းအား ၆ ဒသမ ၁ ရစ်ချ်စတာစကေးဖြင့်လှုပ်ခတ်သွားကြောင်း သိရသည်။ **(ဆင်ဟွာ)**

# တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲကျင်းပ

သတင်းနှင့်ဓာတ်ပုံ
မောင်မောင်သန်း(တောင်ကြီး)

တောင်ကြီး နိုဝင်ဘာ ၁၈

**၂၀၁၅ ခုနှစ် ရှမ်းပြည်နယ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲကို နိုဝင်ဘာ ၁၈ ရက် ညနေ ၅ နာရီခွဲက တောင်ကြီးမြို့ အဝေရာကုန်းသာယာမီးပုံးပျံကွင်း၌ကျင်းပရာ ပထမဦးစွာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် အေးဝင်းနှင့် ဇနီးဒေါ်ဌေးဌေးဝင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မိဘပြည်သူများက စူဠာမုနိလောကချမ်းသာ ဘုရားရင်ပြင်တော်ပေါ်တွင် စိန်နားပန် မီးပုံးပျံတစ်လုံးကို လွှတ်တင်ပူဇော်ပေးကြသည်။** (အောက်ပုံ)

ဆက်လက်၍ တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်းနှင့် မီးပုံးပျံပြိုင်ပွဲ၊ ဖွင့်ပွဲပိတ်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်တို့က မီးပုံးပျံပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

ထို့နောက် ရှမ်းပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ကိန္နရီ ကိန္နရာအကနှင့် ဓားသိုင်းအကတို့ဖြင့် ကပြဖျော်ဖြေပြီး၊ တောင်ကြီး ပညာရေးကောလိပ်ကျောင်းမှ သင်တန်းသူလေးများနှင့် ပြည်နယ် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက မြင်ကြည့်စမ်းလှည့်တို့ရိုးရာတန်ဆောင်တိုင် သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။ ဆက်လက်၍ ကျောင်းသားကျောင်းသူလေးများက မီးပုံးကလေးများဖြင့် ပြည်နယ်ကိုယ်စားပြု ရှမ်းအလံ၊ ရှမ်းအိုးစည်၊ မီးပုံးပျံ လွှတ်တင်ပုံဖော်ခြင်းတို့ဖြင့် သရုပ်ဖော်ကပြကြသည်။

၎င်းနောက် တောင်ကြီးမြို့ တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပွဲတော်ကို တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ နာယက ပြည်နယ်ဝန်ကြီးချုပ် (ကိုယ်စား) ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်က စက်ခလုတ်နှိပ်၍ မီးရှူးမီးပန်းများ ပစ်လွှတ် ဖွင့်လှစ်ပေးပြီး စိန်နားပန် မီးပုံးပျံအကြီးလေးလုံး လွှတ်ခြင်း၊ ဖွင့်ပွဲပိတ်ပွဲကော်မတီမှ နှစ်လုံး၊ မာဃမြင့် ကုမ္ပဏီမှတစ်လုံး၊ ကျိုင်းတုံစွမ်းအင်ကုမ္ပဏီမှ တစ်လုံးနှင့် မီကိုကော်ဖီမစ်မှ မီးပုံးပျံငယ် ၁၅၀၀ လွှတ်တင်ကြကြောင်း သိရသည်။

တောင်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် ပြိုင်ပွဲဝင် ညမီးကြီး ၈၄ လုံး၊ စိန်နားပန် ၃၇ လုံး၊ နေ့လွှတ်ခြေနှစ်ချောင်း ၁၃၈ လုံး၊ ခြေလေးချောင်း ၉၃ လုံး၊ အုပ်စု ၅၂ အုပ်စု၊ စုစုပေါင်း နေ့လွှတ်/ညလွှတ် ၄၀၄ လုံး၊ ဓာတ်ပုံပြိုင်ပွဲတွင် ခေါင်းစဉ်လေးမျိုးဖြစ်သည့် တစ်မြို့လုံးကျွတ် မဟာဘုံကထိန် လှည့်လည်ပူဇော်ပွဲ၊ မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ မီးပဒေသာလှည့်လည်ပူဇော်ပွဲ(၂) မီးပုံးပျံပြိုင်ပွဲ နေ့လွှတ်တစ်ကောင်ချင်းအုပ်စု အရုပ်မီးပုံးပျံနှင့်ပွဲတော်ရှုခင်း(၃) ယမ်းမီးကြီး ညအလှပြိုင်ပွဲ (၄) စိန်နားပန်မီးပုံးပျံပြိုင်ပွဲနှင့် ပွဲတော်ရှုခင်း/ကွင်းဖွင့်



ပွဲရှုခင်းများဖြင့် ကျင်းပမည်ဖြစ်ပြီး မြို့လုံးကျွတ်မဟာဘုံကထိန်ကို နိုဝင်ဘာ ၂၅ ရက်တွင် လှည့်လည်ကြကာ ညနေပိုင်းတွင် မသိုးသင်္ကန်းရက်ပြိုင်ပွဲ ဖွင့်ပွဲကို ဖွင့်လှစ်၍ နိုဝင်ဘာ ၂၆ ရက် လပြည့်နေ့ နံနက်ပိုင်းတွင် မသိုးသင်္ကန်းဆက်ကပ်ပူဇော်ကြမည်ဖြစ်ရာ နေ့လယ်ပိုင်းတွင် မြို့လုံးကျွတ် မဟာဘုံကထိန် တရားနာရေစက်ချပွဲနှင့် ညပိုင်းတွင် တောင်ကြီးမြို့ပေါ်ရှိရပ်ကွက်များမှ မီးပဒေသာပင်များဖြင့်လှည့်လည်ပူဇော်ကြကာ ပွဲတော်တွင် ပျော်ပွဲရွှင်ပွဲဖျော်ဖြေရေး အစီအစဉ်များကျင်းပပြီး နိုဝင်ဘာ ၂၇ ရက် ညနေပိုင်းတွင် တန်ဆောင်တိုင်ဖွင့်ပွဲပိတ်ပွဲ သီချင်းဆုရရှိသူများ၊ ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများနှင့် နေ့/ညလွှတ် မီးပုံးပျံပြိုင်ပွဲတွင်ဆုရရှိသူများကို ဆုချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

❍ *ကျောဖုံးမှ*

ယူ-၂၀ အသင်း၊ ဗီယက်နမ် ကလပ်ဟောင်အန်း ဂယ်လိုင်ယူ -၂၁အသင်း၊ တောင်ကိုရီးယား ယူ-၁၉ အသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၂၀ ရက်မှ ၂၄ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းမှာ အုပ်စုပွဲစဉ်များအဖြစ် နိုဝင်ဘာ ၂၂ ရက်တွင် တောင်ကိုရီးယား ယူ-၁၉၊ နိုဝင်ဘာ ၂၄ ရက်တွင် ဟောင်အန်းဂယ်လိုင် ယူ-၂၁တို့နှင့် ကစားရမည်။ အုပ်စုတတိယနေရာရအသင်းများ ကစားရမည့်အဆင့် (၅) နေရာလုပွဲနှင့် ဆီမီးပွဲစဉ် (၁)ကို နိုဝင်ဘာ ၂၆ ရက်၊ ဆီမီးပွဲစဉ်(၂)ကို နိုဝင်ဘာ ၂၇ ရက်၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို နိုဝင်ဘာ ၂၉ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၀ အသင်းတွင် အုပ်ချုပ်သူ ဦးတင်မြင့်အောင်၊ နည်းပြချုပ်-အဲရစ်ဝီလျံ၊ လက်ထောက်နည်းပြ-ဦးညီညီလတ်၊ ဂိုးနည်းပြ-ဦးယဉ်မင်းအောင်၊ အားကစားသမားများအဖြစ် **ဂိုး**-ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင် (MFF Youth)၊ **နောက်တန်း**-သိန်းဇော် (ဇွဲကပင်)၊ ထိုက်ထိုက်အောင် (ဧရာဝတီ)၊ နိုင်လင်းထွန်း(မကွေး)၊ နန်းဝေမင်း(ရန်ကုန်)၊ ရဲရင့်အောင်(ရတနာပုံ)၊ စိုးမိုးထွန်း(MFF Youth)၊ **အလယ်တန်း**-မောင်မောင်စိုး(မကွေး)၊ မျိုးကိုထွန်း(ရတနာပုံ)၊ ရန်နိုင်ဦး(ဇေယျာရွှေမြေ)၊ စွမ်းထက်အောင်(ရန်ကုန်လူငယ်)၊ မောင်မောင်လွင်၊ ကျော်ဇေယျ(ဟံသာဝတီ)၊ လှိုင်မျိုးအောင်(ကမ္ဘောဇ)၊ ဇင်ဖြိုးအောင်(ဇွဲကပင်)၊ အောင်မိုးသူ (MFF Youth)၊ **ရှေ့တန်း**-ရှိုင်းသူရ(ရတနာပုံ)၊ သန်းပိုင်(ရန်ကုန်)နှင့် သန်းဇော်ဟိန်း(မကွေး) တို့ပါဝင်ကြသည်။

## မျိုးစပါးအထွက်နှုန်းမှန်ကန်ရေး စံကွက်ရိတ်သိမ်း

**ကဝ နိုဝင်ဘာ ၁၈**

ကဝမြို့နယ် အမှတ် (၁) ရပ်ကွက်ကွင်းအမှတ် (၁၀၉၂-ခ)မစောဘုရားကွင်း ဦးပိုင်အမှတ် (၇၆) လယ်မြေ ၁ ဒသမ ၆၈ဧက တောင်သူဦးကိုကိုလွင် စိုက်ပျိုးထားသော ပုလဲသွယ်မျိုးစပါးအထွက်နှုန်းမှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက်က ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါစံကွက်မှ တစ်ဧကလျှင် ပျမ်းမျှ ၁၀၂ ဒသမ ၈၉ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



**အင်္ဂလန်-ပြင်သစ်ခြေစမ်းပွဲမကစားမီ ဗြိတိန်အိမ်ရှေ့မင်းသားဝီလျံ၊ ဗြိတိန်ဝန်ကြီးချုပ်နှင့် နှစ်နိုင်ငံနည်းပြများကို တွေ့ရစဉ်။**

❒ *ကျောဖုံးမှ*

အဆိုပါပွဲကို နှစ်နိုင်ငံ ပရိသတ်ပေါင်း ခုနစ်သောင်းကျော်လာရောက်ကြည့်ရှုပြီး ဗြိတိန်အိမ်ရှေ့မင်းသားဝီလျံ နှင့် ဗြိတိန်ဝန်ကြီးချုပ်တို့လည်း တက်ရောက်အားပေးသည်ကို တွေ့ရသည်။

ပွဲမစမီ ပါရီမြို့တိုက်ခိုက်ခံရမှုအတွင်း သေဆုံး၊ ဒဏ်ရာရသူများအတွက် အမှတ်တရပန်းစည်းကို ဘောလုံးကွင်းမြက်ခင်းပြင်ပေါ်သို့ မင်းသားဝီလျံကိုယ်တိုင်ချပေးပြီး နှစ်နိုင်ငံပရိသတ်များ၊ အားကစားသမားများ ငြိမ်သက်ဆုတောင်းပေးကြသည်။

ခြေစမ်းပွဲတွင် အင်္ဂလန်အသင်း၌ ဂိုး-ဂျိုးဟတ်၊ ကာဟေးလ်၊ စတုန်း၊ အယ်လီ၊ ရွန်းနီ၊ စတာလင်း၊ ဟယ်ရီကိန်း အစရှိသည့် အဓိက ကစားသမားများ ပါဝင်သလို ပြင်သစ်အသင်း၌ ဂိုး-လိုရစ်၊ ကိုဆီရယ်နီ၊ ဗာရာနီ၊ စနိုက်ဒါလင်း၊ မာရှယ်၊ ဘင်အာဇာ အစရှိသည့် လူငယ်ကစားသမားအများစုနှင့် ပွဲထွက်လာခဲ့ပြီး လူစားလဲမှုများလည်း အများအပြားပြုလုပ်ခဲ့သည်။ အင်္ဂလန်အနေဖြင့် ပြင်သစ်နှင့်ခြေစမ်းပွဲမတိုင်မီက စပိန်နှင့် ခြေစမ်းကစားခဲ့ရာ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ယခုပွဲအနိုင်ရရေး ကြိုးစားကစားသွားသည်ကို တွေ့ရသည်။

ပွဲအစတွင်နှစ်သင်းစလုံး အပြန်အလှန်ကစားနိုင်ခဲ့ပြီး အင်္ဂလန်အတွက် အဖွင့်ဂိုးကို ၃၉ မိနစ်တွင် အယ်လီက သွင်းယူပေးခဲ့သည်။ ပထမပိုင်းတွင် အင်္ဂလန်က တစ်ဂိုး-ဂိုးမရှိဖြင့် ပွဲကို ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်းတွင် အင်္ဂလန်အတွက် ဒုတိယဂိုးကို တိုက်စစ်မှူး ရွန်းနီက ပွဲချိန် ၄၈ မိနစ်တွင် လှလှပပကန်သွင်းယူခဲ့သည်။ **(အောက်ပုံ)** ပြင်သစ်အသင်းမှ ချေပဂိုးများ သွင်းနိုင်ရေးကြိုးစားသော်လည်း အင်္ဂလန်အသင်းကစားသမားများ ကာကွယ်ဟန့်တားနိုင်မှုကြောင့် ဂိုးမရခဲ့ပေ။ ပွဲအပြီးတွင် အင်္ဂလန်တို့ နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယင်းပွဲတွင် ပြင်သစ်အသင်းမှ မန်ယူတိုက်စစ်မှူး မာရှယ်မှာ ဒဏ်ရာရရှိခဲ့သည်။

ယူရို ၂၀၁၆ ကို ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်ထားသော အင်္ဂလန်အသင်းမှာ ခြေစမ်းပွဲကစားရာတွင် စပိန်ကိုရှုံးနိမ့်ခဲ့သော်လည်း ပြင်သစ်ကို အနိုင်ရရှိခဲ့သဖြင့် နည်းပြ ရွှိုင်ဟော့ဆင်အဖို့ စိတ်သက်သာရာရခဲ့သည်။

**သီဟ**



ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေကြမ်း လွှတ်တော်ကအတည်ပြု

နေပြည်တော် နိုဝင်ဘာ ၁၈

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ ဥပဒေကြမ်းနှစ်ခုနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်တစ်ခုတို့ကို မှတ်တမ်းတင်ခြင်း၊ ပူးပေါင်းကော်မတီ သက်တမ်းတိုးမြှင့်ခြင်းကို အသိပေးခြင်းနှင့် အစီရင်ခံစာနှစ်ခု ဖတ်ကြားခြင်းတို့ ဆောင်ရွက်သည်။**



အစည်းအဝေးတွင် **သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေ**ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် **ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်း**တို့ကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှပေးပို့သော ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စရပ်များကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီတို့ သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးကြောင်းသည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် **စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းကဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယ ခြောက်လပတ်အတွက် အမျိုးသားစီမံကိန်း ဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲမှု၊ မေခရိုစီးပွားရေးအခြေအနေ၊ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ရသုံးမှန်းခြေငွေစာရင်းအခြေအနေ၊ ဒေသန္တရစီမံကိန်းများ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ အထူးစီးပွားရေးဇုန်များ၊ ပြည်ပအကူအညီ အထောက်အပံ့ရရှိမှုနှင့် ပြည်ပစီးပွားရေး ဆက်ဆံမှုများစသည့် ခေါင်းစဉ်များဖြင့် အခန်း ၁၀ ခန်းခွဲ၍ ရှင်းလင်းတင်ပြကြသည်။

အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၏ လေ့လာသုံးသပ်ချက်အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောင်က ဖတ်ကြားတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းကို တင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နှင့် ဥရောပသမဂ္ဂသံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်အား ယနေ့နံနက် ၉ နာရီတွင် လည်းကောင်း**(ဝဲပုံ)**၊ ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာရိုလန်ကိုဘီယာအား ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ထွန်း၊ ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# လူမှုအကျိုးပြု မျိုးဆက်သစ်လူငယ်များ မွေးထုတ်ပေးရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေသည် ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ လာရောက်လေ့လာသည့် Phoenix Association မှ ဦးသီဟကြိုင်ဦးဆောင်သည့် လူငယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်သူ့လွှတ်တော်ဝင်းအတွင်းရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-4) ၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့်အတူ အတွင်းရေးမှူး ဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့ Phoenix Association မှ ဥက္ကဋ္ဌ ဦးသီဟကြိုင်နှင့်အတူ လူငယ်အဖွဲ့ဝင် ၁၄ ဦး တက်ရောက်ကြသည်။

လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌကကော်မတီအနေဖြင့် လူမှုဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခဲ့မှုများနှင့် လွှတ်တော်၏ဥပဒေပြုရေး လုပ်ငန်းဆောင်တာများကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကာ Phoe- nix Association မှ ဥက္ကဋ္ဌ ဦးသီဟကြိုင်ကလည်း ယင်းအဖွဲ့အစည်းပေါ်ပေါက်လာပုံ၊ လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လူမှုအကျိုးပြုမျိုးဆက်သစ်လူငယ်များအား ဆက်လက်မွေးထုတ်ပေးနိုင်ရေးအတွက် အကြံပြုဆွေးနွေးပေးပါရန်ပန်ကြားခဲ့ပြီး တက်ရောက်လာသူများက လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# သုံးခွမြို့ရှိ ရှစ်မျက်နှာစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပူဇော်ပွဲကျင်းပမည်

**သုံးခွ နိုဝင်ဘာ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ်(၄)ရပ်ကွက် မြို့မဈေးအနီးရှိ မြို့ကျက်သရေဆောင် ရှစ်မျက်နှာ စေတီတော်မြတ်ကြီး၏ (၃၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မသိုးရွှေကြားသင်္ကန်း ရက်လုပ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၅ ရက် (တန်ဆောင်မုန်းလဆန်း ၁၄ ရက်) ည ၇ နာရီတွင် ဘုရားရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်္ကန်းရက်လုပ်ပြိုင်ပွဲကို စင်တော်ခြောက်စင်မှ ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်မတက်မီ ချုပ်လုပ်ပြီးသော အဆိုပါသင်္ကန်းများကို ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် စေတီရံများကို ဂေါပကအဖွဲ့ကဦးဆောင်၍ အလှူရှင်များကိုယ်တိုင် ဆက်ကပ်လှူဒါန်းပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၈

**နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။**

**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။** (မိုး/ဇလ)

# ကျောက်ထုဒေသလမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေသည့် ရေကျော်တံတား

**ကျောက်ထု နိုဝင်ဘာ ၁၈**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ ပဆုပ်ကျေးရွာနှင့် ကံအိုးကျေးရွာတို့သည် ကျေးရွာသွားမြေသားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်သည့်အပြင် ယခုနှစ်တွင် အဆိုပါလမ်း ပဆုပ်ချောင်း၌ ရေကျော်တံတားဆောက်လုပ်ထားကြောင်း သိရသည်။

အဆိုပါရေကျော်တံတားကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၄၀ ဖြင့် အလျား ၁၆ ပေ၊ အနံ ၁၂ ပေ၊ အမြင့်ရှစ်ပေဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ပြီး ယခင် မိုးရာသီ၌ ပဆုပ်ချောင်းရေစီးကြမ်း၍ သွားလာမှုခက်ခဲခဲ့ရာမှ ယခုအခါ အဆိုပါကျေးရွာများကို ရာသီမရွေးလွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည့်အတွက် ပဆုပ်၊ ကံအိုးကျေးရွာများသာမက အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများပါ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ (၁၀၁)

ပြည်သူ့လွှတ်တော်အစည်းအဝေး

# တစ်နိုင်ငံလုံးတွင် ရေသိုလှောင်ရေးလှုပ်ရှားမှုကို အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၏ဦးဆောင်မှုဖြင့် စီမံချက်များရေးဆွဲဖော်ဆောင်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **မြန်မာနိုင်ငံအတွင်း ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို မထိခိုက်စေရန် မည်ကဲ့သို့ အစီအမံများ ချမှတ်လုပ်ဆောင်နေမှုနှင့် အမျိုးသားရေသိုလှောင်ရေးလှုပ်ရှားမှု (National Water Harvesting Campaign-NWHC) ကို မည်သို့ အကောင်အထည်ဖော်မည်ကို** မေးမြန်းရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက စိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်သည့် ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံများထိခိုက်ပျက်စီးမှုကို လျော့နည်းသက်သာစေရန်အတွက် လွန်ခဲ့သည့် သုံးနှစ်ခန့်မှစတင်ပြီး သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများတွင် ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိပြီး ရေလိုအပ်ချက်နည်းပါးသည့် သက်လျင် စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးစေခြင်းအပါအဝင် အခြားနည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြေကြားစဉ်။

ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လာပါက စိုက်ပျိုးရေအခက်အခဲမရှိစေရန်အတွက်လည်း တည်ဆောက်ထားပြီးသော ရေလှောင်တမံနှင့် ရေထိန်းအဆောက်အအုံများ လုံခြုံစိတ်ချရစေရေးအတွက် လိုအပ်ချက်များ ပြင်ဆင်ဆောင်ရွက်ခြင်းအပြင် လိုအပ်သောဆောင်ရွက်မှုများကို လုပ်ဆောင်လျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးတွင် အမျိုးသား ရေသိုလှောင်ရေးလှုပ်ရှားမှုကို အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ဦးဆောင်မှုဖြင့် စီမံချက်များရေးဆွဲ၍ ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင်က **ပင်လယ်ရေနစ်ဒဏ်ခံနိုင်ရည်ရှိသော စပါးမျိုးစေ့တစ်မျိုးကို အောင်မြင်စွာ စမ်းသပ်တီထွင်နိုင်ခဲ့ခြင်းဆိုသည်မှာ မှန်ပါသလား၊ ၎င်းစပါးမျိုးစေ့၏ အရည်အသွေး အချက်အလက်များကို စုံလင်စွာ သိရှိလိုခြင်းနှင့် ရေငန်ဝင်ရောက်၍ စပါးပျက်စီးရသောမြို့နယ်၊ ဒေသအားလုံးတို့အား အဆိုပါ စပါးမျိုးစေ့ကို ဖြန့်ဝေပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍** မေးမြန်းရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး



ဝမ်းတွင်း မဲဆန္ဒနယ်မှ ဦးသန်းမြင့် မေးမြန်းစဉ်။

ဦးအုန်းသန်းက စိုက်ပျိုးရေး သုတေသနဦးစီးဌာနသည် ဆားငန်ဒဏ်ခံနိုင်ရည်ရှိသော အထွက်ကောင်း စပါးမျိုးများ ထုတ်လုပ်ခြင်းကို အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) နှင့် ထိုင်းနိုင်ငံ ဇီဝနည်းပညာဌာနတို့ဖြင့် ပူးပေါင်း၍ သုတေသနပြု စမ်းသပ်ထုတ်လုပ်လျက်ရှိပါကြောင်း၊ သုတေသနလုပ်ငန်းများကို ဒေသအလိုက်၊ မျိုးအလိုက် စမ်းသပ်လေ့လာမှု အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ဆားငန်ဆင်းသွယ်လတ် စပါးမျိုးနှင့် ၂၀၁၄ ခုနှစ်တွင် ပြည်မြန်မာစိန်ဆိုသည့် ဆားငန်စပါးမျိုး နှစ်မျိုးကို စတင်ဖြန့်ဖြူးခဲ့ပါကြောင်း၊ ၎င်းစပါးမျိုးများအတွက် အခြေခံမိဘမျိုးစေ့ ထုတ်လုပ်ခြင်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံဌာနခွဲမှ နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး ဆင့်ပွားမျိုးစေ့နှင့် မျိုးသန့်မျိုးပွား မျိုးစေ့ထုတ်လုပ်ခြင်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ မြောင်းမြ သုတေသနခြံနှင့် သရောင်းချောင်းမျိုးစေ့ခြံ၊ အောက်ကွင်းကြီးမျိုးသန့်ခြံများတွင် မျိုးစေ့အဆင့်ပွားများ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ဥပဒေကြမ်းပူးပေါင်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းပြီး အဆိုပါ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# အမျိုးသားလွှတ်တော် တတိယနေ့ဆက်လက်ကျင်းပ၊ ဥပဒေကြမ်းသုံးခုဆွေးနွေးခြင်းနှင့် ဥပဒေကြမ်းတစ်ခုတင်သွင်းခြင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ဥပဒေကြမ်း သုံးခုဆွေးနွေးခြင်းနှင့် ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေးတွင် **၁၉၄၉ ခုနှစ် ပြည့်တန်ဆာ နှိပ်ကွပ်ရေးအက်ဥပဒေ**ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၃)မှ ဦးဖုန်းမြင့်အောင်က ယခုကျင့်သုံးနေသည့် အက်ဥပဒေသည် ခေတ်စနစ်နှင့် လျော်ညီခြင်းမရှိသည့်အတွက် ပြည့်တန်ဆာလုပ်ငန်းကို ခေတ်စနစ်နှင့် ကိုက်ညီသည့် ဥပဒေသစ်ရေးဆွဲ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးရာ လွှတ်တော်ဥပဒေကြမ်းကော်မတီ၌ ပြန်လည်ကြားနာရန် ဆုံးဖြတ်သည်။

ဆက်လက်၍ **နည်းပညာနှင့် သက်မွေးပညာရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာဇညားအောင်မိုးက နည်းပညာနှင့် သက်မွေးပညာကို ပညာရပ်ပိုင်းဆိုင်ရာ ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်များတွင် အဓိကထားသင်ကြားခဲ့သော်လည်း ပြည်သူအများစုသည် စိုက်ပျိုးမွေးမြူရေးတွင် မိရိုးဖလာနည်းမှ မထွက်နိုင်သေးသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ဥပဒေကြမ်း၌ နိုင်ငံသားတိုင်း နည်းပညာနှင့် သက်မွေးပညာသင်ယူခွင့်ရရှိရန်၊ အခြေခံပညာရေးဌာနနှင့် ပူးပေါင်း



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးစဉ်။

ဆောင်ရွက်ရန်စာပိုဒ်ကိုဖြည့်စွက်သင့်ပါကြောင်း ဆွေးနွေးရာ လွှတ်တော် ဥပဒေကြမ်းကော်မတီ၌ ပြန်လည်ကြားနာရန် ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် **အခြေခံပညာရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၈)မှ ဦးရှုမောင်က မူလဥပဒေ၏ အပိုဒ်(၂)တွင် ပါရှိသည့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးသည့် အခြေအနေများ ဖွံ့ဖြိုးတိုးတက်အောင်ဆိုသည့် စကားရပ်ကို စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးသည့်အခြေအနေများဆိုသည့် စကားရပ်ဖြင့် အစားထိုးသင့်ပါကြောင်း၊ ယခုဥပဒေကြမ်းတွင် ပြင်ဆင်ဖော်ပြထားသည့် ပံ့ပိုးဆိုသော စကားလုံးကို သင့်လျော်ရာစကားလုံးနှင့် ပြောင်းလဲသုံးစွဲသင့်ပါကြောင်း ဆွေးနွေးရာ လွှတ်တော်ဥပဒေကြမ်းကော်မတီ၌ ပြန်လည်ကြားနာရန်



မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၇)မှ ဒေါက်တာဇညားအောင်မိုး ဆွေးနွေးစဉ်။

ဆုံးဖြတ်သည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် **လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီက ဖတ်ကြားတင်သွင်းရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို နိုဝင်ဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# လယ်ယာ၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ၉၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၈

**မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍတွင် ၂ ဒသမ ၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၁၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍတွင် ၉ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဒုတိယခြောက်လပတ် အစီရင်ခံစာအရ သိရသည်။**

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဒုတိယခြောက်လပတ် အစီရင်ခံစာကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် လွှတ်တော်သို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ရှင်းလင်းတင်ပြခဲ့ခြင်းဖြစ်သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဒုတိယခြောက်လပတ် အစီရင်ခံစာသည် ၂၀၁၄ ခုနှစ် အောက်တိုဘာလမှ ၂၀၁၅ ခုနှစ်



ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း ရှင်းလင်းတင်ပြစဉ်။

မတ်လကုန်အထိ ခြောက်လတာ အကောင်အထည်ဖော်မှုအခြေအနေကို တင်ပြခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများ အကောင်အထည်ဖော်မှုအနေဖြင့် လယ်ယာကဏ္ဍတွင် ၉၇ ဒသမ ၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၉၉ ဒသမ ၇ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍတွင် ၁၀၄ ဒသမ ၃ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ကြောင်း ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ရှင်းလင်းခဲ့သည်။

လယ်ယာ၊ စွမ်းအင်၊ စက်မှု၊ လျှပ်စစ်နှင့် ကုန်သွယ်မှုကဏ္ဍများတွင် ၉၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပြီး အခြားကဏ္ဍများတွင်လည်း ရည်မှန်းချက်ကို ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း အဆိုပါ အစီရင်ခံစာအရ သိရသည်။

ထို့ပြင် နိုင်ငံ၏ ဂျီဒီပီတွင် စီးပွားရေးကဏ္ဍမှ ပါဝင်မှုကို ဖော်ပြထားရာ လယ်ယာကဏ္ဍသည် နိုင်ငံဂျီဒီပီ၏ ၃၀ ဒသမ ၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍသည် နိုင်ငံဂျီဒီပီ၏ ၃၄ ဒသမ ၆ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍသည် ၃၄ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်ကြောင်း သိရသည်။ **ရှင်မင်း**

*✻ ရှေ့ဖုံးမှ*

အကြောင်းအရာတွေကိုဖော်ပြပေးနေသလို ဗုဒ္ဓဘာသာနဲ့ပတ်သက်တဲ့ သမိုင်းကြောင်းနဲ့ ယဉ်ကျေးမှုတွေကိုလည်း ဖော်ပြပေးနေတဲ့အတွက် ကမ္ဘာက တန်ဖိုးထား အသိအမှတ်ပြုခြင်းခံထားရတဲ့ သမိုင်းတန်ဖိုးကြီးမားလှတဲ့ ကျောက်စာချပ်တွေအဖြစ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

ကုသိုလ်တော်ဘုရားသည် မင်းတုန်းမင်းကြီးက ၁၈၅၉ခုနှစ်တွင် စတင်တည်ဆောက်လှူဒါန်းခဲ့သော မဟာလောကမာရဇိန်ဘုရားကြီးကို ခေါ်ဆိုခြင်းဖြစ်ပြီး ဘုရားကြီးကို မဟာရံတံတိုင်းသုံးထပ်ဖြင့် ကာရံထားကာ ပဉ္စမသင်္ဂါယနာတင်ပိဋကတ်တော်များကို ကျောက်စာချပ် ၇၂၉ ချပ်ဖြင့် ကျောက်ထက်ကမ္ပည်းအက္ခရာတင်၍ ကျောက်ချပ်တစ်ချပ်ချင်းစီကို ကျောက်စာ ရုံများအတွင်း ထည့်သွင်းလျက် ကုသိုလ်တော်ဘုရားဝင်းအတွင်း ယနေ့တိုင် စိုက်ထူထားရှိခဲ့ခြင်းဖြစ်သည်။

ကုသိုလ်တော်ဘုရားကျောက်စာသည် ယနေ့အချိန်အခါတွင် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးအဖြစ် ထင်ရှားလျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင်များနှင့် ဗုဒ္ဓဘာသာကိုလေ့လာလိုက်စားသူများအတွက် အတုမရှိသော တန်ဖိုးထားရသည့် ပိဋကတ်တော်များဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

စာပေမြင့်မှ လူမျိုးတင့်မည်

# ရေဘေးသင့်ဒေသများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၁၅ ခုနှစ် ဇွန်လမှ အောက်တိုဘာလအထိ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ထိုသို့ လှူဒါန်းရာတွင် နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်၌ကျင်းပရာ Myanmar Land and Development Co.,Ltd. မှ ငွေကျပ်သိန်း ၁၀၀၊ အမှတ်(၁) ကာကွယ်ရေးပစ္စည်းစက်ရုံ၊ အရာရှိစစ်သည်များမိသားစုက ငွေကျပ် ၁၁ သိန်းနှင့် ဦးအောင်လင်း-ဒေါ်ခင်သန်းနွဲ့ ဆရာခို ဓော်ဓံ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ရန်ကုန်မြို့မှ ငွေကျပ်သိန်း ၂၀ တို့ကိုပေးအပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်ကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



# လူနာများ အထောက်အကူပြုစေရန် ရန်ကုန်ဆေးရုံကြီးနှင့် ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီးသို့ လူနာတင်ယာဉ်များလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၈**

ခုတင် ၁၅၀၀ဆံ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ နေ့စဉ်လူနာ ၁၆၀၀ ခန့် လာရောက်ကုသလျက်ရှိသည်။ ပြင်ပလူနာဌာန၌ နေ့စဉ်လူနာဦးရေ ၁၀၀၀ ခန့် လာရောက်ကုသနေသည့်အနက် လူနာ ၂၀၀ သည် ဆေးရုံတက်ရောက်ကုသသူများဖြစ်ကြောင်း သိရသည်။

ဝေဒနာရှင်ပြည်သူများအတွက် အထောက်အကူပြုစေရန် Asia Express Group of Co.,Ltd. က ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လူနာတင်ယာဉ်နှစ်စီးနှင့် ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံသို့ နှစ်စီး စုစုပေါင်း လူနာတင်ယာဉ်လေးစီးကို ယနေ့နံနက်ပိုင်းက ရန်ကုန်ပြည်သူ့ဆေးရုံ Training Center ၌ ပေးအပ်လှူဒါန်းသည်။



ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ခုတင် (၅၀၀) ဆံ့ အထူးကုဆေးရုံသို့ လှူဒါန်းသည့် လူနာတင်ယာဉ်များ။
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ယနေ့လှူဒါန်းသည့် ဂျပန်နိုင်ငံထုတ် တိုယိုတာ လူနာတင်ယာဉ်လေးစီး၏ တန်ဖိုးမှာငွေကျပ် သိန်း ၁၀၀၀ ဖြစ်ပြီး လူနာတင်ယာဉ်အတွင်း စက်ပစ္စည်း ကိရိယာအစုံအလင် ပါဝင်ကြောင်း သိရသည်။ လက်ရှိတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လူနာတင်ယာဉ်ကိုးစီးဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေ့စဉ် တက်ရောက်ကုသနေသည့်လူနာများ များပြားနေသည့်အတွက် သက်သောင့်သက်သာ လွယ်ကူအဆင်ပြေစေရန်နှင့် လူနာကုသရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်လှူဒါန်းရခြင်းဖြစ်ကြောင်း အလှူရှင်ဖြစ်သည့် Asia Express Group of Co.,Ltd. ဥက္ကဋ္ဌ ဦးမောင်မောင်က ပြောသည်။

ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွဋ်က " အခု ပြည်သူ့ဆေးရုံကြီးတွေကိုအဆင့်မြှင့်ပြီး ပြည်သူတွေ ပြည့်ပြည့်ဝဝစောင့်ရှောက်မှုပေးနိုင်အောင် နိုင်ငံတော်က ငွေကြေး၊ ပစ္စည်းကိရိယာတွေ၊ ပညာရှင်တွေဖြင့် ခန့်ထားဆောင်ရွက်ပေးနေသလို ပြည်သူတွေက ပူးပေါင်းပါဝင်ကူညီပေးတာကြောင့် ကျေးဇူးတင်ဝမ်းမြောက်မိပါတယ်။ အထူးကုဆေးရုံကြီးမှ အနယ်နယ်အရပ်ရပ်က ကုသဖို့ခက်တဲ့လူနာတွေကို နောက်ဆုံးအနေနဲ့ ကုသဆောင်ရွက်ပေးနေရတဲ့ဆေးရုံပါ။ တချို့တွေကို နိုင်ငံတကာနဲ့ပူးပေါင်းပြီး ကုသမှုတွေလည်းရှိပါတယ်။ ဒ့ါအပြင့် အခြားဆေးရုံတွေနဲ့ပူးပေါင်းပြီး လူနာကိုကျန်းမာရေးကုသစောင့်ရှောက်တာမျိုးတွေလည်း ရှိပါတယ်။ လူနာ

**သတင်း - ဝင်းဝင်းဇော်**

တစ်ယောက်က ကလီစာတစ်ခုတည်းမှာ ရောဂါဖြစ်တာမဟုတ်ဘဲ ရောဂါတွေထဲမှာ ဆီးချို၊ သွေးတိုး၊ နှလုံး စတာမျိုးတွေ ပါရှိတတ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဆရာဝန်တွေနဲ့ ပူးပေါင်းပြီး ကုသရတာကြောင့် အခုလို လူနာတင်ယာဉ်တွေက လိုအပ်ပါတယ်။ ဒ့ါအပြင် လက်ရှိရန်ကုန်မြို့မှာ ယာဉ်ကြော ကျပ်တည်းမှုတွေဖြစ်နေတဲ့အချိန်မှာ လူနာတင်ယာဉ်များများ ပိုလိုအပ်ပါတယ်" ဟု ဆိုသည်။

အခမ်းအနားတွင် အလှူရှင်က ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်ဟန်ထံ လူနာတင်ယာဉ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်လင်းလင်းတင် ဦးဆောင်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၇ ရက်က ပျဉ်းမနားမြို့ရှိ အမှတ်(၆) ဘုန်းတော်ကြီးပညာသင်ကျောင်း ရတနာမုန်ကျောင်းတိုက်၌ ပညာသင်ကျောင်းသားကျောင်းသူ ၉၇ ဦးအတွက် အနွေးထည်၊ ဆေးဝါးနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# ၂၄ နာရီ ဖွင့်လှစ်ကုသပေးမည့် ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ် သထုံ၌ဖွင့်

**သထုံ နိုဝင်ဘာ ၁၈**

မွန်ပြည်နယ် သထုံမြို့နယ်၌ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ်ကြီးကို နိုဝင်ဘာ ၁၈ ရက် နံနက်ကဖွင့်လှစ်ခဲ့ပြီး ခေတ်မီတိုင်းရင်းဆေးနည်းပညာများ အသုံးပြုကာ ဒေသတွင်းမှဝေဒနာရှင်များအား ၂၄ နာရီလုံး ဖွင့်လှစ်ကာ အခမဲ့ကုသပေးသွားမည်ကြောင်း သိရသည်။

"ဆေးရုံကို ၂၄ နာရီလုံးဖွင့်ထားပြီးတော့ ပြင်ပလူနာ၊ အတွင်းလူနာတွေကို ကုသပေးသွားမယ်။ မှုခင်းလူနာနဲ့ ကူးစက်ရောဂါစတာတွေကိုတော့ သက်ဆိုင်ရာဆေးရုံတွေကို ညွှန်းပို့ပေးမှာပါ။ ဒီဆေးရုံမှာ တက်ရောက်ကုသသူတွေအနေနဲ့ ဆေးရုံတက်ရောက်ကုသတဲ့စရိတ်ပေးစရာမလိုဘဲ အခမဲ့ဝန်ဆောင်မှုပေးသွားမှာပါ" ဟု မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါဆေးရုံကို ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ပြည်နယ်တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူး ဒေါ်သန်းသန်းမြင့်က ဆေးရုံတည်ဆောက်ခဲ့မှုနှင့် ဖွင့်လှစ်မှု အခြေအနေများကို ရှင်းလင်းပြောကြားကာ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများကို ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များ ပေးအပ်ခဲ့သည်။

"တိုင်းရင်းဆေးက ဘေးထွက်ဆိုးကျိုးနည်းတယ်။ ဆေးဖက်ဝင်အပင်တွေက သဘာဝအတိုင်း ဖော်စပ်ထားပြီးတော့ ရေရှည်အသုံးပြုလို့ကောင်းတယ်လို့မြင်တယ်။ ဒ့ါကြောင့် အနောက်တိုင်းဆေးတွေထက်ပိုပြီး ယုံကြည်စိတ်ချတယ်။ ခုလို တိုင်းရင်းဆေးနည်းပညာနဲ့ ကုသပေးတဲ့ ဆေးရုံကို မျှော်လင့်နေတာကြာပါပြီ" ဟု ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဖြူက ပြောသည်။

အဆိုပါဆေးရုံမှာ အလျား ၁၂၄ ပေ၊ အနံ ၆၄ ပေ အာစီရ်တစ်ထပ်အဆောက်အအုံဖြစ်ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က စတင်ဆောက်လုပ်ခဲ့ကာ ၂၀၁၅ ခုနှစ် မတ်လက တည်ဆောက်ခြင်းလုပ်ငန်းများပြီးစီးပြီး ငွေကျပ် သိန်းပေါင်း ၂၁၅၀ ကုန်ကျခဲ့သည်။ ယင်းဆေးရုံနှင့်အတူ အာရ်စီလေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာတစ်ခုကိုလည်း ငွေကျပ်သိန်းပေါင်း ၃၁၅၀ အကုန်အကျခံကာ တည်ဆောက်ထားပြီးဖြစ်ကြောင်း တိုင်းရင်းဆေးပညာဦးစီးဌာနက သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ပြန်လည်ထူထောင်ရေး ထောက်ပံ့ငွေများပေးအပ်

**မင်းတပ် နိုဝင်ဘာ ၁၈**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးမှုအများဆုံးဖြစ်သည့် မင်းတပ်မြို့နယ် ဟီးလောင်းအုပ်စုအတွင်းရှိ ဟီးလောင်းကျေးရွာ၊ ချွတ်ကျေးရွာ၊ ခုံအိမ်ကျေးရွာတို့၌ နေအိမ်များပျက်စီးသည့် ၂၄ အိမ်မှ ပြည်သူများအား နိုင်ငံတော်အစိုးရ၏အထောက်အပံ့ဖြင့် ပြန်လည်ထူထောင်ရေး ထောက်ပံ့ငွေများကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက မင်းတပ်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက ပေးအပ်ခဲ့သည်။

ဟီးလောင်းကျေးရွာမှာ တစ်ရွာလုံး ပြောင်းရွှေ့ရမည့် အခြေအနေရှိသဖြင့် ပြောင်းရွှေ့ရန်အတွက် ရွေးချယ်ထားသည့်မြေနေရာများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ သွားရောက်ကြည့်ရှုခဲ့သည်။ **ခရိုင် ပြန်/ဆက်**

# သစ်တောသယံဇာတအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထာဝစဉ်တည်တံ့စေရေးနှင့် ဂေဟစနစ်တည်ငြိမ်စေရေးဖော်ဆောင်ရန်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် နိုဝင်ဘာ ၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မင်းဝံတောင်တန်းပေါ်၌ Golden Hook Manufacturing Co., Ltd.က ဧရာဝတီမြစ်ရေတင်၍ စိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကနံ့သာဖြူ(စန္ဒကူး) စိုက်ခင်း ရှင်သန်အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေနှင့် အနီးဝန်းကျင်ရှိကျေးရွာများအား ရေပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညောင်ဦးဒေသ၌ ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ အထောက်အပံ့ဖြင့် Royal Tree Co., Ltd.က စိုက်ပျိုးတည်ထောင်လျက်ရှိသည့် သစ်တောစိုက်ခင်းတည်ထောင်ခြင်း စီမံကိန်းအပိုင်း(၄)ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

နိုဝင်ဘာ ၁၀ ရက်တွင် ညောင်ဦးမြို့နယ်အတွင်း JICA, KOICA, JIFPRO အဖွဲ့အစည်းများက တည်ထောင် စိုက်ပျိုးခဲ့သည့်စိုက်ခင်းဟောင်းများ ထိန်းသိမ်းဆောင်ရွက်မှု၊ တောင်တန်းစိမ်းလန်းစိုပြည်စေရေး ကွန်တိုလိုင်းအလိုက်မြေအင်္ဂါးထည့်သွင်း၍ စိုက်ပျိုးဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊



နိုဝင်ဘာ ၁၁ ရက်တွင် မကွေးတိုင်းဒေသကြီး ချောက်ရေနံမြေ၊ ရွှေပုံတောင်ဒေသ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးမှုအခြေအနေ၊ စိုက်ပျိုးပြီးသစ်ပင်များအား ရေပိုက်သွယ်တန်း၍ ရေပန်းများဖြင့် ရေလောင်းခြင်းတို့ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် ချင်းပြည်နယ် နတ်မတောင် အမျိုးသားဥယျာဉ် ထိန်းသိမ်းဆောင်ရွက်မှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

နတ်မတောင်(ဝိတိုရိယ) တောင်ထိပ်အမြင့်ပေ ၁၀၅၀၀ သို့ သဘာဝလမ်းကြောင်းများအတိုင်း တက်ရောက်နိုင်ပြီး ဒေသခံ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သစ်ခွမျိုးများ၊ ငှက်မျိုးစိတ်များနှင့် တောင်ပေါ် သဘာဝအလှရှုခင်းများကို အပန်းဖြေလေ့လာကြည့်ရှုနိုင်ရန်စီမံထားသည်။

ဧရာဝတီမြစ်ဝှမ်း၊ ရေဝေရေလဲဒေသ ထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက် သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ စိုက်ခင်းများ တည်ထောင်ခြင်း၊ ရေရရှိရေးအကောင်အထည်ဖော်ခြင်းနှင့် ထင်းအစား အခြားလောင်စာ သုံးစွဲရေးအတွက် စွမ်းအားမြင့် မီးဖိုများဖြန့်ဝေပေးခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် JICA, KOICA, JIFPRO စသည့်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ၁၉၉၆ ခုနှစ်မှစတင်၍ ယနေ့အထိ စုစုပေါင်းစိုက်ခင်း ဧက ၉၆၀၀ ကျော် တည်ထောင်စိုက်ပျိုးနိုင်သည့်အပြင် လက်ရှိဆောင်ရွက်ဆဲ KOICA စီမံကိန်းပတ်ဝန်းကျင် ကျေးရွာ ၁၀ ရွာ၌ ဒေသခံပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် ရေကန် ၁၀ ကန်တူးဖော်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မျက်မှောက်ကာလ၌ ကမ္ဘာကြီးပူနွေးလာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်း၊ ဇီဝမျိုးစုံမျိုး ကွဲများနှင့် ဂေဟစနစ်များ ပျက်စီးယိုယွင်းလာခြင်း၊ သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်ခြင်း၊ ရေ၊ မြေ၊ လေထုများ ညစ်ညမ်းလာခြင်းစသည့် ဒုက္ခမျိုးစုံကိုတွေ့ကြုံခံစားကြရမည်ဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သဘာဝအခြေခံကောင်းများကို အနာဂတ်မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းနိုင်ရေး ကြိုတင်မျှော်တွေး၍ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကို အချိန်မီကုစားနိုင်ရန်အတွက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင် ရွက်ရာ၌ နေရာဒေသအသီးသီး၌ နေထိုင်ကြသည့် ပြည်သူများက သိမြင်ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် လွန်စွာအရေးကြီးကြောင်း သိရသည်။

(သတင်းစဉ်)

# နိုင်ငံတကာစံနှုန်းနှင့် ညီညွတ်သည့် ရွှေဈေးကွက် မြန်မာနိုင်ငံ၌ ပေါ်ပေါက်လာရန် ကြိုးစားလျက်ရှိ

တွေ့ဆုံမေးမြန်း
ရိရိမြင့်၊ ဥမ္မာသန့်

ရန်ကုန် နိုဝင်ဘာ ၁၈

**ကမ္ဘာ့ရွှေဈေးကွက်တွင် လက်ရှိရွှေဈေးနှုန်းသည် အကျဘက်သို့ ဦးတည်လျက်ရှိသကဲ့သို့ မြန်မာ့ရွှေဈေးနှုန်းကလည်း အကျဘက်သို့ လိုက်ပါလျက်ရှိသည်။ သို့ဖြင့် လက်ရှိမြန်မာ့ရွှေဈေးနှုန်း အခြေအနေများနှင့် အနာဂတ်တွင် ဆက်လက်လှုပ်ခတ်နိုင်မည့် ရွှေဈေးနှုန်းအခြေအနေများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံရွှေဆိုင်)(ယာပုံ)နှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**မေး။ ပြီးခဲ့တဲ့လတွေက ရွှေဈေးနှုန်းနဲ့ ယနေ့ရွှေဈေးအခြေအနေ သိပါရစေ။**

ဖြေ။ ပြီးခဲ့တဲ့ နှစ်လလောက်က ပြည်တွင်း ရွှေဈေးကွက် ရှစ်သိန်းတစ်ထောင်၊ နှစ်ထောင်လောက်အထိတက်တယ်။ ကမ္ဘာ့ရွှေဈေးကလည်း တက်နေတဲ့အချိန်။ အဲ့ဒီအချိန်မှာ ရွှေကို ဝယ်စုတာတော့ရှိတယ်။ တချို့ကလည်း ရွှေကောက်ပွဲ အဆင်ပြေပါ့မလားဆိုတဲ့စိတ်နဲ့ ဝယ်စုကြတယ်။ ရွှေကောက်ပွဲနီးလာတော့ လူတွေက သိပ်မဝယ်ကြတော့ လက်ကားဈေးကွက်မှာ အရောင်းအဝယ် ပုံမှန်လောက် ဖြစ်သွားတယ်။ အဲ့ဒီအချိန်ကစပြီး ပြည်တွင်းရွှေဈေးကွက်စပြီး ကျလာတယ်။ ခုနစ်သိန်းကိုးသောင်းကနေ ခုနစ်သိန်း ခုနစ်သောင်းအထိ တဖြည်းဖြည်း တောက်လျှောက်ကျလာတယ်။ ရွှေကောက်ပွဲနားရောက်တော့ ခုနစ်သိန်း ခြောက်သောင်းဖြစ်သွားတယ်။ နိုင်ငံတကာရွှေဈေးကွက်လည်း ကျလာတယ်။ ရွှေကောက်ပွဲပြီးတဲ့အခါ ကမ္ဘာ့ရွှေဈေးထပ်ကျတယ်။ ပြည်တွင်းရွှေဈေးကွက်လည်း ဆက်တိုက်ကျတယ်။ နောက်ဆုံး ဘယ်လောက်အထိ ကျသလဲဆိုရင် ဒီနေ့ ခုနစ်သိန်းလေးသောင်း ငါးထောင်လောက်ဖြစ်သွားတယ်။



**မေး။ အနာဂတ် ရွှေဈေးအခြေအနေနဲ့ ပတ်သက်လို့ ဘယ်လိုခန့်မှန်းပါသလဲ။**

ဖြေ။ နိုင်ငံရဲ့ရွှေဈေးအတက်အကျက ဘယ်အချိန်ကစပြီး ပုံမှန်ဖြစ်သွားသလဲဆိုရင် သမ္မတကြီးဦးသိန်းစိန်လက်ထက် နိုင်ငံတကာငွေလဲနှုန်းကို တစ်ပြေးညီဖြစ်အောင်လုပ်လိုက်တယ်။ အရင်တုန်းကဆိုရင် FEC ဈေးနှုန်း၊ ငွေလဲနှုန်းတို့က တစ်မျိုး၊ နယ်စပ်က ငွေလဲတာတစ်မျိုး စသဖြင့် ဒေါ်လာငွေလဲနှုန်းအမျိုးမျိုးရှိတဲ့အခါ ကုန်ပစ္စည်းဈေးနှုန်းကစားတဲ့အခါ ဈေးနှုန်းပိုများသွားတယ်။ တစ်နိုင်ငံလုံးက ဗဟိုဘဏ်သတ်မှတ်နှုန်းနဲ့ အရောင်းအဝယ်လုပ်လို့ရတယ်။ Money Changer တွေလုပ်ပေးတယ်။ အဲ့ဒီနောက်ပိုင်း ဒေါ်လာငွေလဲနှုန်း တည်တည် ငြိမ်ငြိမ်လေးနဲ့ရှိပြီး ဈေးတက်စရာရှိလည်း ပုံမှန်လေးပဲ တက်သွားမယ်။ အရင်လို ဈေးတွေတက်လိုက်ကျလိုက် အလွန်ဟသွားတာမျိုးမရှိဘူး။ အဲ့ဒီနောက်ပိုင်းကစပြီး ရွှေဈေးနှုန်းလည်း တည်ငြိမ်လာတယ်။ ဝယ်တဲ့လူတွေကလည်း တည်တည်ငြိမ်ငြိမ်ရှိတယ်။ လက်ရှိဈေးကွက်မှာတော့ ဈေးကျလို့ ဝယ်တာလောက်ပဲရှိတယ်။ တကယ်လို့ ဈေးတက်ရင် ပြန်ရောင်းမယ်။ ဒီလိုအနေအထားနဲ့ပဲသွားတယ်။ နောက်ပိုင်း အနေအထားကတော့ ရွှေဈေးကတော့ ပုံမှန်ပဲ။ ကမ္ဘာ့ရွှေဈေးကွက်ပေါ် မူတည်ပြီးသွားမယ်။ ပြည်တွင်း ငွေလဲနှုန်းအပေါ် မူတည်ပြီးသွားမယ်။ အဲ့ဒီ အချက်နှစ်ချက်ပေါ် မူတည်ပြီးသွားမယ်လို့ ထင်ပါတယ်။

**မေး။ ကမ္ဘာ့ရွှေဈေးကွက်နဲ့ ပြည်တွင်း ရွှေဈေးကွက်မှာ ဈေးနှုန်းတက်ရိပ်ပြဖို့ရှိပါသလား။**

ဖြေ။ မီဒီယာတွေက အားကောင်းလာတဲ့အတွက် ယနေ့ ကမ္ဘာ့ရွှေဈေး ဘယ်လိုဖြစ်နိုင်လဲ၊ ဘယ်လိုဖြစ်မယ်ဆိုတာတွေ သိရတယ်။ ကမ္ဘာ့စီးပွားရေးက နိုင်ငံရေးတွေနဲ့ ပတ်သက်ဆက်နွှယ်နေတယ်။ ဒါတွေကိုလူတွေ အသိအမြင်များလာတဲ့အခါ ကမ္ဘာ့ရွှေဈေးဘာကြောင့်ကျတယ်။ ဘာကြောင့် မတက်နိုင်ဘူးဆိုတာ မီဒီယာတွေကြောင့် လူတွေသဘောပေါက်လာတယ်။ ရွှေဈေးက အတက်အကျ သိပ်မကြမ်းတော့ဘူး။ အဲဒီလိုမြင်တယ်။ လက်ရှိ ကမ္ဘာ့ရွှေဈေးက တက်ဖို့မရှိဘူး။ အမေရိကန်နိုင်ငံရဲ့ ဗဟိုဘဏ်မူဝါဒမှာ အတိုးနှုန်းမြှင့်ပေးမယ် ဆိုတာကလည်း အတိုင်းအတာတစ်ခု၊ ဒီဇင်ဘာလမှာ မြှင့်ပေးမယ်လို့ ပြောနေတာ သိရတယ်။ အဲ့ဒီအတွက် ရွှေဈေးသိပ်တက်ဖို့ အလားအလာ မရှိဘူး။ နောက်တစ်ချက်ကလည်း ကမ္ဘာ့နိုင်ငံတွေ အေပက်၊ G - 20 အစည်းအဝေးတွေမှာ စီးပွားရေးကိစ္စတွေ အားစိုက်ပြီးလုပ်လာတာ တွေ့ရတဲ့အတွက် အဓိကသတ္တုဈေးနှုန်းပါ။ သတ္တုဈေးနှုန်းတွေ ဒီထက်တည်ငြိမ်သွားအောင် ကြိုးပမ်းပြီး လုပ်နေတဲ့ သဘောလေးတွေလည်းတွေ့တယ်။ အဓိကကုန်ကြမ်းတွေ အသွားအလာအဆင်ပြေအောင် ဆွေးနွေးနေကြတာတွေ့တယ်။ ကမ္ဘာပေါ်မှာ ရွှေနဲ့ ပလက်တီနမ် ဈေးနှုန်းတွေ တည်တည်ငြိမ်ငြိမ်လေးပဲ သွားမယ့်သဘောရှိတယ်။ သိပ်တော့ မတက်နိုင်ဘူးလို့ ထင်ပါတယ်။ တချို့ မှန်းတာ ဒေါ်လာ ၁၀၀၀ ထက် ခပ်လျော့လျော့ဖြစ်သွားနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။ ကမ္ဘာ့ရွှေဈေး မတက်ဘဲ တောက်လျှောက် အဆင်းဘက်သွားနေမယ်ဆိုရင် ဒီနိုင်ငံလည်း ရွှေဈေးကျဖို့များပါတယ်။ နောက် ဒေါ်လာငွေလဲနှုန်းကလည်း ရင်းနှီးမြုပ်နှံမှုတွေဝင်လာပြီဆိုရင် ဒေါ်လာငွေလဲနှုန်း အထိုက်အလျောက် တည်ငြိမ်သွားမယ်ဆိုရင် နိုင်ငံမှာ ဒေါ်လာအဝင်အထွက် မျှနိုင်အောင် မူဝါဒတွေ ချပေးနိုင်မယ်ဆိုရင်ဒေါ်လာငွေလဲနှုန်းလည်းကြီးမယ် မထင်ဘူး။ ဈေးနှုန်းက အဆင်း၊ အတက်ထက် တည်ငြိမ်မယ့်ဘက် သွားမယ်လို့ထင်ပါတယ်။



**မေး။ အနာဂတ်မှာ ရွှေဈေးကွက် ပိုမိုအားကောင်းလာဖို့ ဘယ်လိုများ အကြံပြုဆွေးနွေးချင်ပါသလဲ။**

ဖြေ။ အရင်က ဈေးကွက်ကို အသင်းကမူဝါဒတစ်ခု အနေနဲ့ထိန်းသိမ်းပြီးလုပ်တယ်။ မူဝါဒတစ်ခုနဲ့ ထိန်းသိမ်းမယ်ဆိုရင် လက်တွေ့မှာ နိုင်ငံတကာရဲ့စံနှုန်း၊ နိုင်ငံတကာ လုပ်ပုံလုပ်နည်းတွေနဲ့ ကွဲပြားမှုတွေရှိတယ်။ ဒါပေမယ့် အဲ့ဒီအချိန်က လုပ်လို့ရတယ်။ သမ္မတကြီးလက်ထက်မှာ ဈေးကွက်တွေ ဖွင့်လိုက်တဲ့အတွက် နိုင်ငံတကာလုပ်ပုံလုပ်နည်းနဲ့ ပိုနီးစပ်အောင် ကြိုးစားရမယ့်သဘောရှိတယ်။ ကြိုးစားပြီးလုပ်တဲ့အတွက် နိုင်ငံတကာကို ဝင်ဆံ့နိုင်မယ်။ ဒါမှလည်း ဈေးကွက်အနေအထား တည်တည်ငြိမ်ငြိမ်လေးသွားလို့ရမယ်။ မြန်မာနိုင်ငံမှာ ရွှေနဲ့ပတ်သက်တဲ့ ဈေးကွက်တစ်ခုကို နိုင်ငံတကာ စံချိန်စံနှုန်းပုံစံမျိုးလုပ်ဖို့ ကြိုးစားနေတယ်။ အထိုက်အလျောက်တော့ သက်ဆိုင်ရာကို တင်ပြခဲ့တာရှိတယ်။ နိုင်ငံတကာမှာ သူများတွေ ဘယ်လိုလုပ်သလဲ၊ အဲလိုလုပ်ရင် ဘယ်လိုအကျိုးတွေရှိလဲ၊ အပြစ်ကဘာရှိလဲ၊ နိုင်ငံမှာ လက်ရှိလုပ်နေတဲ့ အနေအထား အသစ်တွေဘာတွေရှိလဲ၊ အကျိုးရောဘာတွေရှိလဲစသဖြင့် နှိုင်းယှဉ်ပြီး ဝန်ကြီးဌာနတွေ တင်ပြလိုက်တဲ့အခါနိုင်ငံတော်ဘက်ကလည်းဈေးကွက်ပေါ်လာဖို့ အားပေးတယ်။ ဒါပေမယ့် စီးပွားရေးနဲ့ပတ်သက်တဲ့ ဥပဒေတွေ အသေးစိတ်မလုပ်နိုင်သေးဘူး။ ရွှေဈေးကွက်ပေါ်လာဖို့ ဥပဒေတွေ မလုပ်နိုင်သေးဘူး။ အနာဂတ်မှာ ဒီဈေးကွက်ကို ဖော်နိုင်မယ်လို့ မျှော်လင့်တယ်။ ဒါဆိုရင် နိုင်ငံရဲ့ သယံဇာတကို ထိန်းသိမ်းလို့ရသွားမယ်။ နိုင်ငံတကာဈေးကွက်မှာ ဝင်ဆံ့သွားမယ်။ နည်းပညာပိုရမယ်။ အလုပ်အကိုင်တွေလည်းရလာမယ်။ အများကြီး ဖြစ်လာစရာအကြောင်းတွေရှိတယ်။ ဒီအတွက် ကြိုးစားနေတယ်။ နိုင်ငံမှာ ရွှေကို ကန့်သတ်ကုန်အနေနဲ့ သတ်မှတ်ထားတာရှိတယ်။ ကန့်သတ်ထားသော်လည်း အသင်းမှာ လက်တွေ့အရောင်းအဝယ် လုပ်ကြတယ်။ နယ်စပ်မှာလည်းအရောင်းအဝယ်လုပ်တယ်။ နိုင်ငံတကာမှာလည်းသူ့နည်းသူ့ဟန်နဲ့ အရောင်းအဝယ်ထွက်နေတယ်။ အရောင်းအဝယ်ထွက်နေတဲ့အတူတူ တရားဝင်နည်းလမ်းနဲ့ စည်းမျဉ်းစည်းကမ်းနဲ့ဘယ်လိုသတ်မှတ်ပြီး လုပ်ပေးရင် ပိုကောင်းမလဲ၊ ဖြစ်သင့်တာတွေကို တင်ပြထားတာရှိတယ်။ ကန့်သတ်ကုန်ကို ဘယ်လိုဖြေလျှော့ သင့်သလဲဆိုတာ အသင်းမှာ ဆွေးနွေးပြီးပြီ။ အနာဂတ်မှာ တင်ပြချက်တွေကို လုပ်ပေးမယ်ဆိုရင် ရွှေဈေးကွက်က ပိုတည်ငြိမ်သွားမယ်။ ပြည်သူတွေလည်း ပိုချမ်းသာမယ်။ ချမ်းသာနိုင်မယ့် နည်းလမ်းကတော့ ကိုယ့်နိုင်ငံကထွက်တဲ့ သယံဇာတတွေကို စနစ်တကျ ထိန်းသိမ်းလို့ရတဲ့အပြင် ချမ်းသာမှုက သူများလက်ထဲ ရောက်မသွားဘူး။ အဲဒါဆိုရင် ရွှေလောကကြီးလည်း ဖွံ့ဖြိုးတိုးတက်သွားမယ်။ လူတွေလည်း ချမ်းသာလာမယ်။ ဒီလိုပုံစံမျိုးနဲ့ ဈေးကွက်ဖန်တီးချင်တယ်။

ကျေးဇူးတင်ပါတယ်။ ။

သတင်းတိုများ

## ကျိုက်ထိုမြို့နယ်အတွင်း လမ်း၊ တံတား၊ မီးလင်းရေး၊ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေများဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျိုက်ထိုမြို့နယ်အတွင်းဆောင်ရွက်သော လမ်းလုပ်ငန်း၊ တံတားလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်း၊ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ပြီးစီးမှုနှင့် လုပ်ငန်းအရည်အသွေးများကို မွန်ပြည်နယ် စိုက်ပျိုး/မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်၊ ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးကြည်၊ သထုံခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်း၊ ကျိုက်ထိုမြို့နယ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဝင်းနှင့် အဖွဲ့တို့သည် နိုဝင်ဘာလ ဒုတိယပတ်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ကော့သောင်းမြို့၌ တန်ဆောင်တိုင် ဗုဒ္ဓပူဇနီယပွဲတော်နှင့် စတုဒိသာအလှူပွဲ ကျင်းပမည်

မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြို့လုံးကျွတ် ပါဝင်ဆင်နွှဲကြသည့် တန်ဆောင်မုန်းလ ဗုဒ္ဓပူဇနီယပွဲတော်နှင့် စတုဒိသာအလှူပွဲကို ကော့သောင်းမြို့မ လူငယ်အဖွဲ့က တန်ဆောင်မုန်းလပြည့်ညမတိုင်မီ တစ်ရက်အလို နိုဝင်ဘာ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ စတုဒိသာနိဗ္ဗာန်ဈေး ကျွေးမွေးလှူဒါန်းပွဲတွင် မြို့ပေါ်ရပ်ကွက်များမှ စေတနာရှင်အလှူရှင်များ၊ ရပ်မိရပ်ဖ မြို့သူမြို့သားများက မြို့အချက်အချာ စုပေါင်းရုံးလမ်းတစ်လျှောက် မြန်မာ့ရိုးရာအစားအစာများ၊ မြန်မာ့မုန့်ပဲသရေစာများကို ညနေပိုင်းမှစတင်ကာ ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**



## ကျဆုံးစစ်သည်များ၏ မိသားစုဝင်များအား ထောက်ပံ့

ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၂၆၆) ခြေလျင်တပ်ရင်းမှ ကျဆုံးစစ်သည်များ၏ မိသားစုဝင်များအတွက်ထောက်ပံ့ငွေပေးအပ်ပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက စစ်ဗျူဟာအခြေချ(ဟားခါး) အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ဝါဝါတို့က ကျဆုံးစစ်သည်များ၏ မိသားစုဝင်များအတွက် အလှူငွေကျပ် ၅၁၈၆၀၀၀ ကို ပေးအပ်လှူဒါန်းရာ တပ်ရင်းမှူးနှင့်ဇနီးတို့က လက်ခံယူပြီး တပ်ရင်းမှူးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**



မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ သန်လျင်မြို့နေ ဦးကျော်ဝင်း(ကျားပျံရေခဲစက်)မိသားစုက အလှူငွေကျပ် တစ်သိန်းကို နိုဝင်ဘာ ၁၈ ရက်က ပေးအပ်လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်း(သန်လျင်)က လက်ခံယူစဉ်။ (မြန်မာ့အလင်း)

## ပဲခူးမြို့၌ ပဥ္စမအကြိမ်မြောက် မီးပုံးပျံလွှတ်တင်၍ စတုဒိသာကျွေးမွေးလှူဒါန်းမည်

ပဥ္စမအကြိမ်မြောက် ပဲခူးတန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပွဲနှင့် စတုဒိသာကျွေးမွေးလှူဒါန်းပွဲကို နိုဝင်ဘာ ၂၅ ရက်မှ ၂၆ ရက်ထိ နှစ်ရက်တိုင်တိုင် ပဲခူးမြို့ရှိ ရွှေမော်ဓောဆုတောင်းပြည့်စေတီတော်မြတ်ကြီးရှိ ယာဉ်ရပ်နားစခန်းဝင်း၌ ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၈**

အခြေခံပညာကျောင်းပေါင်းစုံ လူသစ်တန်း ခရစ်ကက်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကို နိုဝင်ဘာ ၁၈ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ရွှေပင်လုံ အမျိုးသားခရစ်ကက်အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအသင်း ၁၈ သင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသားဗိုလ်လုပွဲတွင် အထက(၂) သာကေတက အလက(၆) ရန်ကင်းကို ၁၀၈ မှတ်၊ ၁၀၆ မှတ်ဖြင့် အနိုင်ရခဲ့သည်။ အမျိုးသားပြိုင်ပွဲတွင် တတိယဆုကို အထက(၁) သာကေတနှင့် အထက(၅) မြောက်ဥက္ကလာတို့က ပူးတွဲရရှိခဲ့ကြောင်း သိရသည်။ အမျိုးသမီးပြိုင်ပွဲတွင် အသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အထက(၂)သာကေတအသင်းက အထက(၁) ဗဟန်းအသင်းကို အမှတ် ၁၄၀၊ အမှတ် ၁၀၀ ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုကို အထက (၃) မင်္ဂလာတောင်ညွန့်နှင့် အထက(၁) ရန်ကင်းတို့က ပူးတွဲရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆုရသည့်အသင်းများကို တံခွန်စိုက်ဆုဖလား၊ ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်း၊ ဒုတိယရသည့်အသင်းများကို တံခွန်စိုက်ဆုဖလား၊ ဆုတံဆိပ်နှင့် ငွေကျပ်ခုနှစ်သောင်းခွဲ၊ တတိယရသည့်အသင်းများကို ဆုတံဆိပ်နှင့် ငွေကျပ်ငါးသောင်း ချီးမြှင့်ခဲ့သည်။ **(ယာပုံ)**

ထို့ပြင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအရိုက်သမားဆုကို အထက(၂)သာကေတမှ မသီးသန့်အောင်နှင့် အလက(၄)ရန်ကင်းမှ မောင်ချစ်လွင်ဦး၊ အကောင်းဆုံး အပစ်သမားဆုကို အထက(၁)ဗဟန်းမှ မယုယထွန်းနှင့် အထက(၂)သာကေတမှ မောင်ဇေယျာဖြိုးအောင်၊ ဘက်စုံထူးချွန်ဆုကို အထက(၂ )သာကေတမှ မခင်မြင့်မြတ်နှင့် အလက(၆)ရန်ကင်းမှ မောင်ညီညီနိုင်တို့က ဆွတ်ခူးခဲ့ကြောင်း သိရသည်။ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အဆိုပါပြိုင်ပွဲတွင် အခြေခံပညာကျောင်း ၁၈ ကျောင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **သီဟသူ**




# မုံရွာ-ပုလဲ-ဂန့်ဂေါကားလမ်းတိုးချဲ့ပြီးစီး၍ ခရီးသည်များနှင့် ကုန်စည်များ ချောမွေ့စွာပို့ဆောင်နိုင်တော့မည်

**ပုလဲ နိုဝင်ဘာ ၁၈**

ပုလဲ-ဂန့်ဂေါ ကားလမ်းသည် ယခင်က တောင်တန်းနှင့် ပြည်မအတွက် အချက်အချာလမ်းဖြစ်ပြီး အကျယ် ၁၂ ပေခန့်သာရှိသဖြင့် ကားများသွားလာရာတွင် ခက်ခဲစွာ သတိထား မောင်းနှင်ခဲ့ရသည်။ ထို့ကြောင့် မိဘပြည်သူများ ဘေးကင်းစွာ သွားလာနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၂၄၅ သန်းဖြင့် ကားလမ်းအဆင့်မြှင့်တင်မှုများဆောင်ရွက်လျက်ရှိသည်။

> **သုံးလက်မထုခင်း၍ ရေပိတ်လွှာလောင်းခြင်းမှာ ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးခဲ့ပြီ ဒီဇင်ဘာလမှာ လုပ်ငန်းအားလုံးပြီးစီးနိုင်. . .**

"မုံရွာ-ပုလဲ-ဂန့်ဂေါ ကားလမ်း မိုင်တိုင် ၅၁ မှ ၆၁ အတွင်းရှိ နှစ်မိုင် လေးဖာလုံကို တစ်ဖက်လျှင် အခြေခံလွှာ ၁၀ လက်မထု၊ ငါးပေ အကျယ်ခင်းခြင်း၊ အခြေခံလွှာ ခြောက် လက်မထု၊ လေးပေအကျယ် ခင်းခြင်း၊ သုံးပေအကျယ် အပွန်းခံလွှာ သုံးလက်မထုခင်း၍ ရေပိတ်လွှာလောင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာမှာ ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးခဲ့ပါပြီ။ ဒီဇင်ဘာလမှာ လုပ်ငန်းအားလုံး ပြီးစီးမှာဖြစ်ပါတယ်"ဟု ပုလဲမြို့နယ်လမ်းဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်မင်းနိုင်က ပြောပြသည်။

ဟားခါး-မန္တလေး ယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးက "မူလ ၁၂ ပေအကျယ်ရှိတဲ့လမ်းကို သုံးပေအကျယ်စီတိုးချဲ့အဆင့်မြှင့်ပြီး ခင်းပေးလိုက်တဲ့အတွက် ကားတစ်စီးနဲ့တစ်စီး ရှောင်တိမ်းရာမှာ အန္တရာယ်ကင်းပြီး ခရီးသည်များနဲ့ကုန်စည်များကို ချောမွေ့စွာ ပို့ဆောင်နိုင်ပြီဖြစ်ပါတယ်" ဟု ပြောခဲ့သည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

# ကျောက်ထုတ်လုပ်ရေးလုပ်ငန်းခွင်မှ လေယာဉ်တင်ဗုံးသီးဟောင်းတွေ့ရှိ

**တောင်ငူ နိုဝင်ဘာ ၁၈**

နိုဝင်ဘာ ၁၇ ရက် ညနေ ၄ နာရီက တောင်ငူမြို့နယ် ဒိုးသောင်ကျေးရွာအုပ်စု ရေချိုးချောင်းကျေးရွာရှိ ဦးကံချွန်(ခ)ဦးမြင့်စိန်၏ ကျောက်ထုတ်လုပ်ရေးလုပ်ငန်းခွင်၌ မြေတူးစက်ဖြင့် ကျောက်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာမှ အလျား သုံးပေ ခုနစ်လက်မ၊ လုံးပတ်နှစ်ပေ ၁၀ လက်မခန့်ရှိ လေယာဉ်တင်ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိကြောင်း သတင်းအရ ထုံးဘိုကြီးနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်ကိုကို ဦးစီးအဖွဲ့သည် နယ်မြေခံတပ်မှ ဗိုလ်ဝင်းလွင်အောင် ဦးစီးအဖွဲ့နှင့်အတူ သွားရောက်စစ်ဆေးကြည့်ရှုခဲ့ပြီး ရှင်းလင်းဖျက်ဆီးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



# ဘုရားအတွင်း မေ့ကျန်ပျောက်ဆုံးခဲ့သော စပိန်နိုင်ငံသား၏ ကျောပိုးအိတ်ကို ပုဂံဒေသလုံခြုံရေးရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများက ကူညီရှာဖွေပေးခဲ့၍ ပြန်လည်တွေ့ရှိ

**ညောင်ဦး နိုဝင်ဘာ ၁၈**

ပုဂံဒေသ၌ စပိန်နိုင်ငံသား တစ်ဦး ရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း လည်ပတ်နေစဉ် ကျောပိုးအိတ်တစ်အိတ် မေ့ကျန်ပျောက်ဆုံးသွားခဲ့သဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့နှင့်တာဝန်ရှိသူများက ကူညီရှာဖွေပေးခဲ့ရာ ပြန်လည်တွေ့ရှိသွားကြောင်း သိရသည်။



ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၆ ရက် ညနေ ၅ နာရီခွဲက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ကြည်ရွှေနှင့် အဖွဲ့က စပိန်နိုင်ငံသား Mr. Jose Miguel Rejonjo သီရိပစ္စယာဟိုတယ်တွင် တည်းခိုနေထိုင်သူက ပုဂံဒေသအတွင်း လည်ပတ်နေစဉ် ၎င်း၏ ကျောပိုးအိတ်တစ်လုံး မေ့ကျန်ပျောက်ဆုံးသွားပါသဖြင့် ရှာဖွေပေးပါရန် လာရောက်အကူအညီတောင်းခံခဲ့ကြောင်း သိရသည်။

ထို့နောက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် ရှေးဟောင်းသုတေသနဌာနမှ လုံခြုံရေးဝန်ထမ်း ဦးသိန်းထွဋ်တို့နှင့်အတူ အဆိုပါ စပိန်နိုင်ငံသား သွားရောက် လည်ပတ်ခဲ့သည့် ဘုရားများကို မေးမြန်းပြီး လိုက်လံစုံစမ်းရှာဖွေခဲ့ရာ လောကထွဋ်ခေါင်ဘုရားအရောက်တွင် ဘုရားလုံခြုံရေးဝန်ထမ်း ဦးသန်းဇော်က ကျောပိုးအိတ်တစ်လုံး ဘုရားအတွင်း၌ တွေ့ရှိခဲ့၍ သိမ်းဆည်းထားကြောင်း သိရသည်။

အိတ်ပျောက်ဆုံးသူ စပိန်နိုင်ငံသားကို ၎င်း၏ကျောပိုးအိတ် ဟုတ်/မဟုတ် တွေ့ရှိသိမ်းဆည်းထားသော အိတ်နှင့်အတူ အိတ်အတွင်းပါ ပစ္စည်းများကို မေးမြန်းခဲ့ရာ စပိန်နိုင်ငံသားက မှန်ကန်စွာပြောပြနိုင်ခဲ့သဖြင့် ၎င်း၏အိတ်ကို ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ စီမံကိန်းတွင် ပါဝင်ခြင်းဖြင့် မျိုးရင်းထက် သက်တမ်း ရက် ၂၀ တိုသည့် ဆင်းရွှေဆည်စပါးမျိုးသစ်ထွက်ပေါ်

**နေပြည်တော် နိုဝင်ဘာ ၁၈**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA) နှင့် ပူးပေါင်း၍ ရာသီဥတုပြောင်းလဲခြင်းဒဏ် ခံနိုင်ရည်ရှိမည့် သီးနှံမျိုးသစ်များ ထွက်ရှိစေရန်အတွက် မျိုးထွန်းမျိုးပွားခြင်း နည်းပညာများ ထောက်ကူပေးခြင်းဆိုင်ရာ အစည်းအဝေးကို နေပြည်တော် Royal ACE ဟိုတယ်၌ နိုဝင်ဘာ ၁၇ ရက်က ကျင်းပသည်။




အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲခြင်းများ ဖြစ်ပေါ်လာနေပြီး ရာသီဥတုပြောင်းလဲခြင်းကို ရင်ဆိုင်နိုင်မည့် ဆန်စပါး အမျိုးအစားကို စိုက်ပျိုးရန် လိုအပ်ပါကြောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အခြားအဖွဲ့အစည်းများနှင့်လည်း ရာသီဥတုပြောင်းလဲခြင်းမှ ကြုံတွေ့ရမှုများကို အခြားနည်းများဖြင့် ဖြေရှင်းရန် ကြိုးပမ်းနေကြပါကြောင်း။

ယနေ့အချိန်တွင် စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေး၊ မြေဆီလွှာနှင့် အစာအာဟာရ မျိုးထွန်း မျိုးပွားသည့် နည်းပညာများ၊ အင်းဆက်ပိုးမွှား ထိန်းချုပ်ခြင်းနှင့် အစားအစာ တာရှည်ခံအောင် ပြုလုပ်ခြင်းတို့တွင် အိုင်ဆိုတုပ်နှင့် ဓာတ်ရောင်ခြည် နည်းပညာကို အသုံးပြုခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီ၏ စီမံကိန်းတွင် ပါဝင်ခြင်းဖြင့် မျိုးရင်းထက် သက်တမ်း ရက် ၂၀ တိုသည့် ဆင်းရွှေဆည် စပါးမျိုးသစ် ထွက်ပေါ်နိုင်ခြင်းကို ဝမ်းမြောက်စွာအသိပေးလိုပါကြောင်း၊ မျိုးထွန်းမျိုးပွားခြင်း နည်းပညာဖြင့်လည်း အခြားစပါးမျိုးလိုင်းများ ထုတ်လုပ်နိုင်သည့် အတွေ့အကြုံကောင်းများ ရရှိပါကြောင်း၊ ယခုအစည်းအဝေးမှလည်း အသိပညာများ အတွေ့အကြုံများ ဖလှယ်နိုင်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ၌ ပြည်တွင်းဆန်စပါးမျိုးများအတွက် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) မှ တာဝန်ရှိသူများ၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ မွန်ဂိုလီးယား၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ကိုရီးယား၊ သီရိလင်္ကာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ကိုယ်စားလှယ် ၂၁ ဦးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၂၅ ဦး တက်ရောက်ကြပြီး အစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# မြေပဲခြွေလှေ့စက်များကို မြေပဲတောင်သူများပိုမိုသုံးစွဲ

**ငါ့သရောက် နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်၌ မြေပဲလုပ်ငန်းဝင်ချိန် တောင်သူများသည် အချိန်ကုန်လူပင်ပန်းသက်သာပြီး လုပ်ငန်းတွင်ကျယ်သည့် မြေပဲခြွေလှေ့စက်များ အသုံးပြုလုပ်ကိုင်လာကြောင်းနှင့် မြေပဲခြွေလှေ့စက် ဝယ်ယူလုပ်ကိုင်သူများက တောင်သူများကို ငှားရမ်းအသုံးပြုမှုများပြားနေခြင်းကြောင့် စီးပွားရေးအဆင်ပြေနေကြကြောင်း ငါ့သရောက်မြို့နယ် တောင်တောကျေးရွာမှ ဒေသခံတောင်သူများထံမှ သိရသည်။

မြေပဲစိုက်တောင်သူများ မြေပဲခြွေလှေ့စက်ငှားရမ်းရခြင်းမှာ နေ့စားအလုပ်သမားငှားရမ်းရမှု မလွယ်ကူ၍ မြေပဲခြွေလှေ့စက်ကို ငှားရမ်းအသုံးပြုနေရခြင်းဖြစ်ကြောင်းနှင့် လူပင်ပန်းသက်သာခြင်း၊ ကုန်ကျစရိတ်သက်သာခြင်းအပြင် လုပ်ငန်းတွင်ကျယ်ခြင်းတို့ကြောင့် ငှားရမ်းအသုံးပြုသူများပြားနေကြောင်း သိရသည်။

“ကျွန်တော်တို့ရွာက မြေပဲစိုက်တောင်သူတိုင်း လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်နေတဲ့အချိန်ပါ၊ ပြောရရင် မြေပဲသိမ်းတဲ့အချိန်ပေါ့ဗျာ၊ နေ့စားအလုပ်သမား ငှားရမ်းဖို့ကလည်း မလွယ်ဘူး၊ အလုပ်သမားရှားပါးတာကြောင့် တောင်သူတွေ မြေပဲခြွေလှေ့စက်ကို ငှားရမ်းအသုံးပြုနေရတာပါ၊ မြေပဲခြွေလှေ့စက်က ငှားရမ်းခ တစ်နာရီကို ငွေကျပ် ၇၀၀၀ ပေးရပါတယ်။ မြေပဲဆန် တစ်တင်းကျကို တစ်နာရီပဲကြာပါတယ်။ ဒါ့ကြောင့် အချိန်ကုန်လူပင်ပန်းသက်သာပြီး ကုန်ကျစရိတ်လည်းသက်သာပါတယ်” ဟု တောင်တောကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



# ပုလဲသွယ်စံကွက်ရိတ်သိမ်း

**ပြည် နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် တွင်းပြည်းအုပ်စု လက်ခုပ်ပင်စခန်း နယ်မြေအတွင်းရှိ တောင်သူ ဦးသိန်းဝင်း၏ ပုလဲသွယ်လုံ(၉) (Lp5) စပ်မျိုးစပါးစိုက်ခင်း၌ နိုဝင်ဘာ ၁၇ ရက်က စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အထွက်နှုန်း ၁၆၂ ဒသမ ၃၉ တင်းထွက်ရှိခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# နယ်သာလန်နည်းပညာဖြင့် အာလူးစိုက်ပျိုး

**နောင်တရား နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ ကျောင်းကုန်း-လွယ်တက်သွားလမ်းအနီး အာလူးစမ်းသပ်သုတေသနစိုက်ပျိုးရေးခြံ၌ တောင်သူပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အာလူးစမ်းသပ်သုတေသနလုပ်ငန်းကို စိုက်ပျိုးရေးဦးစီးဌာနနှင့် နယ်သာလန်နိုင်ငံ CAH Vilentuim & Wageningen University မှ ကျောင်းသားနှစ်ဦးက စမ်းသပ်စိုက်ပျိုးရရှိသည့် အချက်အလက်များကို တောင်သူများသို့ ပြန်လည်ဆွေးနွေးပေးခဲ့ပြီး အာလူးစမ်းသပ်မှုနှင့်ပတ်သက်၍ ပေါင်တင်နည်း၊ နိုက်ထရိုဂျင်နှုန်းထား၊ အပင်ကြားအကွာအဝေး၊ ပိုတက်နှုန်းထား စသည်တို့တွင် နယ်သာလန်နိုင်ငံ၏ စိုက်ပျိုးနည်းများကို အသုံးပြုကာ စမ်းသပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ **ခွန်အောင်(ပြန်/ဆက်)**

# ရောဝတီမြစ်ရေလွှမ်းခဲ့သော ကိုင်းမြေများမှ ဆောင်းသီးနှံများပိုမိုဖြစ်ထွန်း

**ညောင်တုန်း နိုဝင်ဘာ ၁၈**

ညောင်တုန်းမြို့၌ ဧရာဝတီမြစ်ရေ သုံးကြိမ်တိုင်တက်ရောက်လွှမ်းမိုးခဲ့သော မြစ်ကမ်းနံဘေးမှ မြေနုကျွန်းကိုင်းမြေများ၌ တောင်သူလယ်သမားသည် ပြန်လည်ထွန်ယက်ပြီး စင်တင်သီးနှံများ၊ တိုင်ထောင်သီးနှံများအပါအဝင် ဆောင်းသီးနှံမျိုးစုံကို အချိန်နှင့်တစ်ပြေးညီ စိုက်ပျိုးကြရာ ပိုမိုဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

“မြစ်ကမ်းနံဘေး ကိုင်းမြေများမှာ သုံးကြိမ်တိုင်တိုင် ရေလွှမ်းခံခဲ့ရလို့ နုန်းမြေတွေတင်ကျန်ခဲ့ပါတယ်။ အဲဒါကြောင့် ကိုင်းမြေတွေမှာ မြေဆီမြေနှစ်အလွန်ကောင်းနေပါတယ်။ အဲဒီမြေတွေပေါ်မှာ ထွန်ယက်စိုက်ပျိုးထားတဲ့သီးနှံတွေအားလုံးပိုမိုဖြစ်ထွန်းနေပါတယ်။ သီးနှံအထွက်ကောင်းဖို့လည်း သေချာပါတယ်” ဟု ကိုင်းမြေများ၌ ထွန်ယက်စိုက်ပျိုးနေသူ တောင်သူ ဦးအုန်းမောင်က ပြောကြားသည်။

ညောင်တုန်းမြို့နယ်မှ တောင်သူလယ်သမားများသည် ယခုအခါ ကိုင်းမြေများ၌ စိုက်ပျိုးခဲ့သော စင်တင်သီးနှံများဖြစ်သည့် ဘူး၊ ဖရုံ၊ ဗုံလုံ၊ သခွား၊ ကြက်ဟင်းခါး၊ ခဝဲ စသောသီးနှံများ၊ တိုင်ထောင်သီးနှံများဖြစ်သည့် ပဲတိုင်ထောင်၊ ပဲပုစွန် စသောသီးနှံများနှင့်မြေပြင်သီးနှံများဖြစ်သည့် ခရမ်း၊ ခရမ်းချဉ်၊ ငရုတ်၊ မုန်လာ၊ ချဉ်ပေါင်၊နံနံ၊ ပြောင်း၊ ပဲမျိုးစုံအပါအဝင် ဆောင်းသီးနှံမျိုးစုံကို အချိန်မီရာသီမီ ထွန်ယက်စိုက်ပျိုးခဲ့ကြရာ အထူးအောင်မြင်ဖြစ်ထွန်းပြီး အချို့သီးနှံများမှာ စတင်ဆွတ်ခူးရောင်းချနေကြပြီဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**



# ကေများများပြီးစီးရေးထက် လေလွင့်မှုနည်းပါးရေးကို တောင်သူများပိုမိုစိတ်ဝင်စား

**ရေတာရှည် နိုဝင်ဘာ ၁၈**

တောင်သူတို့၏ လယ်ယာမြေ စိုက်ပျိုးရေး လုပ်ငန်းများ၌ လုပ်သားများစွာ အသုံးပြုခြင်းအပြင် အချိန်ကြာမြင့်သည့်အတွက် ငွေကုန်ကြေးကျများစွာရှိခဲ့၍ တောင်သူများမှာ ကြွေးသံသရာမှ ရုန်းထွက်မရဖြစ်ခဲ့ရကြောင်း တောင်သူတစ်ဦးက ပြောသည်။

တိုးတက် ပြောင်းလဲလာသော ခေတ်နှင့်အညီ စပါးရိတ်သိမ်းရာ၌ ရိတ်သိမ်း ခြွေလှေ့စက်များဖြင့် ရိတ်သိမ်းနိုင်ပြီဖြစ်၍ တောင်သူများ များစွာအဆင်ပြေကာ အချိန်တိုအတွင်း အခြားသောစိုက်ပျိုးသီးနှံများ စိုက်ပျိုးနိုင်ကြသည်ကို တွေ့ရှိရသည်။ “အလုပ်သမားကရှားတော့ ရိတ်စက်တွေဝင်လာတာ တောင်သူတွေအတွက် အဆင်ပြေပါတယ်။ ဒါပေမယ့် စက်တွေကို ကုမ္ပဏီတွေက ထောင်ထားတော့ တစ်ရက်ကို ဘယ်နှစ်ဧကပြီးရမယ်ဆိုတာရှိတယ်။ ဥပမာ ၁၂ ဧကလောက် ပြီးစေချင်တာမျိုးတွေရှိတယ်။ အလျင်လိုတဲ့အတွက် စပါးအလေအလွင့်တွေများလာလို့ တောင်သူတွေနစ်နာနေကြရပါတယ်။ အချို့စက်တွေကျတော့ တောင်သူတွေအပေါ် ကိုယ်ချင်းစာပေးပြီး စိတ်ရှည်ရှည်ထားပေးတယ်။ သို့သော် တစ်ရက်ကို ရှစ်ဧကလောက်ပဲပြီးတယ်။ အလေအလွင့်များတဲ့ စက်တွေကို တောင်သူတွေက လက်ရှောင်ကုန်ကြတယ်”ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု မှန်စီကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းရာ၌ တစ်ဧက ငွေကျပ်လေးသောင်းခွဲကျသင့်ပြီး ကြားခံတစ်ဆင့်ပွဲစားများကြောင့် အပိုကုန်ကျမှုများလည်းရှိကြောင်း အထက်ပါတောင်သူကပင် ဆက်လက်ပြောပြသည်။ **ကိုလွင်(ဆွာ)**

# နိုဝင်ဘာ ၁၈ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက် (ဗုဒ္ဓဟူးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၅၁၀၀၀ |
| ၂ | ဧရာ/ညေ့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၆၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၃၀၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၀၀၀ |
| ၆ | ပေါ်ဆန်း(ဆန်သစ်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅၅၀၀ မှ ၂၈၅၀၀ |
| ၇ | မိုးသုခ(ဆန်သစ်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၀၀၀ |
| ၈ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၇၅၀၀၀ |
| ၉ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၇၀ မှ ၂၅၀၀ |
| ၁၀ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၅၀ မှ ၃၀၅၀ |
| ၁၁ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၇၀ မှ ၂၆၀၀ |
| ၁၂ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၃၄၅၀ |
| ၁၃ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၃၀ မှ ၈၈၀ |
| ၁၄ | ဆီးသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၅၀၀ |
| ၁၅ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀၀ |
| ၁၆ | သြဇာသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၈၀၀ |
| ၁၇ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၃၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

# အများပြည်သူမျှော်လင့်နေသော ကုန်ဈေးနှုန်းကျဆင်းရေး

သတင်းဆောင်းပါး
ခင်ဆိုင်



နိုဝင်ဘာ ၈ရက်တွင် ကျင်းပပြီးစီးခဲ့သော ဆန္ဒမဲပေးခွင့်ရှိသူ ၃၃ သန်းဝန်းကျင်မဲပေးခဲ့သည့် ရွေးကောက်ပွဲအနိုင်အရှုံးရလဒ်များကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ အစိုးရသစ်ပြောင်းလဲဖွဲ့စည်းရေးကို သက်ဆိုင်သူများ ဆောင်ရွက်နေကြသည်မှာလည်း အားရစရာ။ ထို့အတူ နှစ်ပေါင်းများစွာမှသည် ယနေ့အထိ အများပြည်သူများခံစားနေရဆဲဖြစ်သော ကုန်ဈေးနှုန်းများကျဆင်းလာရန်အတွက် ပြုပြင်ပြောင်းလဲမှုများကိုလည်း စောင့်မျှော်နေကြသည်။

၁၉၆၀ ပြည့်နှစ်များက ပြည်တွင်းစားသုံးဆီဈေးနှုန်းများမြင့်တက်သဖြင့် ကုန်သည်များကို ခေါ်ယူညှိနှိုင်းသော်လည်း မရရှိသည့်အတွက် အိန္ဒိယမှမြေပဲဆီများကို တင်သွင်းခြင်းဖြင့် ဈေးနှုန်းထိန်းညှိပေးခဲ့ဖူးသည်ကို မှတ်သားရသည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများလစာကို အကြိမ်ကြိမ် တိုးမြှင့်ပေးသော်လည်း ကုန်ဈေးနှုန်းမှာ တစ်ပြေးညီလိုက်ပါမြင့်တက်သဖြင့် ဝန်ထမ်းများအပါအဝင် အများပြည်သူများ ကုန်ဈေးနှုန်းမြင့်တက်သည့်ဒဏ်ကို ခံစားရဆဲပင်ဖြစ်သည်။

ပြည်တွင်းသယ်ယူပို့ဆောင်ရေး စရိတ်များသည် ပြည်ပနိုင်ငံသို့ တင်ပို့သည့်စရိတ်ထက်ပင် မြင့်မားနေသည်ဟု ကုန်သည်များကဆိုကြသော်လည်း ကုန်စည်သယ်ယူစရိတ်မပြောင်းလဲသည့် အနေအထားဌ်ပင် ဘုရင့်နောင်ကုန်စည် ပြည်ပတင်ပို့မှုများတွင် မတ်ပဲ ပြည်ပပို့ကုန်ဈေးနှုန်း တစ်တန်လျှင် ငွေကျပ် ၂၅၀၀၀၀ ဝန်းကျင်၊ ကြက်သွန်နီအလုံးကြီး တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀အထိ မြင့်တက်လာခြင်းသည် မည်သူ့ထံတွင် တာဝန်ရှိပါသနည်း။

စက်သုံးဆီဈေးနှုန်းမြင့်မားလာသည်ဟု ယာဉ်ပိုင်ရှင်များက ပြောဆိုသော်လည်း စက်သုံးဆီဈေးနှုန်းကျဆင်းလာချိန်တွင် သယ်ယူခများ လိုက်ပါကျဆင်းခြင်းမရှိသည်ကိုတွေ့ရသကဲ့သို့ ကုန်ဈေးနှုန်းများကို နိုင်ငံတကာနှင့်အညီ ရောင်းချလိုသည်ဟု ကြွေးကြော်နေကြသည့် လုပ်ငန်းရှင်အများစုသည်လည်း နိုင်ငံတကာ ဈေးနှုန်းမြင့်တက်ပါက အချိန်နှင့်တစ်ပြေးညီ ဈေးတက်ရန် အချိန်မဆိုင်းသော်လည်း နိုင်ငံတကာ ဈေးနှုန်းကျဆင်းလာပါက လိုက်ပါကျဆင်းရန် မသိကျိုးကျွံပြုလျက်ရှိကြသည်။

အများပြည်သူတို့ ကုန်ဈေးနှုန်းကြီးမြင့်မှုခံစားရခြင်းကို လျှော့ချရန် နိုင်ငံတော်က စက်သုံးဆီနှင့်စားသုံးဆီ တင်သွင်းရာတွင် နိုင်ငံခြားသုံးငွေများကို ဇွန်လမှစတင်ကာ ဗဟိုဘဏ်ရည်ညွှန်းနှုန်းအတိုင်း ဝယ်ယူခွင့်ပြုခဲ့သည့်နောက်ပိုင်း လွတ်လပ်စွာကုန်သွယ်ခွင့်ရရှိသဖြင့် ပြည်ပဈေးနှုန်းများနှင့် ကွာခြားမှုမရှိသော အရင်းဈေးနှုန်းများအတိုင်း ပြည်တွင်း၌ ဝယ်ယူခွင့်ရလာသည်ကို မြင်တွေ့ရသည်။ ယခုလပိုင်းတွင် ဆိပ်ကမ်းအရောက် အရင်းဈေးထက်နည်းပါးသည့်ဈေးနှုန်းဖြင့် ရန်ကုန်ဆီဈေးကွက်တွင် ဝယ်ယူ၍ရနေသည်ကိုလည်း ဘုရင့်နောင်ဆီဈေးကွက်အတွင်းမှ သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်အောက်တွင်ရှိသော စားအုန်းဆီဈေးနှုန်းများမှာ ပြည်သူများအတွက် ကမ္ဘာ့ပေါက်ဈေးများနှင့်အညီ တစ်ပြေးညီဝယ်ယူစားသုံးနိုင်သော ယနေ့အချိန်တွင် ဆိပ်ကမ်းအရောက် စက်သုံးဆီအရင်းဈေးနှုန်းများထက် ပြင်ပတွင် တစ်လီတာလျှင် ငွေကျပ် ၃၀မှ ၁၀၀ ဝန်းကျင်အထိ ဈေးတင်ရောင်းချနေဆဲပင် ဖြစ်သည်။

ပြည်တွင်းစက်သုံးဆီလုပ်ငန်းရှင်များသည် တစ်နိုင်ငံလုံးတွင် စက်သုံးဆီအရောင်းဆိုင်ပေါင်း ၁၆၀၀ကျော် ဖွင့်လှစ်ထားနိုင်ကြပြီး ဆိပ်ကမ်းအရောက်ဈေးနှုန်းများနှင့် ရန်ကုန်တွင် လက်လီရောင်းချသည့်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ငွေကျပ် ၁၀၀ ဝန်းကျင်၊ မန္တလေးဈေးကွက်တွင် ဆိပ်ကမ်းအရောက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ငွေကျပ် ၂၀၀ နီးပါးမြင့်မားနေသည်ကို လေ့လာသိရှိရသည့်အခါ ကုန်သည်များ၏ အကျိုးအမြတ်သည်သာ ပဓာနဖြစ်နေသည်ကို မြင်တွေ့ရသည်။

ထို့အပြင် အခြေခံစားကုန်တစ်ခုဖြစ်သော ကြက်သွန်နီဈေးနှုန်းမြင့်မားမှုဒဏ်ကို အောက်တိုဘာလဆန်းမှစတင်ကာ တစ်ပြည်လုံးတွင် ကြုံတွေ့ရပြီး နိုဝင်ဘာ ၁၄ ရက်က ကြက်သွန်နီတစ်ပိဿာ လက်ကားရောင်းဈေးမှာ ငွေကျပ် ၂၀၀၀မှ ၂၇၅၀အထိ ရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင် ဈေးနှုန်းစာရင်းများတွင် ဖော်ပြထားသည်။

သို့သော် ပွဲရုံများတွင် ဝယ်ယူသည့်အခါ ဒိုင်ဖွင့်ဈေးတစ်ပိဿာလျှင် ငွေကျပ် ၂၃၅၀ရှိ လတ်ချောသန့်အရွယ် ကြက်သွန်တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ တန် လတ်ချောကြက်သွန်နီအသေးများဖြင့် ရောနှောကာ တစ်ပိဿာ ၂၇၂၅ ကျပ်နှုန်းဖြင့် ဝယ်ယူခဲ့ရသည်ဟု အဝယ်တော်တစ်ဦးက ပွဲရုံများ၏ မရိုးဖြောင့်သည့် စီးပွားရေးလှုပ်ရှားမှုများကို ပြောကြားသည်။

“ပြည်ပကနေ ကြက်သွန်နီတရားဝင်တင်သွင်းလာရင် တစ်ပိဿာ ငွေကျပ် ၁၂၀၀အထိ ဈေးကျနိုင်မယ်။ ဒါပေမယ့် ပြည်တွင်းကြက်သွန်အသစ်တွေက ဒီဇင်ဘာဆိုရင် ထွက်တော့မှာမို့ တင်သွင်းခြင်းမပြုရတာ ဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ ကြက်သွန်နီအသင်း၏ တာဝန်ရှိသူက ပြီးခဲ့သည့်လ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးလာရောက်စဉ်ပြောကြားခဲ့ဖူးသော်လည်း ဈေးနှုန်းကျဆင်းမည်ဆိုပါက မည်သည့်နည်းဖြင့်ဖြစ်စေ ဝယ်ယူတင်သွင်းရောင်းချစေလိုကြောင်း သုံးစွဲသူများက ဆန္ဒရှိကြသည်။

ကြက်သွန်နီအသစ်များ နိုဝင်ဘာလတွင် ဈေးကွက်သို့ရောက်ရှိနိုင်ပြီး ပြည်တွင်းလက်ကျန် ပိဿာချိန် သိန်း ၁၀၀ ဝန်းကျင်ရှိသေးသဖြင့် ပြည်ပမှ ကြက်သွန်နီတင်သွင်းမှုအပေါ် အသင်းကထောက်ခံမှုမပေးခဲ့ဘဲ လှောင်ကြက်သွန်သိမ်းဆည်းထားသူများနှင့် ကြက်သွန်နီရောင်းဝယ်သူများလက်ထဲမှ အဆမတန်ဈေးနှုန်းမြင့်မားမှုကို ပြည်သူများ ယနေ့ခံစားနေကြရသည်။

ယခုနှစ်တွင် ဒီမိုငရုတ်တစ်ပိဿာလျှင် ဝမ်းတွင်းနယ်ဈေး ငွေကျပ် ၃၀၀၀ ဝန်းကျင်အထိ တိုးလာသည်။ သို့သော် ငရုတ်စိုက်သူများအဖို့ အကျိုးဖြစ်ထွန်းမလာဘဲ သိုလှောင်သူများကသာ ပို၍တွက်ခြေကိုက်သည်ဟု ဝမ်းတွင်းမြို့နယ် မြင်းကျကန်ကျေးရွာနေ တောင်သူဦးမြိုင်က ဆိုသည်။

စနစ်ပြောင်း၍အုပ်ချုပ်မှုကင်းသော စီးပွားရေးစနစ်တွင် ဈေးနှုန်းများ စိတ်ကြိုက်ရောင်းချပိုင်ခွင့်ရှိသည်ဟူသော စကားရပ်များသည် ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ရေပန်းအစားဆုံး စကားလုံးများဖြစ်လာပြီး ယင်းလုပ်ရပ်များမှ ကျပ်သိန်းထောင်ချီ၍ ပွဲခများအပြင် ကုန်စည်များ ရောင်းချနေမှုတွင် နိုင်ငံတော်သို့ အခွန်ပေးသွင်းရန် လိုအပ်နေပြီဖြစ်သည်။

ပြောင်းလဲနေသော နိုင်ငံရေးအခြေအနေတွင် စီးပွားရေးကဏ္ဍကို ဖော်ဆောင်မောင်းနှင်နေကြသူများဖြစ်သော စီးပွားရေးလုပ်ငန်းရှင်များက ယခုရရှိနေကြသည့် အကျိုးအမြတ်များကို သိသာစွာတာဝန်ယူစိတ်ဖြင့် လျှော့ချကာ အများပြည်သူမျှော်လင့်နေသည့် ကုန်ဈေးနှုန်းကျဆင်းရေးကို ကူညီပေးရန် မျှော်လင့်ရပါသည်။ ။


နေပြည်တော်(၁) ဖုန်း - 251277 251288
မင်္ဂလာ (၂) ဒဂုံစင်တာ(၂) မြေနီကုန်း ဖုန်း - ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂
မင်္ဂလာ စံပြ ဖုန်း - ၀၉၂၆၀၀၈၇၀၃၅ ၀၁ ၂၃၀၃၁၆၅ ၀၉ ၇၃၁၇၆၀၀၀
ရွှေဆောင်(၁) ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၃၄
မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈
မြို့မ (မန္တလေး) ၀၂-၃၉၁၃၆၊ ၀၂-၃၉၁၃၇
နေပြည်တော်(၂) ဖုန်း - 251277 251288
မင်္ဂလာ စံပြ ဖုန်း - ၀၉၂၆၀၀၈၇၀၃၅ ၀၁ ၂၃၀၃၁၆၅ ၀၉ ၇၃၁၇၆၀၀၀
မင်္ဂလာဒိုင်းမွန်း ဒိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂



# ကျောက်စိမ်းအရှယ်စုံများ နောင်ချိုစစ်ဆေးရေးဂိတ်၌ ဖမ်းဆီးရမိ

**နောင်ချို နိုဝင်ဘာ ၁၈**

နောင်ချိုမြို့အဝင် Mobile Team လရ(၁) ဌာနစုံစစ်ဆေးရေးအဖွဲ့နှင့် ဦးစိုးလွင်(ညွှန်မှူး) ဦးစီးသော ဌာနစုံပူးပေါင်းအဖွဲ့တို့သည် နိုဝင်ဘာ ၁၇ ရက် ညနေ ၅ နာရီခွဲက မန္တလေးမြို့ဘက်မှ မူဆယ် တစ်ဖက်နိုင်ငံသို့သွားမည့် ဗင်အဖြူရောင်ယာဉ်အမှတ် 8A/------ ယာဉ်ငယ်ကို ရပ်တန့်စစ်ဆေးစဉ် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။



အဆိုပါယာဉ်အား စစ်ဆေးရာ နောက်ခန်းအံဝှက်ထဲမှ လည်းကောင်း၊ ယာဉ်ရှေ့ခန်းဒက်ဘုတ်ထဲမှလည်းကောင်း၊ တစ်ဖက်နိုင်ငံသို့ တင်ပို့ရန် စနစ်တကျသိုဝှက်ထည့်သွင်းသယ်ဆောင်လာသော ကျောက်စိမ်းတုံးအခြမ်းတုံးများ၊ ဖြတ်စများ၊ အရွယ်မျိုးစုံ အလေးချိန် ကီလို ၅၁၀ ခန့် ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# မတ်လန်းကျေးရွာ၌ ပေါက်ကွဲမှုဖြစ်ပွား

**လဲချား နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့ မတ်လန်းကျေးရွာရှိ ဦးစိုင်းဟန်၏ ပြောင်းဖူးခင်းအနီး၌ နိုဝင်ဘာ ၁၆ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က တောင်ယာပြောင်းခင်းအနီး ချောင်းသဲလုပ်ငန်းလုပ်ကိုင်နေထိုင်သူ မရွှေရင်ဦး(၁၃နှစ်)၊ မစန်းစန်းဦး(၈ နှစ်)နှင့် မထွေးငယ်(၅ နှစ်)တို့ ညီအစ်မသုံးဦးသည် ၎င်းတို့နေထိုင်သည့်တဲနှင့် ကိုက် ၃၀ ခန့်အကွာ တိမ်းချောင်းတံတားအနီး ချုံပုတ်အတွင်းမှ ဆိုင်ကယ်ဘက်ထရီအသေးပုံသဏ္ဌာန် အရာဝတ္ထုတစ်ခုတွေ့ရှိ၍ အစ်မအကြီးဖြစ်သူ မရွှေရင်ဦးက ကိုင်မြှောက်လိုက်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ မရွှေရင်ဦးနှင့်မစန်းစန်းဦးတို့ သေဆုံးခဲ့သည်။ အခင်းဖြစ်ပွားသည့် အနီးတစ်ဝိုက်ကို လိုက်လံရှာဖွေရာပေါက်ကွဲသောပစ္စည်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာတွေ့ရှိရခြင်းမရှိကြောင်း မြို့နယ်ရဲစခန်းမှ သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြို့မစျေးမီးလောင်သည်ဟု သတင်းလိမ်လည်ပေး၍ ရေစကြိုမြို့နေပြည်သူများ အထိတ်တလန့်ဖြစ်

**ရေစကြို နိုဝင်ဘာ ၁၈**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် နိုဝင်ဘာ ၁၆ ရက်က ရေစကြိုမြို့မစျေးကြီး မီးလောင်နေသည်ဟု မြို့နယ်မီးသတ်ဦးစီးဌာနသို့ မသမာသူတစ်ဦးက ဖုန်းဆက်အကြောင်းကြားခဲ့သည်ဟု သိရသည်။ ထို့ကြောင့် မီးသတ်ဦးစီးမှူး ဦးညီညီအောင်က မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့နှင့်အတူ မီးငြိမ်းသတ်ရန် သွားရောက်ခဲ့ရာ မီးလောင်နေသည်ကို မတွေ့ရဘဲ တစ်စုံတစ်ယောက်က လိမ်လည် သတင်းပေးခြင်းကြောင့် မြို့နေပြည်သူများလည်း အထိတ်တလန့်ဖြစ်ခဲ့ရကြောင်း သိရသည်။

"အခုလို မီးသတင်းလိမ်လည်ပေးတာ လေးကြိမ်ရှိပါပြီ။ လွန်ခဲ့တဲ့ ခြောက်လလောက်ကလည်း သုံးကြိမ်ဖြစ်ဖူးပါတယ်။ ပထမအကြိမ်က လေးရာပြည့်ရပ်ကွက် မီးလောင်နေပြီဆိုပြီးတော့ ဖုန်းဆက်တာပါ။ ဒုတိယအကြိမ်ကပေကုန်းကျေးရွာနဲ့ တတိယအကြိမ်က ပည္ဍင်းကျေးရွာမှာပါ။ အဲဒီသုံးကြိမ်ကလည်း နှစ်လအတွင်းဖြစ်ခဲ့တာပါ။ မီးလောင်နေပြီဆိုပြီးတော့ ဖုန်းဆက်တာနဲ့ ကျွန်တော်တို့ မီးသတ်ကားတွေလည်းအပြေးအလွှားသွားရပြီးတော့ ဟိုရောက်တော့ ဘာမီးကိုမှ မတွေ့ခဲ့ရပါဘူး။

"အခုလည်း အသံအနေအထား အသက်လတ်ပိုင်းလောက် လူတစ်ဦး ဖုန်းဆက်လာတာနဲ့သွားတော့ ဘာမီးမှမတွေ့ခဲ့ရပါဘူး"ဟု မြို့နယ်မီးသတ်ဦးစီးမှူးက ပြောသည်။

ထိုကဲ့သို့ မြို့နယ်မီးသတ်ဦးစီးဌာနသို့ မီးသတင်းလိမ်လည်ပေး၍ ပြည်သူများအား အထိတ်တလန့်ဖြစ်စေရန်ပြုလုပ်သူအား ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# ရထားကြိတ်မိ၍ လူတစ်ဦးသေဆုံး

**အင်းတော် နိုဝင်ဘာ ၁၈**

နိုဝင်ဘာ ၁၇ ရက် ည ၇ နာရီ ၄၅ မိနစ်က အမှတ်(၄၂) အစုန် ဒုတိယအမြန်ရထားသည် အင်းတော်မြို့နယ် ပင်လယ်ဝကျေးရွာအနီး မန္တလေး-မြစ်ကြီးနား မိုင်တိုင် ၅၉၆/၁၁ နှင့် ၅၉၆/ ၁၂ ကြားသို့ အရောက်တွင် အောင်မင်းသက် (၃၀နှစ်) ဝက်လက်မြို့နယ် လှတော ကျေးရွာနေသူမှာ ရထားပေါ်မှ ပြုတ်ကျသေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မော်လူးနယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# ပိုင်ရှင်မဲ့သစ်များ ထီးလင်းမြို့နယ်၌ သိမ်းဆည်းရမိ

**ထီးလင်း နိုဝင်ဘာ ၁၈**

ဂန့်ဂေါခရိုင်ထီးလင်းမြို့နယ် အညာဘန်းကျေးရွာအနီးတွင် တရားမဝင်သစ်များ ခုတ်လှဲထားသည်ကိုတွေ့ရှိရကြောင်း တာဝန်သိပြည်သူများ၏သတင်းပေးချက်အရ ရှာဖွေစစ်ဆေးရာ ငွေကျပ်သိန်း ၃၀ ကျော်တန်ဖိုးရှိ ပိုင်ရှင်မဲ့သစ်များအား နိုဝင်ဘာ ၁၇ ရက်က ရှာဖွေဖော်ထုတ် သိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။

ပင်ထောင်တိုးချဲ့(၁)ကြိုးဝိုင်းအတွင်း၌ ကျွန်းခွဲသားစကွဲယားတုံး ဆိုဒ်စုံ ၉၆ တုံး ကာလတန်ဖိုး ၂၀၂၉၄၇၇ ကျပ်ကို လည်းကောင်း၊ ဘူးတောင်းသစ်တောကြိုးဝိုင်းအတွင်း ကျွန်းသစ်လုံး ၁၂ လုံး၊ အင်ကြင်းသစ်လုံး ၁၂ လုံး၊ အင်သစ်လုံး ၁၆ လုံး ကာလတန်ဖိုး ၅၆၀၃၆၃ ကျပ်ကို လည်းကောင်း၊ ဘူးတောင်းသစ်တောကြိုးဝိုင်းအတွင်း ကျွန်းသစ်ခွဲသားဆိုဒ်စုံ အချောင်း ၈၀၊ ကျွန်းသစ်စကွဲယားတုံးဆိုဒ်စုံ ၁၁ တုံး တန်ဖိုး၄၄၄၀၇၅ ကျပ်တို့ကိုလည်းကောင်း ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ဇေယျာတု(မကွေး)**



နိုဝင်ဘာ ၁၈ ရက် နံနက် ၄ နာရီခန့်က ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမကြီးပေါ်၌ သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာအုပ်စုအနီးတွင် လိမ္မော်သီးများ တင်ဆောင်လာသော ၁၂ ဘီး ကုန်တင်ယာဉ်သည် ရှေ့မှကားကိုကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိ တိမ်းမှောက်သွားစဉ်။

ခွန်(ဝင်းပ)


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

**ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးတည်ဆောက်လိုသူများကို ဖိတ်ခေါ်ထားခြင်းနှင့်ပတ်သက်၍ အဆိုပြုလွှာတင်သွင်းရမည့်နောက်ဆုံးရက်အား ရွှေ့ဆိုင်းသတ်မှတ်ခြင်း**

၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာ့မီးရထားမှ ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ရင်းနှီးတည်ဆောက်လိုသူများထံမှ EOI အဆိုပြုလွှာတင်ပြရန် ဖိတ်ခေါ်ခဲ့ပါသည်။

ရန်ကုန်ဘူတာကြီးဘက်စုံဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းအတွက် EOI ခေါ်ယူထားမှုနှင့်ပတ်သက်ပြီး အဆိုပြုလွှာတင်သွင်းရမည့်နောက်ဆုံးရက်အား မူလသတ်မှတ်ထားသည့် (၆.၁၁.၂၀၁၅) ရက်နေ့အစား (၆.၁.၂၀၁၆) ရက်နေ့သို့ ပြင်ဆင်သတ်မှတ်လိုက်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၏ အဓိကအရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့်အတွက် ရင်းနှီးတည်ဆောက်လိုသူများအနေဖြင့် ပိုမိုပြည့်စုံသော အဆိုပြုလွှာများ ပြုစုတင်ပြနိုင်ရန်နှင့် မြန်မာ့မီးရထားမှ လိုအပ်သော သတင်းအချက်အလက်များ ထပ်မံဖြည့်စွက်ပံ့ပိုးပေးနိုင်ရန် EOI တင်သွင်းရမည့်ကာလကို (၂) လအထိ တိုးမြှင့်ပေးခြင်းဖြစ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့မီးရထား
ရထားပို့ဆောင်ရေးဝန်ကြီးဌာန



**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2E/8603၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9J/8054၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဂ/၂၂၇၉၊ Win Light Truck P/U ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ရွှေ ၁၂/အလန(နိုင်)၀၃၀၄၈၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



**လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့်ဒီပလိုမာစာရင်းကိုင်စာမေးပွဲ အောင်လက်မှတ်ပေးအပ်ခြင်းနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားခြင်း**

၁။ မြန်မာနိုင်ငံစာရင်းကောင်စီ၏ (၁၃)ကြိမ်မြောက် လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် စာမေးပွဲအောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း(အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်)တွင် ၂၀-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီ၌ ကျင်းပပါမည်။

၂။ အဆိုပါအခမ်းအနားတွင် ၂၀၁၅ခုနှစ် ဩဂုတ်လ၌ ကျင်းပခဲ့သော လက်မှတ်ရပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း) အမှတ်စဉ်(၃၉)စာမေးပွဲနှင့် ၂၀၁၅ခုနှစ် မေလ၌ ကျင်းပခဲ့သော ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း)စာမေးပွဲ အောင်မြင်သူများကို အောင်လက်မှတ်ပေးအပ်မည် ဖြစ်ပါသည်။

၃။ အထက်အပိုဒ် (၂)ပါ စာမေးပွဲအသီးသီးနှင့် ၂၀၁၅ခုနှစ် မေလ၌ ကျင်းပခဲ့သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း)အမှတ်စဉ်(၄၀)စာမေးပွဲနှင့် ၂၀၁၅ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သည့် ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း) စာမေးပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ အဆင့်ဖြင့် အောင်မြင်သူများနှင့် ဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိသူများကိုလည်း ငွေသားဆုများချီးမြှင့်မည်ဖြစ်ပါ၍ အောင်လက်မှတ်နှင့် ဆုလက်ခံရယူမည့် သင်တန်းသား/သင်တန်းသူအားလုံးကို အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားပါသည်။

၄။ အောင်လက်မှတ်တက်ရောက်ယူမည့်သူများသည် အောင်လက်မှတ်ကြေး ကျပ် ၅၀၀၀နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ တစ်ပုံ၊ ဆုလက်ခံရယူမည့်သူများသည် တက်ရောက်ခွင့်လျှောက်လွှာကို အပိုဒ်(၁)ပါလိပ်စာတွင် ၂၃-၁၁-၂၀၁၅ရက်မှ ၁၀-၁၂-၂၀၁၅ရက် အတွင်းပေးသွင်း လျှောက်ထားရမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံစာရင်းကောင်စီ**



**ပျောက်ဆုံးကြောင်း**

ကျွန်မ မစုမြတ်နိုးဦး TH-055799 ၏ နိုင်ငံကူးစာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၄၉၉၃၂၆**

# ကျေးလက်အိမ်ထောင်စုများအတွက် စွမ်းအားမြှင့်မီးဖိုများ အခမဲ့ထောက်ပံ့

**ပုလဲ နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ကျေးလက်နေအိမ်ထောင်စုများသို့ စွမ်းအားမြှင့်မီးဖိုများ အခမဲ့ထောက်ပံ့ဖြန့်ဝေပွဲအခမ်းအနားကို ယင်းမာပင်ခရိုင် ပုလဲမြို့ ပုလဲရတနာခန်းမ၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ပုလဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးဟိန်းက "သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တော၊ သစ်ပင်များပြုန်းတီးမှုကို လျှော့နည်းပပျောက်စေရန် ရည်ရွယ်၍ မြို့နယ်အတွင်းရှိ ချောင်းကန်၊ သာယာကုန်း၊ အေးကုန်း၊ ကုက္ကိုကုန်း၊ မြကုန်း၊ ညောင်ကုန်း၊ ဇီးဖြူကုန်း၊ သပြေကုန်း၊ နားတော်လျှောက်၊ အိုင်ရောင်း၊ ဦးနှောက်နှင့် တောင်ရွာသစ်ကျေးရွာနေအိမ်ထောင်စုများသို့ စွမ်းအားမြှင့်မီးဖိုများကို တစ်ရွာလျှင် အလုံး ၅၀ ဖြင့် စုစုပေါင်း အလုံး ၆၀၀ ကို အခမဲ့ ထောက်ပံ့ဖြန့်ဝေပေးခြင်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ဖြင့် ပုလဲမြို့နယ်အတွင်းရှိ ကျေးလက်နေ အိမ်ထောင်စုများအတွက် စွမ်းအားမြှင့် မီးဖိုများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၄ ရွာ အတွက် အလုံး ၇၀၀ ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၃ ရွာအတွက် အလုံး ၆၅၀ အခမဲ့ထောက်ပံ့ဖြန့်ဝေခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# ဘဝရဲ့ပျော်စရာအကောင်းဆုံးအချိန် ခေါင်းစဉ်ဖြင့် ကလေးပန်းချီဝါသနာရှင် ၁၂ ဦးအား ပညာသင်အထောက်အပံ့များပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၈**

ငယ်စဉ်ကတည်းကပင် ပန်းချီဝါသနာကြီးမားပြီး အလားအလာကောင်းသည့် ကလေးပန်းချီဝါသနာရှင်များအား တယ်လီနောမြန်မာမှ ဖိတ်ခေါ်ခဲ့ပြီး တယ်လီနောပြက္ခဒိန်အတွက် ရွေးချယ်ခဲ့ရာ ကလေးပန်းချီဝါသနာရှင် ၁၂ဦးထွက်ပေါ်ခဲ့ပြီဖြစ်သဖြင့် ၎င်းတို့၏ ပန်းချီကားများအား စားပွဲတင် ပြက္ခဒိန်အဖြစ် ရွေးချယ်ထားပြီး တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၇၀၀ တန်ဖိုးရှိ သင်ကြားရေးအထောက်အပံ့များကို ဆုရရှိသူများအား ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာလမှစတင်ကာ တယ်လီနောမှ အသက် ၁၀နှစ်မှ ၁၂နှစ်အထိ ကလေးငယ်များကို My Dream Myanmar ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အပါအဝင် နေပြည်တော်တို့မှ ကလေးငယ်ပေါင်း ၆၇၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပန်းချီဒိုင်လူကြီးများက အကဲဖြတ်ကာ ကနဦး အယောက် ၂၀ ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ထိုကလေးငယ်များအား Global Art Myanmar မှ လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ခဲ့ပြီး ကလေးငယ်များအား ခေါင်းစဉ်ပေးကာ ယှဉ်ပြိုင်စေပြီး အကောင်းဆုံးလက်ရာရှင် ၁၂ဦးကို ပန်းချီပညာရှင် ဦးအောင်စည်သူလှိုင်၊ ဦးကျော်သူရိန် နှင့် ဦးမောင်ဦးတို့က ရွေးချယ်ပေးခဲ့ခြင်းဖြစ်ကြောင်း တယ်လီနောမြန်မာမှ Head of Brand & Advertising ကိုနေမျိုးက ပြောကြားသည်။

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ကလေးငယ်များအနိုင်ရရှိခဲ့ကြပြီး ရှမ်းပြည်နယ် ညောင်ရွှေမှ အနိုင်ရရှိသည့် ၁၂ နှစ်အရွယ် မခင်သီရိသော်၏ မိခင်ဖြစ်သူ ဒေါ်ညိုညိုစန်းက "ဆုရရှိခဲ့တာ အခုလို ကျွန်မသမီးလေးအတွက် အခွင့်အရေးကောင်းတစ်ခုဖြစ်ပါတယ်။ သမီးလေး ရန်ကုန်ကို ပထမဆုံးအကြိမ်ရောက်ပြီး ပန်းခြံမှာလျှောက်စီးခဲ့ရတာ သူအလွန်ကို



ပျော်ခဲ့ပါတယ်"ဟု ပြောကြားသည်။

အ. ထ. က (၃) မုံရွာ၌ စာသင်ကြားနေသော မောင်ဇေလက်ယာထွန်းမှာ အနိုင်ရရှိသော စာရင်းတွင်ပါဝင်ခဲ့ပြီး "ကျွန်တော် ပန်းချီဆရာဖြစ်ချင်တယ်။ နောက်ဆုံးအနိုင်ရသူစာရင်းထဲမှာပါပြီး ကျွန်တော့်ရဲ့ပုံကို ပြက္ခဒိန်မှာ မြင်ရမှာဖြစ်လို့ အလွန်ပျော်ပါတယ်" ဟုပြောကြားသည်။

**သတင်း-သွန်းဝသန်၊ ဓာတ်ပုံ-မေဦးမိုး**

## သတင်းတိုများ

### နည်းပညာပြပွဲ Myanmar Event Park ၌ကျင်းပ

ဖြိုက်တုနှင့် broadband နည်းပညာ မိုဘိုင်းလ်အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့်ဆက်သွယ်ရေး သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ပြပွဲကိုနိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းရှိ Myanmar Event Park ၌ ကျင်းပသည်။ စင်ကာပူ၊ အိန္ဒိယ၊ ကနေဒါနှင့် ထိုင်းနိုင်ငံတို့မှ ကုမ္ပဏီပေါင်း ၁၂၀ ကျော် တို့က ပြသခဲ့ကြပြီး မြန်မာနိုင်ငံ၌ရင်းနှီးမြှုပ်နှံမှုရရှိရန် ကြိုးပမ်းမှုမြင့်တက်လျက်ရှိသည်ကို မြင်တွေ့ရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

### ရမည်းသင်းမြို့တွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီး

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင် မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနက စီပီလိုင်းရပ်ကွက်တွင် လေးခန်းတွဲသုံးထပ်တိုက် ဝန်ထမ်းအိမ်ရာတိုက်လေးလုံး ဆောက်လုပ်ရန်တင်ဒါခေါ်ယူခဲ့သဖြင့် ဆောက်လုပ်ရေးကုမ္ပဏီသုံးခုက ဖေဖော်ဝါရီ ၁ ရက်မှစပြီး ဆောက်လုပ်ခဲ့ကြရာ ပြီးစီးနေပြီဖြစ်သည်။ တိုက်တစ်လုံးတွင်လေးခန်းတွဲအခန်း ၁၂ ခန်းစီပါရှိသဖြင့် တိုက်လေးလုံးအတွက် အခန်း ၄၈ ခန်း ၄၈ ဦးနေထိုင်နိုင်သည်။ အဆိုပါသုံးထပ်တိုက်လေးခန်းတွဲတိုက်ခန်းများအား ဝန်ထမ်းများကို ဦးစားပေးနေရာချထားပေးမည်ဖြစ်သည်။ **(၀၁၁)**

### သရက်ခရိုင် ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းစည်းဝေး

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့ ခရိုင်ဥပဒေရုံးတွင် နိုဝင်ဘာ ၁၅ ရက်က ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေအရာရှိများ၊ ဒုတိယဥပဒေအရာရှိများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။ ခရိုင်ဥပဒေအရာရှိ ဦးလှမြင့်က မှုခင်းများ၊ ထူးခြားသည့် မှုခင်းများ၊ တရားစွဲအမှုလိုက်ဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးပြီး တက်ရောက်လာသည့် မြို့နယ်ဥပဒေအရာရှိများက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ၊ အခက်အခဲများကိုတင်ပြသည်။ ခရိုင်ဥပဒေအရာရှိက ဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် မှာကြားခဲ့သည်။

**ပေါက်ကလေး(သရက်)**

### အေးမြသာယာမြို့၌ ဆွေးမြည့်သစ်သားတိုင်များလဲလှယ်

ပဲခူးတိုင်းဒေသကြီး အေးမြသာယာမြို့အတွင်းရှိ ဘုန်းကြီးကျောင်းလမ်းတွင် ၁၀၀ ကေဗွီအေထရန်စဖော်မာတစ်လုံးနှင့် ၂၀၀ ကေဗွီအေထရန်စဖော်မာမှ ဓာတ်အားပေးထားသော ၄၀၀ ဗို့ဓာတ်အားလိုင်းရှိ ဆွေးမြည့်သစ်သားတိုင် ၂၄၂ တိုင်ကို ကွန်ကရစ်တိုင်၊ သံလက်တန်းဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးရန်ပုံငွေဖြင့် လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၇ ရက်က လုပ်ငန်းများအားလုံးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**


**ပဲခူးတိုင်းအနောက်ပိုင်းရှိ ဆည်မြောင်းဦးစီးဌာန**
**အိတ်ဖွင့် တင်ဒါခေါ်ယူခြင်း**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာန ပဲခူးတိုင်းအနောက်ပိုင်းရှိ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၂)တွင် (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်၊ ဂျပန်နိုင်ငံ၏ (ODA)ချေးငွေဖြင့် ဆောင်ရွက်မည့် နတ်တလင်းမြို့နယ် တောင်ညိုရေလှောင်တမံစီမံကိန်းနှင့် ပေါင်းတည်မြို့နယ် ဝဲကြီးရေလှောင်တမံ စီမံကိန်းတူးမြောင်းများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

ဝယ်ယူလိုသည့် ပစ္စည်းအမျိုးအစား၊ အရေအတွက်နှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး(၂)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၃-၁၁-၂၀၁၅ရက်မှစ၍ ကြေညာထားမည် ဖြစ်ပါသည်။

| | |
|---|---|
| **တင်ဒါထုတ်ယူနိုင်သည့်ရက်** | - ၄-၁၂-၂၀၁၅ရက် |
| **နောက်ဆုံးတင်သွင်းရမည့်ရက်** | - ၁၀-၁၂-၂၀၁၅ရက် ညနေ ၄နာရီ |
| **တင်ဒါဖွင့်မည့်ရက်** | - ၁၁-၁၂-၂၀၁၅ရက် နံနက် ၁၀နာရီ (တောင်ညို) |
| | - ၁၁-၁၂-၂၀၁၅ရက် ညနေ ၃နာရီ (ဝဲကြီး) |
| **ဆက်သွယ်ရန် ဖုန်း** | - ၀၅၃-၂၈၅၃၃ |
| **တင်ဒါပေးပို့ရမည့်နေရာ** | - ညွှန်ကြားရေးမှူးရုံး၊ ငွေစာရင်းဌာနစိတ် |

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၂)၊ ငွေစာရင်းဌာနစိတ်တွင် ၄-၁၂-၂၀၁၅ရက်မှ ၁၀-၁၂-၂၀၁၅ရက်ထိ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**တည်ဆောက်ရေး(၂)၊ ပြည်မြို့**

ဖြိုး
ဂုဏ်ထူးဝင်ခွင့်သင်တန်း
ရွေးကောက်ပွဲကော်မရှင်
ဦးစီးအရာရှိ (၁လပိုင်းဖြေမည့်ဂုဏ်ထူးများ)
Special Class - ၃၅၀၀၀ိ/-
အနီးကပ် -၂၀၀၀ိ/-
Assignment ဝယ်ယူနိုင်သည်။
၁၅ (F) မဟာဗောဓိလမ်း၊ မြေနီကုန်း၊ ရန်ကုန်။ ဖုန်း- ၀၉၅၁၃၇၂၄၉

**၁၉၇၅-၇၉ ခုနှစ် ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ**
**ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏**
**သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲအတွက်**
**အစည်းအဝေးဖိတ်ကြားခြင်း**

**သူငယ်ချင်းတို့ရေ-**

အာစရိယပူဇော်ပွဲအတွက် တိုင်ပင်ဆွေးနွေးကြဖို့ ဖိတ်ခေါ်အပ်ပါသည်။ မပျက်မကွက် ဆက်ဆက်လာခဲ့ကြပါ။

| | |
|---|---|
| **နေ့ရက်** | - ၂၉-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) |
| **နေရာ** | - TG Bar & Restaurant, Golden Hill ကမ္ဘာအေးဘုရားလမ်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့ |
| **အချိန်** | - မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီ |

**ကျန်းမာရေးဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကရင်ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန**
**အိတ်ဖွင့် တင်ဒါခေါ်ယူခြင်း**

၁။ (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်၊ ကရင်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ခရိုင်/မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

| | |
|---|---|
| **စတင်ရောင်းချမည့်ရက်** | - ၁၆-၁၁-၂၀၁၅ရက် |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - ၁၆-၁၂-၂၀၁၅ရက် ညနေ ၄နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**ကရင်ပြည်နယ်၊ ဘားအံမြို့**
**ဖုန်း-၀၅၈-၂၁၂၃၆၊ ၀၅၈-၂၁၀၅၃**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)**
**သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းနှင့်**
**66KV ဓာတ်အားလိုင်း သံလွင်မြစ်ကျော်တာဝါတိုင်**
**တည်ဆောက်ရေးစီမံကိန်း**
**မွန်ပြည်နယ်၊ မော်လမြိုင်မြို့**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းနှင့် 66KVဓာတ်အားလိုင်း၊ သံလွင်မြစ်ကျော်တာဝါတိုင်တည်ဆောက်ရေးစီမံကိန်းတို့တွင် အသုံးပြုရန်လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် သယ်ယူ/ဝယ်ယူလိုပါသည်။

၂။ ပစ္စည်းသယ်ယူ/ဝယ်ယူရန်

(၁) မြိုင်ကလေးမှ ဘိလပ်မြေအား သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးလုပ်ငန်းခွင်စတိုသို့ သယ်ယူခြင်း

(၂) 6"x9" ကျောက်ကြီးဝယ်ယူခြင်း

(၃) 8mm thick M.S Plate

(၄) Bentonite ဝယ်ယူခြင်း

(၅) တောသစ်ဝယ်ယူခြင်း

| | |
|---|---|
| **တင်ဒါတင်သွင်းရမည့်ရက်** | - ၁၈-၁၁-၂၀၁၅ရက်မှ ၂-၁၂-၂၀၁၅ရက် - ညနေ ၄နာရီ |
| **တင်ဒါစိစစ်ရွေးချယ်ရမည့်ရက်/အချိန်** | - ၃-၁၂-၂၀၁၅ရက် မွန်းလွဲ ၁၃:၀၀နာရီ |
| **တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ** | - သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်၊ ရေတပ်ဝင်း၊ မုပွန်ရပ်၊ မော်လမြိုင်မြို့ |

၃။ တင်ဒါစည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များ၊ တင်ဒါလျှောက်လွှာပုံစံများကို သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးအဖွဲ့(၁)ရုံးနှင့် တည်ဆောက်ရေးအဖွဲ့(၄)ရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်တွင် ၁၈-၁၁-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။



# ခြိမ့်ခြိမ့်သဲနွဲ့ပျော် မဒေါက်တန်ဆောင်တိုင် မီးမျှောပွဲတော်

**မဒေါက် နိုဝင်ဘာ ၁၈**

(၄၃)ကြိမ်မြောက် မဒေါက်မြို့ တန်ဆောင်တိုင်မီးမျှောပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပမည် ဖြစ်သည်။ နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် မြို့မ(၂) ယိမ်းအဖွဲ့က ဦးဆောင်ကာ ရှင်ဥပဂုတ္တ မထေရ်မြတ်ကြီးအား မဒေါက်မြို့အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၁ ရွာမှ အမျိုးသား အမျိုးသမီး တက်ခုတ်တက်ပျံ ယိမ်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများ၏ ကရင်ဒုံးယိမ်းအက အလှများဖြင့် ဖျော်ဖြေမည်ဖြစ်ပြီး ညနေ ၆ နာရီ၌ ရောင်စုံမီးကြာခွက် ၁၀၀၀၀ ဖြင့် မီးမျှောပူဇော်ကြမည်ဖြစ်သည်။

ယခုနှစ်တွင် အဆိုပါ ပွဲတော်ရက်များအတွင်း ယခင်နှစ်ထက် ပိုမိုစည်ကားစေရန် ချောတိုင်တက်ပြိုင်ပွဲ၊ စစ်တောင်းမြစ်အတွင်း ကျင်းပပြုလုပ်မည့် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲ၊ ပထမတန်းလက်ရွေးစင်များပါဝင်သော ဖိတ်ခေါ်ဘောလီဘောပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ စတုဒိသာအကျွေးအမွေးများနှင့် လှူဒါန်းကုသိုလ်ပြုသွားမည်ဖြစ် ကြောင်း၊ ထို့အပြင် ဇာတ်သဘင်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပွဲနှင့် အထူးအစီ အစဉ်အဖြစ် ခြင်း၌ ဝိဇ္ဇာဦးအုန်းမြင့်၊ ခြင်းမင်းသား ရဲမာန်(ရန်ကုန်)၊ ဆွေဆွေမာ ဦးစီးသော ရွှေသဟာခြင်းအဖွဲ့က ခြင်းအလှပြခတ်ကစားခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ပိန်းဇလုပ်သိန်းညွန့်**

**ဓာတ်ပုံ-ကိုကိုနေ**



## မြန်မာ့အလင်း စာတည်းထံပေးစာများ

### စက္ကူစက်ရုံမှကာဗွန်မီးခိုးငွေ့များကြောင့် ကျန်းမာရေးထိခိုက်စေ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၁၂) ရပ်ကွက် အောင်ဓမ္မရိပ်သာလမ်းရှိ စက္ကူစက်ရုံမှ မီးခိုးအမှုန်အမွှားများနှင့် ပျော့ဖတ်ရည်ပုပ်သိုးနံ့များနေ့စဉ် ထွက်ပေါ်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ မီးခိုးငွေ့များနှင့် အနံ့အသက်ဆိုးများကို ရှူရှိုက်နေရပါသဖြင့် ထို့ကြောင့် ရပ်ကွက်နေပြည်သူများ၏ ကျန်းမာရေးကိုထိခိုက်စေနိုင်သဖြင့် အဆိုပါ စက္ကူစက်ရုံအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူတစ်ဦး**

.................................

### ဆိုင်းဘုတ်ဆိုင်ဆူညံမှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုရှိ

မော်လမြိုင်မြို့ သာယာကုန်းရပ်ကွက် အောက်လမ်းမကြီး အစိုးရဘဏ်နှင့်ကပ်လျက် အိမ်တစ်အိမ်သည် ပလတ်စတစ်ဆိုင်းဘုတ်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ ထိုလုပ်ငန်းမှ ဆိုင်းဘုတ်ဖြတ်သံများ၊ ဆေးမှုတ်ရာမှထွက်ပေါ်လာသော အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိနေထိုင်သူများ နေ့စဉ် ဆူညံမှုများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရခြင်း၊ ဆိုးဆေးအနံ့ဆိုးများကို ရှူရှိုက်နေရခြင်း၊ ကျန်းမာရေးထိခိုက်နေရခြင်းများကြောင့် တာဝန်ရှိသူများ အမြန်ဆုံးဖယ်ရှားပေးနိုင်ရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူများ**

.................................

### အိမ်နောက်လမ်းကြား အမှိုက်များရှင်းလင်းပေးစေလို

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်ရှိ နေအိမ်နောက်ဖေးလမ်းကြားများတွင် စည်းကမ်းမဲ့သူအချို့ကြောင့် အမှိုက်များတစ်နေ့တခြားများပြားစုပုံလာလျက်ရှိပါသည်။

မိုးရာသီတွင် ရေစီးရေလာကောင်းမွန်ရေးနှင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးညီညွတ်စေရန်နှင့် နေထိုင်မှုအဆင့်အတန်းများ မြင့်မားလာစေရန်အတွက် စည်းကမ်းမဲ့စွန့်ပစ်မှုများ မပြုလုပ်ရန် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါ သည်။

**အနံ့ဆိုးများကင်းလိုသူ**



# မြန်မာ့သိုင်းပညာတိုးတက်ပြန့်ပွားရေးအဖွဲ့ ဒိုင်(နည်း/စနစ်)နှင့် ဆရာအဆင့် သင်တန်းဖွင့်

**မိတ္ထီလာ နိုဝင်ဘာလ ၁၈**

မိတ္ထီလာခရိုင်၌ အထက်မြန်မာပြည် သိုင်းလေ့ကျင့်ရေးသင်တန်းကျောင်း ဖွင့်လှစ်နိုင်ရေးနှင့် မျိုးဆက်သစ်သိုင်းဆရာများ ပေါ်ထွန်းလာစေရေးတို့အတွက် မြန်မာ့ရိုးရာသိုင်းပညာပြန့်ပွားရေးအဖွဲ့ မြန်မာ့သိုင်းအဖွဲ့ချုပ် အသိအမှတ်ပြု ဒိုင် (နည်း/စနစ်)နှင့် ဆရာအဆင့် သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၇ ရက်က ခရိုင်အားကစားခန်းမ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့သိုင်းလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်ငွေက အမှာစကားပြောကြားပြီး မိတ္ထီလာခရိုင်သိုင်းပညာတိုးတက်ရေးနာယက ဦးတင်မောင်ဆွေက မြန်မာ့ရိုးရာသိုင်းပညာပြန့်ပွားရေးအတွက် မြို့ပေါ်ရပ်ကွက်များ သာမက ကျေးလက်တောရွာများပါ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး မြန်မာ့ရိုးရာအမွေအနှစ် ထိန်းသိမ်းနိုင်ရန်၊ အသက်အန္တရာယ် ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ယခုအခါ မြန်မာ့ရိုးရာသိုင်းပညာကို အားကစားနည်းအသွင်ဖြင့် နိုင်ငံတော်မှပြိုင်ပွဲများ ကျင်းပပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းမှာ ရက်တိုသင်တန်းဖြစ်သော်လည်း မိတ္ထီလာခရိုင်၌ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်လက်အောက် အထက်မြန်မာပြည် မြန်မာ့သိုင်းလေ့ကျင့်ရေးကျောင်း ဖွင့်လှစ်နိုင်ရန်နှင့် မျိုးဆက်သစ်သိုင်းဆရာများ ပေါ်ထွန်းလာစေရေးတို့အတွက် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းကို နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားသွားမည်ဖြစ်ပြီး မိတ္ထီလာခရိုင်အတွင်းရှိ သိုင်းသမား ၄၀ ကျော် တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# တန့်ယန်းမြို့နယ်တွင် ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးဆောင်ရွက်

**တန့်ယန်း နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာပြီး လူမှုစီးပွားဘဝတိုးတက်ရေးအတွက် အိမ်သုံးဆိုလာစနစ်ဖြင့် လျှပ်စစ်မီးလင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါအိမ်သုံးဆိုလာစနစ်ဖြင့် လျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ဆိုလာပြားအပါအဝင် ၁၂ ဗို့ဘက်ထရီအားသုံး ဆက်စပ်ပစ္စည်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း နမ့်ပွန်းကျေးရွာတွင် အစုံ ၅၀၊ ဟိုမွမ်းကျေးရွာတွင် ၄၅ စုံ၊ ဟာပွတ်ကျေးရွာတွင် ၄၈ စုံ၊ လုတ်စီတုန်းကျေးရွာတွင် ၃၆ စုံ၊ နမ့်ခါးကျေးရွာတွင် ၄၉ စုံ၊ နမ့်လင်းကျေးရွာတွင် ၃၄ စုံ၊ ဟိုတာကျေးရွာတွင် ၂၃ စုံ စုစုပေါင်း ကျေးရွာခုနစ်ရွာအတွက် ဆိုလာနှင့် ဆက်စပ်ပစ္စည်းအစုံ ၂၈၅ စုံကို ငွေကျပ် ၅၆ ဒသမ ၁၄၇ သန်းအကုန်အကျခံကာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

## အထူးရဲသတင်းများ



### ကြည့်မြင်တိုင်

ကြည့်မြင်တိုင်မြို့နယ်အတွင်း မဲရုံများ၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အထူးရဲတပ်ဖွဲ့ဝင်များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်က ကြည့်မြင်တိုင်မြို့နယ်ရဲတပ်ဖွဲ့စခန်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

.................................

### ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့နယ်ခန်းမဆောင်၌ နိုဝင်ဘာလ ဒုတိယပတ်က ၂၀၁၅ ခုနှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးတွဲဆောင်ရွက်ခဲ့သော အထူးရဲတပ်ဖွဲ့ဝင် ၁၇၅ ဦးကို ရဲချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**အောင်ဆင့်**

.................................

### နတ်မောက်

အထူးရဲတပ်ဖွဲ့ဝင်များ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲကို နိုဝင်ဘာ ၁၃ရက်က နတ်မောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးငွေအောင်နှင့် မြို့နယ်လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းချိုတို့က လုံခြုံရေးတာဝန်ထမ်းဆောင်ခဲ့ကြသည့် အထူးရဲတပ်ဖွဲ့ဝင် ၂၈၂ ဦးအား ရဲချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**လှဝင်း(ပြန်/ဆက်)**

.................................

### မြို့သစ်

ရွေးကောက်ပွဲ လုံခြုံရေး တာဝန်ထမ်းဆောင်ခဲ့သည့် အထူးရဲများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကို နိုဝင်ဘာ ၁၃ ရက်က မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်း၌ ကျင်းပရာ အထူးရဲတပ်ဖွဲ့ဝင် ၁၆၂ ဦးတို့အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၁၆၂)

# ဓာတ်မြေဩဇာနှင့် အဆိပ်သင့်ခြင်း

သိပ္ပံစာရေးဆရာကိုကိုအောင်



ကမ္ဘာ့လူဦးရေ အဆမတန်တိုးပွားလာနေခြင်းသည် ကောက်ပဲသီးနှံစိုက်ပျိုးထုတ်လုပ်မှု ကိန်းဂဏန်းများကို ပို၍ကြီးထွားလာစေသည်။ တိုးပွားလာသောလူဦးရေနှင့်အညီ စိုက်ပျိုးမြေများကို ချဲ့ထွင်ကြသော်လည်း အလှမ်းကွာဝေးလွန်းလှသောစိုက်ခင်းများတွင် ပြုစုပျိုးထောင်စိုက်ပျိုးရသော စရိတ်စကများက ကြီးလေးသည့်အတွက် စိုက်ပျိုးလက်စ မြေဧရိယာအတွင်း၌ပင် ကောက်ပဲသီးနှံများကို အထွက်တိုးအောင် နည်းမျိုးစုံဖြင့် ကြံဆလာကြသည်။

ဤသို့အားဖြင့် ကောက်ပဲသီးနှံအထွက်နှုန်းကို တိုးပွားစေသည့် ဓာတ်မြေဩဇာများသည် စိုက်ပျိုးတောင်သူတို့၏ အားကိုးအားထားပြုစရာ ဖြစ်လာခဲ့တော့သည်။ စပါး၊ ဂျုံ၊ ပဲ၊ နှမ်း၊ ပြောင်းစသော ရာသီသီးနှံများကို စိုက်ပျိုးရန်စဉ်းစားသည့်အခါ ဓာတ်မြေဩဇာသုံးစွဲရေးကိုသာ ရှေ့တန်းတင်လာကြသည်။ ကောက်ပဲသီးနှံစိုက်ခင်းများတွင် ဓာတ်မြေဩဇာသုံးစွဲမှု ကာလကြာမြင့်လာသည့်အခါ မြေဆီလွှာကိုထိခိုက်မှုများ သိသိသာသာ ဖြစ်ပေါ်လာသည်။

ကောက်ပဲသီးနှံများ ရှင်သန်ကြီးထွားဖွံ့ဖြိုးစေရေးအတွက် ဒြပ်စင် ၁၆ မျိုး လိုအပ်သည်။ ထိုဒြပ်စင်များမှာ ကာဗွန်ဒိုင်အောက်ဆိုက်၊ အောက်ဆီဂျင်၊ ဟိုက်ဒရိုဂျင်၊ နိုက်ထရိုဂျင်၊ ဖော့စ်ပရပ်စ်၊ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ ကယ်လ်ဆီယမ်၊ ဆာလ်ဖာ၊ ဘိုရွန်၊ ကလိုရင်း၊ ကော့ပါး၊ အိုင်းယွန်း၊ ဇင့်၊ မင်းဂနီးစ်နှင့် မိုလီဒီနမ်တို့ ဖြစ်ကြသည်။

အဆိုပါ ဒြပ်စင် ၁၆ မျိုးအနက် ကာဗွန်ဒိုင်အောက်ဆိုက်၊ အောက်ဆီဂျင်နှင့် ဟိုက်ဒရိုဂျင်တို့ကို လေထုထဲက အရန်သင့်စုပ်ယူရရှိကြသည်။ ကျန်ဒြပ်စင်များကိုမူ မြေကြီးထဲက စုပ်ယူရရှိရန် လိုအပ်သည်။ မြေကြီးထဲမှ တစ်ဆင့်ရရှိနိုင်သော ဒြပ်စင်များအနက် နိုက်ထရိုဂျင်သည် ကောက်ပဲသီးနှံများ၏ အပင်ပိုင်းဆိုင်ရာကြီးထွားမှုကို ပံ့ပိုးဖြည့်ဆည်းပေးပြီး ဖော့စ်ပရပ်စ်ကမူ ကောက်ပဲသီးနှံများ၏ လိင်ပိုင်းဆိုင်ရာ ကြီးထွားမှုကို အဓိကအားဖြင့် ပံ့ပိုးဖြည့်ဆည်းပေးသည်။ ထိုအချက်ကိုသိရှိထားကြသော ဓာတ်မြေဩဇာထုတ်လုပ်သူများသည် နိုက်ထရိုဂျင်နှင့် ဖော့စ်ပရပ်စ်တို့ ထူးထဲစွာဖြည့်စွက်ထားသော ဓာတ်မြေဩဇာများကို ထုတ်လုပ်ရောင်းချလျက် ရှိနေကြသည်။

ထိုသို့သော ဓာတ်မြေဩဇာများကို သုံးစွဲစိုက်ပျိုးမှု နှစ်ကာလကြာရှည်လာသည့်အခါ ယင်းစိုက်ပျိုးမြေသည် နိုက်ထရိုဂျင်နှင့် ဖော့စ်ပရပ်စ်တို့သာ ကြွယ်ဝနေပြီး ကျန်ဒြပ်စင်များ တဖြည်းဖြည်းနှင့် ချို့တဲ့ဆုံးရှုံးလာတော့သည်။ ထိုအခြေအနေသည် ကောက်ပဲသီးနှံအထွက်နှုန်းကို ကျဆင်းသွားစေရုံမျှမက ထွက်ရှိလာသောကောက်ပဲသီးနှံ၏ အရည်အသွေးကိုပါ ဆိုးဆိုးရွားရွား ထိခိုက်စေသည်။

ကောက်ပဲသီးနှံမျိုးစိတ်များသည် တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားနေကြသလို မြေကြီးထဲက စုပ်ယူစားသုံးကြရသော ဒြပ်စင်များ၏အချိုးအဆသည်လည်း မျိုးစိတ်တစ်ခုနှင့်တစ်ခု မတူညီကြပေ။ အပင်မျိုးစိတ် တစ်ခုတည်း၌ပင်လျှင် ကြီးထွားဖွံ့ဖြိုးမှုမတူညီပါက မြေကြီးထဲက ဒြပ်စင်များကို စုပ်ယူသည့်ပမာဏနှင့် အချိုးအဆတို့ကလည်း အမျိုးမျိုးကွဲပြားခြားနားကြသည်။

ဤသို့သော သဘောသဘာဝများကြောင့် ချို့တဲ့ဆုံးရှုံးသွားသော ဒြပ်စင်အားလုံးကို ပြန်လည်ဖြည့်တင်းမပေးဘဲ နိုက်ထရိုဂျင်နှင့် ဖော့စ်ပရပ်စ်တို့ကိုသာ ထပ်ကာတလဲလဲ ဖြည့်ဆည်းပေးနေခြင်းသည်လည်းကောင်း၊ ကျန်ဒြပ်စင်များကို ဖြည့်ဆည်းပေးရာ၌လည်း ဆုံးရှုံးမှုပမာဏအလိုက် အချိုးညီညီ ဖြည့်ဆည်းမပေးနိုင်ခြင်းသည်လည်းကောင်း မြေဆီလွှာကိုထိခိုက်ပျက်စီးစေသော အကြောင်းတရားများ ဖြစ်လာရတော့သည်။ တစ်နည်းဆိုရသော် ရှိသင့်သောဒြပ်စင်များ မရှိတော့ခြင်းနှင့် ဓာတ်မြေဩဇာများကြောင့် အဆမတန်ပိုလျှံလွန်ကဲလာသော ဒြပ်စင်များသည် မြေဆီလွှာ၏ ဇီဝဓာတုဖြစ်စဉ်များကို ကမောက်ကမဖြစ်သွားစေခြင်းပင် ဖြစ်သည်။

ထို့ပြင် ဓာတ်မြေဩဇာများကို စီမံထုတ်လုပ်ရာ၌ ပါဝင်ရောနှောလာလေ့ရှိသည့် ခဲနှင့် ကက်ဒမီယမ်ကဲ့သို့ သော ဒြပ်စင်များကြောင့် မြေဆီလွှာနှင့်တကွ သဘာဝပတ်ဝန်းကျင်ကို အဆိပ်အတောက်ဖြစ်စေသည်။ ဓာတ်မြေဩဇာများကို အဖန်တလဲလဲ ထပ်ဆင့်သုံးစွဲလာသည့်အခါ ကောက်ပဲသီးနှံများသည် ဒြပ်စင်များကို လိုအပ်သည်ထက် ပိုမိုလွန်ကဲစွာ စုပ်ယူထားကြရပြီး အပင်ထဲ၌ ဝန်ထုပ်ဝန်ပိုးတစ်ခုအဖြစ် သိုလှောင်ထိန်းသိမ်းထားကြရသည်။

ထိုအခါ အပင်များသည် သိသိသာသာအရည်ရွှမ်းလာပြီး အမိုင်နိုအက်စစ်နှင့် သကြားဓာတ်များလည်း ပိုမိုများပြားလာကြသည်။ အမိုင်နိုအက်စစ်နှင့် သကြားဓာတ်ကို နှစ်ခြိုက်ကြသော အပင်ဖျက်ပိုးမွှားများလည်း အဆမတန်ပေါက်ပွားလာကာ အပင်များကို အုပ်စုလိုက် ဖျက်ဆီးကုန်ကြတော့သည်။ ဤသို့အားဖြင့် ဓာတ်မြေဩဇာကိုသုံး၍ စိုက်ပျိုးထားသောအပင်များသည် ဖွံ့ဖြိုးကြီးထွား သန်မာကြသည့်တိုင် အပင်ဖျက် အင်းဆက်ပိုးမွှားများ၏ အုပ်စုလိုက်ဖျက်ဆီးခံရခြင်းမှ လွတ်ကင်းစေရန်အတွက် ပိုးသတ်ဆေးကို အများအပြားသုံးစွဲကြရတော့သည်။

ကောက်ပဲသီးနှံစိုက်ခင်းများတွင် သုံးစွဲနေကြသော ပိုးသတ်ဆေးများကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်ပိုးသတ်ဆေးအဆိပ်သင့်သူ သုံးသန်းနှင့် အဆိပ်သင့်မှုကြောင့် သေဆုံးရသူ ၂၂၀၀၀၀ အထိရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သုတေသနပြုတွေ့ရှိရသည်။ ပိုးသတ်ဆေးသည် ဦးနှောက်နှင့်အာရုံကြောများ ထိခိုက်ခြင်း၊ ကင်ဆာဖြစ်ပွားခြင်း၊ သားမြုံမှုကိုဖြစ်စေပြီး မျိုးပွားမှုကို ထိခိုက်ခြင်းများ ဖြစ်စေနိုင်ကြောင်း သိပ္ပံပညာရှင်တို့က သတိပေးထားကြသည်။

**စိုက်ခင်းများတွင် သုံးစွဲနေကြသော ပိုးသတ်ဆေးများကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်ပိုးသတ်ဆေးအဆိပ်သင့်သူ သုံးသန်းနှင့် အဆိပ်သင့်မှုကြောင့် သေဆုံးရသူ ၂၂၀၀၀၀ အထိရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သုတေသနပြုတွေ့ရှိရသည်။ ပိုးသတ်ဆေးသည် ဦးနှောက်နှင့်အာရုံကြောများ ထိခိုက်ခြင်း၊ ကင်ဆာဖြစ်ပွားခြင်း၊ သားမြုံမှုကိုဖြစ်စေပြီး မျိုးပွားမှုကို ထိခိုက်ခြင်းများ ဖြစ်စေနိုင်ကြောင်း သိပ္ပံပညာရှင်တို့က သတိပေးထားကြသည်. . .**



ထို့ပြင် ကောက်ပဲသီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးများကို တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြခြင်းကြောင့် ပိုးသတ်ဆေးဓာတ်ကြွင်းများသည် ကမ္ဘာ့မြေလွှာအတွင်းသို့ စိမ့်ဝင်ရောက်ရှိကာ မြေအောက်ရေများအတွင်း၌ ပျော်ဝင်လျက်ရှိနေကြသည်။ မြေအောက်ရေများကို တူးဖော်ရယူပြီး ခေတ်မီနည်းစနစ်များသုံးကာ သောက်ရေသန့်များအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိနေကြသော်လည်း သောက်ရေသန့်အများစုတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများ ပျော်ဝင်လျက်ရှိနေကြောင်းကို သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ ပိုးသတ်ဆေးဓာတ်ကြွင်းများ ပျော်ဝင်နေသောရေသည် ကျောက်ကပ်၏ခံနိုင်ရည်စနစ်နှင့် ဗဟိုနာဗ်ကြောတို့ကို ပြင်းထန်စွာထိခိုက်စေသည့်အပြင် ကင်ဆာရောဂါများလည်း ဖြစ်ပွားလာနိုင်ကြောင်း ဆေးသိပ္ပံပညာရှင်တို့က ထုတ်ဖော် ကြေညာထားကြသည်။

ဓာတ်မြေဩဇာများကြောင့် သဘာဝမြေဆီလွှာ၏ ဇီဝဓာတုဖြစ်စဉ်များ ကမောက်ကမဖြစ်ကာ မြေဆီလွှာ ပျက်စီးသွားရသလို. . . ဆက်စပ် ဆိုးကျိုးများအဖြစ်လည်း စိုက်ပျိုးထွက်ရှိလာသော ကောက်ပဲသီးနှံများတွင် ပိုးသတ်ဆေးများ ကပ်ငြိကျရောက်နေမှုကြောင့် စားသုံးသူများအား ပိုးသတ်ဆေး အဆိပ်သင့်စေခြင်းနှင့် သောက်သုံးရေများတွင် ပါရှိလာသော ပိုးသတ်ဆေးဓာတ်ကြွင်းများကြောင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ကြရခြင်းတို့ကို ဖြစ်ပေါ်စေသည်။

ဓာတ်မြေဩဇာအားကိုးဖြင့်စိုက်ပျိုးသော ကောက်ပဲသီးနှံများ၏ သဘာဝအရ သီးနှံဖျက်ပိုးအများအပြားကျရောက်မှုကို ကာကွယ်တိုက်ဖျက်ရန် ပိုးသတ်ဆေးအမြောက်အမြားကို သုံးစွဲကြရသောကြောင့် ပိုးသတ်ဆေးအဆိပ်သင့်မှုနှင့် ပိုးသတ်ဆေးဓာတ်ကြွင်း အဆိပ်သင့်မှုတို့ကို ဖြစ်ပေါ်စေသလို. . . ဓာတ်မြေဩဇာကြောင့် တိုက်ရိုက်ဖြစ်ပွားရသော အဆိပ်သင့်မှုမျိုးကလည်း နေရာအနှံ့တွင် ဖြစ်ပေါ်လျက်ရှိနေသည်။

စိုက်ခင်းများတွင်အသုံးပြုသော ဓာတ်မြေဩဇာအများအပြားသည် မြေလွှာအောက်အနက်ပိုင်းအထိ စိမ့်ဝင်စီးဆင်းသွားပြီး ဓာတ်မြေဩဇာတွင် ပါဝင်နေသည့် အဆိပ်သင့်စေသော ဓာတုဒြပ်စင်များက မြေအောက်ရေများထဲ၌ပျော်ဝင်ကာ ကမ္ဘာ့မြေလွှာအောက်ရှိ ရေထုကြီးကိုပါ ညစ်ညမ်းပျက်စီးစေလျက် ရှိသည်။

ဓာတ်မြေဩဇာထဲတွင် ရာခိုင်နှုန်းအများဆုံး ပါဝင်နေသော နိုက်ထရိုဂျင်ဒြပ်စင်များသည် မြေလွှာအောက်သို့ စိမ့်ဝင်ရောက်ရှိပြီး နိုက်ထရိတ်များအဖြစ် မြေအောက်ရေထဲ၌ ပျော်ဝင်လျက်ရှိနေသည်။ နိုက်ထရိတ်ပျော်ဝင်မှုနှုန်းသည် ရေတစ်လီတာတွင် ၁၀ မီလီဂရမ်အထိ ဖြစ်လာခဲ့လျှင် ကျန်းမာရေးကိုထိခိုက်စေသော မြေအောက်ရေအဆိပ်သင့်မှုအဆင့်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

အကယ်၍ မြေအောက်ရေတစ်လီတာတွင် နိုက်ထရိတ် ပျော်ဝင်မှုနှုန်းသည် ၂၅ မီလီဂရမ်အထိ မြင့်တက်လာမည်ဆိုပါက သွေးကိုအဆိပ်သင့်စေနိုင်သောအဆင့်ထိတိုင် ရောက်ရှိလာပြီ ဖြစ်သည်။ ထိုရေမျိုးကို အသက်နှစ်နှစ်အောက် ကလေးငယ်များ သောက်သုံးမိပါက သွေးအဆိပ်သင့်ရောဂါကို ဖြစ်ပွားစေနိုင်သည်။ Blue Baby Syndrone ဟူ၍လူသိများသော အဆိုပါရောဂါသည် ကလေးငယ်များ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသော အဆိပ်သင့်ရောဂါဆိုးတစ်မျိုးဖြစ်သည်။

နိုက်ထရိုဂျင်နှင့် ဖော့စ်ပရပ်စ်တို့ လွန်ကဲစွာပါဝင်နေသော ဓာတ်မြေဩဇာများသည် ကောက်ပဲသီးနှံစိုက်ခင်းများမှတစ်ဆင့် မြစ်ချောင်း၊ အင်းအိုင်များထဲသို့လည်း စီးဝင်လျက် ရှိနေကြသည်။ ထိုသို့ စီးဝင်မှုကြောင့် ရေညှိ၊ ရေမှော်ပင်များသည် ကနဦးတွင် တစ်မုဟုတ်ချင်း အဆမတန် ပွားများလာသည်။

အရေအတွက်များပြားလွန်းလှသော ရေညှိ၊ ရေမှော်ပင်များသည် သက်တမ်းကုန်၍ အစုလိုက်အပြုံလိုက် သေဆုံးသွားကြသည့်အခါ ရေများလည်း ပုပ်သိုးကုန်ကြတော့သည်။ ယင်းသို့သော ပုပ်သိုးခြင်းဖြစ်စဉ်အတွက် ရေထဲမှ အောက်ဆီဂျင်ပမာဏ အများအပြားကို သုံးစွဲလိုက်ကြရသည်။ အောက်ဆီဂျင်ကုန်ခမ်းသွားသောရေထဲတွင် ရောဂါပိုးမွှားများနှင့် ဘက်တီးရီးယားတို့မှလွဲ၍ ကျန်သက်ရှိများ အားလုံးလည်း သေဆုံးကုန်ကြတော့သည်။

ပုပ်သိုးနေသော ရေနောက်များကြောင့် နေအလင်းရောင်သည်လည်း ရေအောက်သို့ဖောက်ထွင်းဝင်ရောက်ခြင်း မပြုနိုင်တော့ပေ။ နေရောင်ဖြင့်အလင်းဖွဲ့၍ အစာချက်ရသော ရေမှော်ပင်များသည်လည်း တစ်စတစ်စ လျော့နည်းသေဆုံးသွားကြရသည်။ ရေညှိ၊ ရေမှော်ပင်များ မရှိတော့ခြင်းသည် အောက်ဆီဂျင်ကို ထုတ်လုပ်ပေးနိုင်သော ရေအောက်အရင်းအမြစ်များ ပျက်သုဉ်းသွားခြင်းပင်ဖြစ်သည်။ ဤသို့အားဖြင့် ဓာတ်မြေဩဇာ သုံးစွဲနေကြခြင်း၏ ဆက်စပ်ဆိုးကျိုးအဖြစ် ရေထုညစ်ညမ်းမှုကြီးလည်း အကြီးအကျယ် ဖြစ်ပေါ်လာရတော့သည်။

ကမ္ဘာအရပ်ရပ်ရှိ ကောက်ပဲသီးနှံစိုက်ခင်းများတွင် ဓာတ်မြေဩဇာများကို ပမာဏအများအပြား သုံးစွဲနေကြသည့်အတွက် အဆိုပါ ဓာတ်မြေဩဇာများကြောင့် ထွက်ပေါ်လာသော မီသိန်းဓာတ်ငွေ့ မက်ထရစ်တန်သန်းပေါင်းများစွာတို့သည်လည်း လေထုထဲသို့ ရောက်ရှိနေရသည်။ မီသိန်းဓာတ်ငွေ့များသည် ဖန်လုံအိမ်အာနိသင်ကိုမြင့်တက်စေပြီး ကမ္ဘာကြီးကိုလည်း ပိုမိုပူနွေးစေလျက်ရှိသည်။ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များထဲ၌ မီသိန်းဓာတ်ငွေ့သည် ကမ္ဘာကြီးပူနွေးအောင်စွမ်းဆောင်မှု ( Gobal Warming Potentials )တွင် ကာဗွန်ဒိုင်အောက်ဆိုက်ထက် ၂၁ ဆ ပိုမိုစွမ်းရည်ရှိသည့်အားလျော်စွာ ဓာတ်မြေဩဇာများကြောင့် ထွက်ပေါ်လာသော မီသိန်းဓာတ်ငွေ့များသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် မိုးလေဝသအခြေအနေများ ကစဉ့်ကလျားဖြစ်စေမှုတို့အတွက် အဓိကကျသော လက်သည်တရားခံကြီးပင် ဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း ဓာတ်မြေဩဇာများကြောင့် ရေညှိ၊ ရေမှော်ပင်များကို ပြုန်းတီးသွားစေသည် ဖြစ်ရာ

**စာမျက်နှာ ၁၇ သို့**

# မင်းဘူးမြို့၌ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် တိုးချဲ့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မင်းဘူး နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ မြို့ပေါ်ရပ်ကွက်များ၌ ရပ်ကွက်နေပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိနိုင်ရန်အတွက် တိုးချဲ့ရေပေးဝေရေးလုပ်ငန်းများကို နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



မြို့တွင်း ရေတင်/ရေဖြန့် ပိုက်လိုင်းများ တူးဖော်နေခြင်း။

မင်းဘူးမြို့သည် ဧရာဝတီမြစ်ကမ်းအနောက်ဘက် ကုန်းမြင့်ပိုင်းဒေသတွင် တည်ရှိသဖြင့် သောက်သုံးရေရရှိရေး ဆောင်ရွက်ရာတွင် မြေအောက်ရေကို တူးဖော်ရန် အခက်အခဲရှိကြောင်း၊ ထို့ကြောင့် မြို့နှင့် တစ်မိုင်ခန့်အကွာရှိ ကျောက်တန်းကျေးရွာမှ မြေအောက်ရေကိုတူးဖော်ပြီး ရေတင်စက်ကြီးများဖြင့် ဖြန့်ဝေပေးကာ အသုံးပြုလျက်ရှိကြောင်း၊ ထိုသို့ဖြန့်ဝေပေးနေသော်လည်း သောက်သုံးရေမလုံလောက်သဖြင့် နိုင်ငံတော်က ဧရာဝတီမြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး မြို့ရေပေးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

မင်းဘူးမြို့ တိုးချဲ့ရေပေးဝေရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် တည်ဆောက်ရေးလုပ်ငန်းများကို ပွင့်ဦးကုမ္ပဏီကလည်းကောင်း၊ ရေတင်နှင့် ရေဖြန့်ဝေပိုက်လိုင်းများ သွယ်တန်းခြင်းလုပ်ငန်းကို WWW ကုမ္ပဏီက လည်းကောင်း၊ ရေမြုပ်ပန့်နှင့် ရေတင်စက်များတပ်ဆင်ခြင်းလုပ်ငန်းနှင့် တိုင်းဒေသကြီး လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်သွယ်တန်းခြင်း လုပ်ငန်းများကို



မြစ်ရေတင်စက်တည်ဆောက်မည့်မြေနေရာ ပြုပြင်နေခြင်း။

ဟန်စိန်သန့်ကုမ္ပဏီကလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်ရန်ပုံငွေ ကျပ် ၁၆၃၄ ဒသမ ၅၃ သန်းဖြင့် အောက်တိုဘာလအတွင်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းဘူးမြို့တွင် မြို့ပေါ်ရပ်ကွက်လေးခု၌ အိမ်ခြေ ၅၂၀၅ အိမ်ရှိကာ မြို့နေလူဦးရေမှာ သုံးသောင်းနီးပါးရှိပြီး အဆိုပါရပ်ကွက်လေးခုအတွက် တစ်ရက်လျှင် သောက်သုံးရေဂါလန်ခြောက်သိန်းခန့် လိုအပ်လျက်ရှိသည်။ လက်ရှိရေဖြန့်ဝေပေးနေမှုမှာ တစ်ရက်လျှင် ရေဂါလန် ၄၁၀၀၀၀ သာ ဖြန့်ဝေပေးနိုင်ကြောင်း သိရသည်။ ယခုဆောင်ရွက်နေသော တိုးချဲ့ရေပေးဝေရေးလုပ်ငန်းများ ပြီးစီးပါက တာဘိုင်ရေစက်ရုံ၊ လိပ်တောင်ရေလှောင်ကန်၊ အောင်မြေရေလှောင်ကန်နှင့် အမှတ်(၂)ရပ်ကွက်ရှိ မြစ်ရေတင်တို့မှတစ်ဆင့် မြို့ပေါ်ရပ်ကွက်နေပြည်သူများအတွက် သောက်သုံးရေလုံလောက်စွာဖြန့်ဝေပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# စစ်ကိုင်းတိုင်းဒေသကြီးအဆင့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကျင်းပ

**မုံရွာ နိုဝင်ဘာ ၁၈**

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး (၂၂)ကြိမ်မြောက်ပြိုင်ပွဲ၏ စစ်ကိုင်းတိုင်းဒေသကြီးအဆင့်ပြိုင်ပွဲကို မုံရွာမြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါက်တာ မြင့်သိန်း၊ တိုင်းဒေသကြီး သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးအောင်ကျော်သူနှင့် အဆို၊ အက၊ အရေး၊ အတီး အနုပညာရှင် ဦးတင်နွယ်တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်များက ဆက်လက်ယှဉ်ပြိုင်ခဲ့ကြသည်။ပြိုင်ပွဲတွင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများအပြင် ပြဇာတ်၊ ဇာတ်တော်ကြီး၊ ကျေးလက်တေးသရုပ်ဖော်၊ ကဗျာလွတ် အက၊ တပင်တိုင် အက၊ ပုလွေ၊ မောင်းဆိုင်း စသည့်ပြိုင်ပွဲများပါထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဖွင့်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သဘင်အနုပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ကိုးခုမှ ကိုယ်စားပြုအနုပညာရှင် ၂၉၈ ဦးဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း၊ အဆိုပြိုင်ပွဲနှင့် အကပြိုင်ပွဲများကို မုံရွာမြို့တော်ခန်းမတွင်လည်းကောင်း၊ အရေးပြိုင်ပွဲကို တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ အတီးပြိုင်ပွဲကို တိုင်းဒေသကြီး အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားရုံ၌လည်းကောင်း နိုဝင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အနိုင်ရရှိသူများမှာ နိုင်ငံတော်အဆင့် ပြိုင်ပွဲများသို့ ဆက်လက်ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ရေငတ်ခံစပါး ခြောက်မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် ကွင်းသရုပ်ပြ

**မြင်းခြံ နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အနိမ့်ကျေးရွာတွင် ရေငတ်ခံစပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၁၅ ရက်က ပြုလုပ်ခဲ့သည်။

ကွင်းသရုပ်ပြပွဲတွင် မြင်းခြံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်လင်းနှင့် မြို့နယ်တာဝန်ခံဦးအောင်နိုင်တို့က ဒေသခံတောင်သူများအား မြစ်ရေတင်၊ ဆည်ရေသောက်နှင့် မိုးကောင်းသောက် ရေစနစ်များဖြင့် စပါးစိုက်ပျိုးရာတွင် သိရှိသင့်သည့် ရေငတ်ခံစပါးမျိုးကွဲများအကြောင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ရေလုံလောက်စွာရရှိခြင်းမရှိသော စိုက်ဧကများတွင် ထိုစပါးများကို စိုက်ပျိုးသင့်ကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အနိမ့်ကျေးရွာ ကွင်းအမှတ်(၁၀၃-က)တွင် သာပေါင်းမြစ်ရေတင်ဖြင့် စိုက်ပျိုးထားသော ရေငတ်ခံစပါးခြောက်မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်အား တောင်သူများကိုယ်တိုင် ကြည့်ရှုစစ်ဆေးစေ၍ ကြိုက်သည့်အကွက်အား မှတ်သားစေခြင်း၊ စံကွက်ရိတ်သိမ်း၍ အထွက်နှုန်းတိုင်းတာခြင်းများ ပြုလုပ်ခဲ့သည်။




ရေငတ်ခံစပါးခြောက်မျိုးကို စံကွက်ရိတ်သိမ်းချိန်တွယ်ရာတွင် အထွက်နှုန်းများမှာ ၆၈ ဒသမ ၅၄ တင်း၊ ၉၃ ဒသမ ၅ တင်း၊ ၇၇ ဒသမ ၃၃ တင်း၊ ၈၄ ဒသမ ၃၆ တင်း၊ ၇၀ ဒသမ ၃၀ တင်းနှင့် ၆၁ ဒသမ ၈၆ တင်းနှုန်း ထွက်ရှိခဲ့ပြီး တောင်သူများမှာ ၉၃ ဒသမ ၅ တင်းဖြင့် အထွက်နှုန်းအကောင်းဆုံးဖြစ်သော (WAB 880 × SG ×42)မျိုးကို ကြိုက်နှစ်သက်ကြကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပြီးနောက် စိုက်ပျိုးရေးသုတေသနမှထုတ်လုပ်သော ရေဆင်း(၃)ပုလဲသွယ် စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကိုလည်း ခရိုင် စိုက်ပျိုးဦးစီးဌာနမှူး၊ မြို့နယ်တာဝန်ခံနှင့် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များက ဒေသခံတောင်သူများအား လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

စာမျက်နှာ ၁၆ မှ

အောက်ဆီဂျင်ဓာတ်ငွေ့များကို ထုတ်လုပ်ပေးနေသော သဘာဝအရင်းအမြစ်များကို ဖျက်ဆီးနေသည့် တရားခံလည်း ဖြစ်သည်။ မြစ်ချောင်း၊ အင်းအိုင်နှင့် ပင်လယ်သမုဒ္ဒရာအောက်ရှိ ရေညှိ၊ရေမှော်ပင်များသည် နေရောင်ခြည်ဖြင့် အလင်းဖွဲ့အစာချက်သည့် ရှင်သန်ရပ်တည်မှုဇီဝယန္တရားကြောင့် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့တစ်မျိုးဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်များကို စုပ်ယူနေရင်း တစ်ချိန်တည်းမှာပင် အောက်ဆီဂျင်ဓာတ်ငွေ့များကိုလည်း ထုတ်လွှတ်ပေးလျက်ရှိနေကြသည်။

ဤမြေကမ္ဘာကြီးအတွက်လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ရေညှိ၊ ရေမှော်ပင်များက ထုတ်လွှတ်ပေးနေကြခြင်းဖြစ်ရာ. . . ဆိုးကျိုးဖြစ်စေသည့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကို စုပ်ယူဖယ်ရှားပြီး ကောင်းကျိုးပြုစေသည့် အောက်ဆီဂျင်ဓာတ်ငွေ့များကို ထုတ်လွှတ်ပေးနေသော သဘာဝအရင်းအမြစ်များကို ဓာတ်မြေသြဇာများက ပြုန်းတီးသွားအောင် လုပ်ဆောင်လျက်ရှိနေကြသည်။

ဓာတ်မြေသြဇာများသည် မြေဆီလွှာအတွင်းရှိ အော်ဂဲနစ်ပစ္စည်းများကို လျင်မြန်စွာဆွေးမြည့်သွားစေသော

**ဓာတ်မြေသြဇာထဲတွင် ရာခိုင်နှုန်းအများဆုံးပါဝင်နေသော နိုက်ထရိုဂျင် ဒြပ်စင်များသည် မြေလွှာအောက်သို့ စိမ့်ဝင်ရောက်ရှိပြီး နိုက်ထရိတ်များအဖြစ် မြေအောက်ရေထဲ၌ ပျော်ဝင်လျက်ရှိနေသည်။ နိုက်ထရိတ်ပျော်ဝင်မှုနှုန်းသည် ရေတစ်လီတာတွင် ၁၀ မီလီဂရမ်အထိဖြစ်လာခဲ့လျှင် ကျန်းမာရေးကိုထိခိုက်စေသော မြေအောက်ရေအဆိပ်သင့်မှုအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ အကယ်၍ မြေအောက်ရေတစ်လီတာတွင် နိုက်ထရိတ်ပျော်ဝင်မှုနှုန်းသည် ၂၅ မီလီဂရမ်အထိ မြင့်တက်လာမည်ဆိုပါက သွေးကိုအဆိပ်သင့်စေနိုင်သောအဆင့်ထိတိုင် ရောက်ရှိလာပြီဖြစ်သည်။ ထိုရေမျိုးကို အသက် နှစ်နှစ်အောက် ကလေးငယ်များ သောက်သုံးမိပါက သွေးအဆိပ်သင့်ရောဂါကို ဖြစ်ပွားစေနိုင်သည်. . .**

ကြောင့် မြေဆီလွှာအတွင်း၌ အာဟာရဓာတ်လိုအပ်မှုကို ကြီးထွားလာစေသည်။ မြေဆီလွှာအတွင်း အာဟာရလိုအပ်မှု ကြီးထွားလာခြင်းသည် ထပ်မံစိုက်ပျိုးမည့် ကောက်ပဲသီးနှံပင်များအတွက် ဓာတ်မြေသြဇာများကို အသုံးပြုရန် အကြောင်းဖန်လာပြန်တော့သည်။ ဤသို့အားဖြင့် ဓာတ်မြေသြဇာ သုံးစွဲနေကျ စိုက်ပျိုးမြေများသည် ဓာတ်မြေသြဇာကိုပင် ထပ်ကာလဲလဲသုံးစွဲရန် အကြောင်းဖြစ်ပေါ်လျက် စိုက်ပျိုးရေးလုပ်ငန်းနှင့် ဓာတ်မြေသြဇာတို့၏ ပတ်သက်မှုသံသရာစက်ဝန်းသည် အဆက်မပြတ် လည်ပတ်နေတော့သည်။

ထိုသံသရာစက်ဝန်းကြီး အဆက်မပြတ်လည်ပတ်နေမှုကြောင့် လူသားတို့နှင့် သဘာဝပတ်ဝန်းကျင် တစ်ခုလုံးသည် ဓာတ်မြေသြဇာကြောင့် အဆိပ်သင့်ခြင်းဟူသော အိပ်မက်ဆိုးကြီးကို ဆက်၍ဆက်ခါ မက်နေကြရဦးမည်သာ ဖြစ်ပေတော့သည်။

# ရှေးဟောင်းစေတီတော် သန့်ရှင်းရေးလုပ်ရာမှ ရုပ်ပွားတော် ၆၈ ဆူတွေ့ရှိ



**ကျွန်းလှ နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ သစ်ရာမြိုင်ရပ်ကွက်ရှိ ရွှေရင့်မာဆုတောင်းပြည့်စေတီဝင်းအတွင်းမှ ရှေးဟောင်းစေတီတော်ကို နိုဝင်ဘာ ၇ ရက်က သန့်ရှင်းရေးပြုလုပ်ရာမှ ဆင်းတုတော်အရွယ်အစားမျိုးစုံ ၆၈ဆူကို တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

"ရွှေရင့်မာဆုတောင်းပြည့်စေတီမှာ နှစ်စဉ် ရပ်ကွက်နေပြည်သူများက ဆွမ်းတော်တင်ပွဲကျင်းပကြတဲ့အတွက် မြို့ရှေ့ကျောင်းတိုက်ဆရာတော်ရဲ့ မိန့်ကြားမှုကြောင့် စေတီဟောင်းကို သန့်ရှင်းရေးပြုလုပ်ကြရာက အရွယ်အစားမျိုးစုံ ဆင်းတုတော်၆၈ဆူ တူးဖော်ရရှိခဲ့တာဖြစ်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ ရှေးဟောင်းစေတီတော်ကို တူးဖော်ရာတွင် ဌာပနာတိုက်ကို အပေါ်မှ ကျောက်ပြားဖြင့်ပိတ်ထားကြောင်း၊ ဖိနပ်တော်မှာ ၃၂ပေရှိကြောင်း၊ စေတီတော်ဘေးမုခ် လေးခုရှိပြီး အရှေ့ဘက်လှည့်ထားသောကြောင့် တဝဂုဘုရားဟု ယူဆရကြောင်း၊ စေတီတော်ကို ယခင်ရှေးမူမပျက် စေတီပြန်လည်တည်ထားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ပြန်လည်တည်ထားမည့် စေတီတော်အတွက် ပါဝင်လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးခင်မောင်ဌေး ဖုန်း-၀၉-၂၅၆၀၅၄၂၁၀ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# စားသုံးသူအသိပညာပေး သင်တန်းပို့ချ

**မန္တလေး နိုဝင်ဘာ ၁၈**

ဓာတုဗေဒနည်းများဖြင့် ပြုလုပ်ထားသော ပစ္စည်းများနှင့် ဆိုးဆေးပါသောပစ္စည်းများ သုံးစွဲမှု လျှော့ချနိုင်ရေးအတွက် စားသုံးသူအသိပညာပေးသင်တန်းကို Mandalay Affairs Team က ကြီးမှူး၍ မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ Community Centre ဒုတိယထပ်၌ နိုဝင်ဘာ ၁၇ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းကို ဓာတုဗေဒနည်းများဖြင့် ပြုလုပ်ထားသော ပစ္စည်းများနှင့် ဆိုးဆေးပါသော ပစ္စည်းများ မသုံးစွဲမိစေရေးအတွက် အသိပညာပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကို နိုဝင်ဘာ ၁၇ မှ ၂၁ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၃ တွင် ပထမအကြိမ် သင်တန်းဖွင့်လှစ်ခဲ့ပြီး ထိုသင်တန်းအတွေ့အကြုံအရ မိတ်ဆွေများနှင့် နက်ဝပ် ပြုလုပ်ကာ ထိုနက်ဝပ်မှတစ်ဆင့် အသိပညာများ လက်ဆင့်ကမ်း ဖြန့်ဝေသွားမည်ဖြစ်ကြောင်း Mandalay Affairs Team မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။




အဆိုပါသင်တန်းတွင် အချိုမှုန့်စားသုံးမှု လျှော့နည်းပပျောက်စေရန် အသိပညာပေးခြင်း၊ FDAမှ စားသုံးရန်မသင့်ဟု ကြေညာထားသောပစ္စည်းများ မသုံးစွဲမိစေရန်နှင့် သုံးစွဲမိပါက ကြုံတွေ့နိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများအကြောင်း၊ ဆိုးဆေးများနှင့်ပတ်သက်သည့် အသိပညာများနှင့် အသည်းကင်ဆာဖြစ်စေနိုင်သော ဆိုးဆေးများအကြောင်း၊ ဓာတုဗေဒဆိုးဆေးများကြောင့် မှတ်ဉာဏ်ချို့ယွင်းစေနိုင်မှုများ၊ ဓာတုပစ္စည်းများကြောင့် မှိုများဖြစ်ပေါ်လာပုံစသည့် အကြောင်းအရာများကို ပရိုဂျက်တာဖြင့်ပြသ၍ ရှင်းလင်း ပို့ချခဲ့ကာ အဖွဲ့အစည်းအသီးသီးမှ စိတ်ပါဝင်စားသူ ၃၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ထူး(မန္တလေး)**

# မြိတ်-တနင်္သာရီလမ်းပိုင်းတွင် လမ်းအဆင့်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိ

**မြိတ် နိုဝင်ဘာ ၁၈**

ပြည်သူများခရီးသွားလာမှု ပိုမိုလွယ်ကူအဆင်ပြေစေရေးအတွက် မြိတ်-တနင်္သာရီလမ်းပိုင်းတွင် လမ်းချဲ့ခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြိတ်-တနင်္သာရီလမ်းပိုင်း မိုင်တိုင်အမှတ် (၄/၁)မှ (၅/၀)ကြားတွင် မူလလမ်းအကျယ် ၁၈ ပေကို ၂၄ ပေအကျယ် တိုးချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းများကို နိုဝင်ဘာ ၁၂ ရက်က စတင်ဆောင်ရွက်နေပြီး တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ ကျပ် ၂၁၂ ဒသမ ၁၆ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြိတ်ခရိုင်လမ်းဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

မြိတ်ခရိုင်လမ်းဦးစီးဌာနအနေဖြင့် အဆိုပါ မြိတ်-တနင်္သာရီလမ်းပိုင်းတွင် မိုင်တိုင်အမှတ် (၇/၇)မှ (၁၀/၄)ကြားတွင် ၁၈ ပေအကျယ် လမ်းချဲ့ခြင်း၊ မိုင်တိုင်အမှတ် (၃၅/၇)မှ (၄၀/၀)ကြားတွင် ၁၈ ပေအကျယ်လမ်းကို ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မိုင်တိုင်အမှတ် (၄၀/၀)မှ (၅၄/၀)ကြားတွင် ၂၃ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်း၊ မိုင်တိုင်အမှတ် (၅၄/၀)မှ (၆၅/၄) ကြားတွင် ၁၈ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်းတို့ကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း မြိတ်ခရိုင်လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သီပေါမြို့ ဟော်နန်းသို့ ခရီးသွားရာသီအစတွင် လာရောက်လည်ပတ်သူများပြား



**သီပေါ နိုဝင်ဘာ ၁၈**

ယခုနှစ် ခရီးသွားရာသီအစတွင်ပင် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ရှိ နောက်ဆုံးသီပေါစော်ဘွား စဝ်ကြာဆိုင်နှင့် မဟာဒေဝီတို့နေထိုင်သွားခဲ့ကြသော ဟော်နန်းသို့ ခရီးသွားဧည့်သည်များ အဆက်မပြတ် ဝင်ရောက်လည်ပတ်ကြလျက်ရှိကြောင်းသိရသည်။

'ဟော်' ဆိုသည်မှာ ရှမ်းတိုင်းရင်းသား ဘာသာစကားဖြစ်ပြီး စော်ဘွားသို့မဟုတ် မင်းညီမင်းသားများ နေထိုင်သည့် အိမ်ဟုအဓိပ္ပာယ်ရသည်။ တစ်နည်းအားဖြင့် ပြည်နယ် သို့မဟုတ် မြို့နယ်တစ်ခု၏ 'နန်းတော်' ဟူ၍လည်း ခေါ်ဆိုနိုင်ပြီး စော်ဘွား၏ မယ်တော်၊ မိဖုရားမဟာဒေဝီ၊ မောင်နှမများနှင့် ဆွေတော်မျိုးတော်များ နေထိုင်လေ့ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဆောက်လုပ်ခဲ့ကြသည့် ဟော်နန်းများတွင်မန္တလေးရတနာပုံ သဏ္ဌာန် ပုံစံစစ်စစ်၊ ရတနာပုံပုံစံနှင့် ဆင်တူပြီး အနောက်ဥရောပ အစိတ်အပိုင်းများ ထပ်မံမွမ်းမံထားသည့် ပုံစံနှင့် စိတ်ကူးယဉ် အဆင်တန်ဆာအမျိုးမျိုး မွမ်းမံထားရှိသည့် ဟော်နန်းဟူ၍ အမျိုးအစားကွဲပြားလျက်ရှိကြရာ ယခု သီပေါဟော်နန်းမှာ ရှမ်းလူနေမှုအဆင့်နှင့် ကိုက်ညီသည့် ရဲတိုက်ကြီး တစ်ခုသဖွယ် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ယခု သီပေါဟော်နန်းကို သီပေါစော်ဘွား စဝ်ကြာဆိုင်၏ အစ်ကိုတော်စပ်သူ စဝ်ကြာဇံ၏သား စဝ်ဦးကြာနှင့် ဇနီးဖြစ်သူ တောင်သိန္နီနယ်၊ မိုင်းရယ်စော်ဘွားကြီး စဝ်ဆိုဟုံဖနှင့် (ရပ်စောက်စော်ဘွားကြီး စဝ်ခွန်ဆာ၏သမီးတော် အကြီးဆုံး)စဝ်ညွန့်ကြည်တို့က ဖွားမြင်သည့် စတုတ္ထသမီးတော်နန်းစဝ်စမ်ဖုန်းတို့က စောင့်ရှောက်ထိန်းသိမ်းထားရှိပြီး လာရောက်လေ့လာလည်ပတ်ကြသူများကိုလည်း ယနေ့အထိ ဒေါ်နန်းစဝ်စမ်ဖုန်းနှင့် မြေးဖြစ်သူ စဝ်မွန်းဆိုင်စင့်တို့က ကောင်းမွန်စွာ လက်ခံကြိုဆိုပြီး ရှင်းလင်းပြောပြနေကြောင်း သိရသည်။

လာရောက်လည်ပတ်ကြသူများအနေဖြင့် တန်ခိုးကြီးဘော်ကြိုဘုရား၊ နာမည်ကြီးဂုတ်တွင်းလမ်း၊ ကမ္ဘာကျော်ဂုတ်ထိပ်တံတားနှင့် ရှမ်းဌာနီ၏ ပတ်ဝန်းကျင်သဘာဝရှုမျှော်ခင်းများကို လေ့လာရင်း သီပေါမြို့၏ အထင်ကရ ရဲတိုက်ပုံစံ ဟော်နန်းကို ဝင်ရောက်ကြည့်ရှုကြကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ရီးရဲမက်ဒရစ်နဲ့ ဘာစီလိုနာတို့ ထိပ်တိုက်တွေ့ဆုံကြမယ့် ပရိသတ်အကြိုက် လာလီဂါပွဲစဉ်(၁၂) လာပြီ

မိုးမြင့်လင်းလက်

***ဒီတစ်ပတ်ရဲ့ လာလီဂါပွဲစဉ်(၁၂)ကို နိုဝင်ဘာ ၂၁ ရက်နဲ့ ၂၂ ရက်တွေမှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာတော့ ကမ္ဘာ့အကောင်းဆုံးကလပ်နှစ်သင်းဖြစ်တဲ့ ရီးရဲမက်ဒရစ်နဲ့ ဘာစီလိုနာတို့ရဲ့ ရင်ဆိုင်တွေ့ဆုံမှုက ကမ္ဘာတစ်ဝန်းက ဘောလုံးပရိသတ်တွေကို ရုပ်မြင်သံကြားဖန်သားပြင်ရှေ့အရောက် ဆွဲဆောင်ဦးမှာဖြစ်ပါတယ်။ ကမ္ဘာ့ကျော်ဘောလုံးသမားတွေကို ငွေကြေးသန်းပေါင်းများစွာ ဝယ်ယူအားဖြည့်ထားတဲ့ ဒီနှစ်သင်းရဲ့တွေ့ဆုံမှုတိုင်း ပရိသတ်တွေ ရင်ခုန်လှိုက်မောမှုတွေနဲ့ပြည့်နှက်စေခဲ့တာချည်းဖြစ်လို့ အခုပွဲစဉ်မှာလည်း ဘယ်လိုရသမျိုးစုံကို ရင်ခုန်စွာခံစားရဦးမလဲဆိုတာကတော့ စောင့်ကြည့်ချင်စရာကောင်းနေတာတော့ အမှန်ပါပဲ။***




**ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာ**

ရီးရဲမက်ဒရစ်မှာ စီရော်နယ်ဒို၊ ဂါရက်ဘေးလ်တို့ ပါဝင်နိုင်ပေမယ့် ဘာစီလိုနာမှာတော့ ရာတီကစ်၊ ရာဖင်ညာတို့တော့ ပါဝင်နိုင်ဖွယ်မရှိပါဘူး။ နေမာ၊ ဆွာရက်ဇ်တို့နဲ့ ပွဲထွက်လာမယ့် ဘာစီလိုနာတို့က ရီးရဲမက်ဒရစ်ကွင်းမှာ သွားကစားရမှာမို့ သာမန်ထက်နှစ်ဆပိုပြီးအားထည့်မှရပါလိမ့်မယ်။ နှစ်သင်းစလုံးရဲ့ကစားသမားကောင်းတွေဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲ၊ ယူရိုခြေစစ်ပွဲတွေကစားခဲ့ရလို့ ပွဲပန်းနေပေမယ့် ဒီပွဲမှာမဖြစ်မနေ စွမ်းဆောင်ရည်ကောင်းကိုပြသရတော့မှာဖြစ်ပါတယ်။ ဘာစီလိုနာရဲ့ လောလောဆယ်ခြေစွမ်းကိုကြည့်ရင်တော့ ဂီတာဖေး၊ ဘိုရီဆော့ဗ်နဲ့ ဗီလာရီးရဲတို့ကို ဂိုးပြတ်နိုင်ပွဲတွေရထားပါတယ်။ ရီးရဲမက်ဒရစ်တို့ကတော့ လက်စ်ပယ်မက်စ်၊ ပီအက်စ်ဂျီတို့ကိုနိုင်ပြီး ဆီဗီလာကို အဝေးကွင်းမှာ သုံးဂိုး-နှစ်ဂိုးနဲ့ရှုံးထားပါတယ်။ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ရီးရဲမက်ဒရစ်ကွင်းမှာကစားခဲ့တဲ့ ဒီနှစ်သင်းရဲ့ရလဒ်ကိုကြည့်ရင်တော့ ရီးရဲမက်ဒရစ်တို့ ဂိုးပြတ်သွင်းနိုင်ပွဲရထားတာမို့ ဒီပွဲမှာ အဲဒီလိုမှတ်တမ်းကောင်းကို အိမ်ရှင်တို့ ဆက်ထိန်းနိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ အကြိုက်က အိမ်ရှင်ဖြစ်ပြီး အနိုင်ဆိုတာလည်း ရီးရဲမက်ဒရစ်တို့ပဲဖြစ်ပါလိမ့်မယ်။

**ဆိုစီဒက်နှင့် ဆီဗီလာ**

နည်းပြသစ် ဆာခရစ္စတန်နဲ့ပွဲထွက်လာမယ့် ဆိုစီဒက်တို့အတွက် ဆီဗီလာတောင်ကုန်းကို ဖြတ်ကျော်ဖို့မလွယ်ပါဘူး။ ရီးရဲမက်ဒရစ်ကို အိမ်ကွင်းမှာ သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ယူထားပြီးတိုက်ပွဲစိတ်ဓာတ်မြင့်မားနေတဲ့ ဆီဗီလာတို့ဟာ အခုပွဲ အဝေးကွင်းဖြစ်ပေမယ့် ဆိုစီဒက်ကို ဖိအားပေးကစားပါလိမ့်မယ်။ ဒါပေမယ့် ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု သုံးပွဲရလဒ်ကိုကြည့်ရင်တော့ ဆီဗီလာကွင်းမှာ ဆီဗီလာက နှစ်ပွဲနိုင်ပြီး ဆိုစီဒက်ကွင်းမှာတော့ အိမ်ရှင်က နိုင်ထားခဲ့ပါတယ်။ လက်ရှိ ကစားအားကောင်းမွန်နေတဲ့ ဆီဗီလာနဲ့ လက်တွဲလိုက်တာ မမှားနိုင်ပါဘူး။

**ဗလင်စီယာနှင့် လက်စ်ပယ်မက်**

ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံမှုသုံးပွဲ မှတ်တမ်းကိုကြည့်ရင် ဂိုးမပြတ်ပေမယ့် ဗလင်စီယာတို့ချည်းပဲ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ဗလင်စီယာတို့က လောလောဆယ်မှာ လီဗန်တေး၊ ဂျန်၊ ဆယ်လ်တာဗီဂိုတို့ကို နိုင်ပွဲတွေဆက်တိုက်ရယူပြီး အကောင်းဆုံးခြေစွမ်းကို ပြသနေပါတယ်။ လက်စ်ပယ်မက်တို့ကတော့ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရပြီး တိုက်စစ်မှူးတွေရဲ့ စွမ်းဆောင်မှုလည်း ကျဆင်းနေပါတယ်။ ဒါကြောင့် အခုပွဲမှာ အိမ်ရှင်တို့ ဂိုးမပြတ်ပေမယ့် သုံးမှတ်အပြည့်ရယူနိုင်မယ့်ပွဲပါပဲ။

**အက်စ်ပန်ညိုနှင့် မာလာဂါ**

နှစ်သင်းစလုံးရလဒ်တွေ ကမောက်ကမဖြစ်ပြီး ခြေစွမ်းလည်းမတည်ငြိမ်နိုင်ပါဘူး။ မာလာဂါတို့က ဂီဂျွန်၊ ဘက်တစ်တို့ကို ဆက်တိုက်ရှုံးထားသလို အက်စ်ပန်ညိုတို့ကလည်း ဗယ်လီကာနို၊ ဘီလ်ဘာအိုတို့ကို ရှုံးပွဲကြုံထားပါတယ်။ မာလာဂါရဲ့ အားနည်းချက်က အဝေးကွင်းနိုင်ပွဲပျောက်ဆုံးနေတာဖြစ်လို့ ဒီပွဲမှာ အိမ်ရှင်နဲ့အတူ အောင်ပွဲခံတေးဟစ်ကြွေးလိုက်တာ အကောင်းဆုံးပါပဲ။

**ဒီပိုတီဗိုနှင့် ဆယ်လ်တာဗီဂို**

လာလီဂါသမိုင်းမှာ ဒီနှစ်သင်းတွေ့ဆုံမှု စုစုပေါင်းကိုကြည့်ရင် ဒီပိုတီဗိုက ၂၄ ပွဲနိုင်ပြီး ဆယ်တာဗီဂိုက ၂၃ ပွဲနိုင်ကာ သရေပွဲ ၁၇ ပွဲဖြစ်ထားတာ တွေ့ရပါတယ်။ လက်ရှိကစားအားကိုကြည့်ရင် အိမ်ရှင်တို့ နိုင်ပွဲပျောက်ဆုံးနေတာ သုံးပွဲဆက်ရှိနေပြီး ဆယ်လ်တာဗီဂိုတို့ကလည်း ဂိုးပြတ်တွေနဲ့ ဆက်တိုက်ရှုံးပွဲတွေဖြစ်ပေါ်နေပါတယ်။ ဆယ်လ်တာဗီဂိုခံစစ်မှူးတွေဟာ နားလည်မှုလွဲမှားတတ်ပြီး ပြိုင်ဘက်တိုက်စစ်မှူးတွေ အရှိန်အဟုန်နဲ့တိုက်စစ်ဆင်လာရင် ဖရိုဖရဲဖြစ်တတ်တာကြောင့် ဒီပွဲမှာ ခက်ခဲပါလိမ့်မယ်။ ဒီပိုတီဗိုကစားသမားတွေက ပြိုင်ဘက်အသင်းရဲ့ ကစားအားကိုလိုက်ပြီး တိုက်စစ်ရှိန်မြှင့်တတ်တာမို့ ဒီပွဲမှာ အိမ်ရှင်ရဲ့အားထုတ်မှုရလဒ်ကောင်းကို ဆောင်ကြဉ်းလာပါလိမ့်မယ်။ ။

## တစ်နှစ်တာအကောင်းဆုံးဆုဆွတ်ခူးသွားတဲ့ အဂူရို

ပရီမီယာလိဂ်ရာသီအစ ခြေစွမ်းပြနေတဲ့ မန်စီးတီးတိုက်စစ်မှူး အဂူရိုကို တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆု ပေးလိုက်ပါပြီ။ ဒီဆုကတော့ အနောက်မြောက်ပိုင်းဆိုင်ရာ တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆုဖြစ်ပါတယ်။ သူဟာ ၂၀၁၅ ခုနှစ်အတွင်း မန်စီးတီးနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားပြီးတဲ့နောက် ဒီဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ အဂူရိုဟာ ပြီးခဲ့တဲ့ရာသီမှာ မန်စီးတီးက အာဆင်နယ်ကို အနိုင်ကစားပြီး ပရီမီယာလိဂ်မှာ ဒုတိယနေရာရအောင် ကြိုးစားပေးခဲ့သူဖြစ်ပါတယ်။ လွန်ခဲ့တဲ့လက ဒဏ်ရာကြောင့်အနားယူထားရသော်လည်း တိုက်စစ်မှူး အဂူရိုဟာ ယခုနှစ် ပရီမီယာလိဂ်အစ ၁၂ ပွဲမှာ အကောင်းဆုံးခြေစွမ်းပြပြီး ပယ်လီဂရီနီရဲ့ မန်စီးတီးကို ဇယားထိပ်ဆုံးရောက်အောင်ပို့ပေးနိုင်ခဲ့ပါတယ်။ ဒီအတောအတွင်း ဂျက်ဂျီကာကတော့ လီဗာပူးနဲ့သွင်းယူတဲ့ပွဲမှာ သွင်းယူခဲ့တဲ့ဂိုးနဲ့ တစ်နှစ်တာအကောင်းဆုံးဂိုးဆုဆွတ်ခူးသွားခဲ့ပါတယ်။ အဂူရိုဟာ အဆုံးသတ်သေချာတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။







## မန်ယူပစ်မှတ်ထားနေတဲ့ ဘုန်းမောက်တိုက်စစ်မှူး

မန်ယူနည်းပြ ဗန်ဟားလ်အနေနဲ့ အသင်းရဲ့တိုက်စစ်ကိုအားဖြည့်နိုင်ဖို့ တိုက်စစ်မှူးကောင်းတစ်ဦးကို ရှာဖွေနေတာပါ။ သူပစ်မှတ်ထားတဲ့ တိုက်စစ်မှူးတွေထဲမှာ ဘုန်းမောက်တိုက်စစ်မှူး မတ်ရစ်ချီလည်းပါဝင်ပါတယ်။ အသက် ၂၆ နှစ်အရွယ်ရှိတဲ့ စကော့တလန်တိုက်စစ်မှူး မတ်ရစ်ချီဟာ ယခုနှစ်ရာသီမှာ ဘုန်းမောက်အသင်းနဲ့အတူ ခြေစွမ်းပြကစားနေတာပါ။ မန်ယူနည်းပြ ဗန်ဟားလ်အနေနဲ့ တရားဝင်ချဉ်းကပ်မှုတွေမရှိသေးပေမယ့် ရစ်ချီကိုခေါ်ယူဖို့ စောင့်ကြည့်နေတယ်လို့ ဆိုပါတယ်။ လာမယ့် ဇန်နဝါရီလအပြောင်းအရွှေ့မှာ ဗန်ဟားလ်အနေနဲ့ ဂိုးသွင်းအားကောင်းတဲ့ တိုက်စစ်မှူးတစ်ဦးကို အားဖြည့်သွားဖို့ကြိုးစားနေတာပါ။ အာရီဇီပီယက်စ်၊ ရစ်ချက်မာရက်နဲ့ ဆာဒီယိုမန်းတို့ကိုလည်း မန်ယူကခေါ်ယူဖို့ စောင့်ကြည့်နေတယ်လို့ဆိုပါတယ်။ ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုကို ခေါ်ယူဖို့တော့ အတော်ခက်ခဲတဲ့အနေအထားပါ။ ဂါးရက်ဘေးလ်ဟာလည်း မန်ယူကခေါ်ယူနိုင်တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။

## ရီးရဲမက်ဒရစ်နဲ့ပွဲ မက်ဆီပါဝင်နိုင်

စက်တင်ဘာလအတွင်း ဒဏ်ရာတွေကြောင့် အနားယူနေရတဲ့ တိုက်စစ်မှူး မက်ဆီဟာ ဘာစီလိုနာကစားသမားတွေနဲ့အတူ ပြန်လည်လေ့ကျင့်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ ဒူးခေါင်းအမာရွတ်ဒဏ်ရာကြောင့် ခုနစ်ပတ်ကြာ အနားယူခဲ့တဲ့ မက်ဆီဟာ တနင်္လာနေ့မှစ၍ ဘာစီလိုနာကစားဖော်တွေနဲ့ လေ့ကျင့်မှုတွေစတင်ပြုလုပ်နေတာပါ။ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ဟာ လာမယ့်စနေနေ့မှာ ဘာနေဗျူးကွင်းမှာ ဒီနှစ်အတွင်း ပထမဆုံးဆုံတွေ့မှုအဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းရဲ့ ပြိုင်ပွဲတွေမှာပါ ပျောက်ဆုံးနေတဲ့ မက်ဆီဟာ ဆွာရက်ဇ်၊ နေမာတို့နဲ့အတူ ပွဲထွက်လာဖွယ်ရှိပါတယ်။ ဘာစီလိုနာအသင်းဟာ ဒီပွဲမှာ လူစုံတက်စုံပွဲထွက်လာပြီး ရီးရဲမက်ဒရစ်ကို အနိုင်ကစားမယ့်အနေအထားရှိပါတယ်။ မက်ဆီဟာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုဆွတ်ခူးဖို့ ရေပန်းစားနေသူလည်းဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ရာသီက ဘာစီလိုနာအသင်းနဲ့အတူ ချန်ပီယံလိဂ်၊ လာလီဂါနဲ့ ကိုပါဒယ်ရေးဖလားတွေ ဆွတ်ခူးပေးနိုင်ခဲ့တဲ့အတွက် ကမ္ဘာ့အကောင်းဆုံးဆုဆွတ်ခူးနိုင်ဖို့ ရေပန်းစားနေပါတယ်။




မြင့်မောင်စိုး ➤ စုစည်းသည်

# ကလေးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသစ်၌ သင်ကြားရေးစတင်

**ကလေး နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက်ရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသစ်ကြီး၌ နိုဝင်ဘာ ၁၆ ရက်မှစ၍ သင်ကြားမှုများ စတင်ပြီဖြစ်ကြောင်း သိရသည်။



နိုဝင်ဘာ ၁၅ ရက်က သင်တန်းသား သင်တန်းသူများအပ်နှံခြင်းကို လက်ခံခဲ့ပြီး နိုဝင်ဘာ ၁၆ ရက်တွင် သင်ကြားရေးလုပ်ငန်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နိုဝင်ဘာ ၁၆ ရက်အထိ သင်တန်းသား သင်တန်းသူဦးရေမှာ ၁၃၆ ဦးကို လက်ခံထားပြီးဖြစ်ကြောင်း၊ သူနာပြုသင်တန်းသား သင်တန်းသူ ၆၈ ဦးနှင့် သားဖွားသင်တန်းသူ ၅၅ ဦး စုစုပေါင်း ၁၃၄ ဦးကို စတင်သင်ကြားပေးနေပြီဖြစ်ကြောင်း သိရသည်။

သူနာပြုသင်တန်း သုံးနှစ်တက်ရောက်ပြီးပါက သူနာပြုဒီပလိုမာဘွဲ့ ရရှိမည်ဖြစ်ပြီး သားဖွားသင်တန်း နှစ်နှစ်တက်ရောက်ပြီးပါက သားဖွား ဒီပလိုမာဘွဲ့ရရှိမည်ဖြစ်ကာ သူနာပြု သင်တန်းကာလ ခြောက်လပြည့်၍ စာမေးပွဲဖြေဆိုအောင်မြင်ပါက ဦးထုပ်ဆောင်းခွင့် ရရှိမည်ဖြစ်ကြောင်းနှင့် သားဖွားသင်တန်းကာလ လေးလပြည့်၍ စာမေးပွဲဖြေဆိုအောင်မြင်ပါက ဦးထုပ်ဆောင်းခွင့်ရရှိမည်ဖြစ်ကြောင်း ကလေးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအုပ်ကြီး ဒေါ်ဝေဝေလွင်က ရှင်းပြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူများအတွက် နိုင်ငံတော်မှ သင်တန်းသားတစ်ဦးအား တစ်လလျှင် ပညာသင်စရိတ်ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးခြင်း၊ နေစရာ အဆောင်များ စီစဉ်ပေးခြင်း၊ စားရေးသောက်ရေး အဆင်ပြေစေရန်အတွက် ထမင်းစားဆောင်နှင့် မီးဖိုဆောင်များ စီစဉ်ပေးခြင်းတို့အပြင် သင်တန်းသားများ၏ စားသောက်မှုအဆင်ပြေစေရေးအတွက် ကလေးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအုပ်ကြီးက စုပေါင်းစားသောက်မှုစနစ်ဖြင့် စီစဉ်ပေးထားကြောင်း သိရသည်။

ကလေးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းကို ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၂၉၈၄ ဒသမ ၃၃ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး သုံးထပ်စာသင်ဆောင် နှစ်ဆောင်၊ သင်တန်းသူအိပ်ဆောင် သုံးထပ်ဆောင် တစ်ဆောင်၊ ဆရာ ဆရာမများအိပ်ဆောင် သုံးထပ်ဆောင် နှစ်ဆောင်၊ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲလေးထပ်ဆောင် နှစ်ဆောင်၊ ထမင်းစားဆောင်နှင့် မီးဖိုဆောင်တစ်ဆောင် စုစုပေါင်း အဆောက်အအုံ ရှစ်လုံး ပါဝင်ကာ ကွန်ကရစ်မုခ်ဦးနှင့် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်းများကိုပါ ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်။

သင်တန်းကျောင်းကို နိုင်ငံတော်၏ ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ကျန်းမာရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနတို့၏ လမ်းညွှန်မှုများဖြင့် တည်ဆောက်ခဲ့ပြီး ပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်နိုင်ရန်အတွက် အရည်အသွေးပြည့်မီသော သူနာပြုနှင့် သားဖွားဆရာမများ လေ့ကျင့်ပျိုးထောင်မွေးထုတ်ပေးရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်(ကလေး)**



## မိုးစပါးမျိုးသန့်စံပြကွက်၌ မျိုးကွဲနုတ်ပယ်မှုများကွင်းဆင်းဆောင်ရွက်

**စဉ့်ကိုင် နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် အုန်းပင်ခြံကျေးရွာအုပ်စုအတွင်း စိုက်ပျိုးထားသော မိုးစပါးမျိုးသန့်စံပြကွက်၌ မျိုးကွဲနုတ်ပယ်မှုကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက နိုဝင်ဘာ ၁၇ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အုန်းပင်ကျေးရွာအုပ်စုရှိ မျိုးသန့်စံပြကွက် ၂၅ ဧကမှ လယ်မြေသုံးဧကတွင် မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးမင်း၊ ခရိုင်(မြေ၊မျိုး၊ပိုး)တာဝန်ခံများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်စိုးစိုးတို့က ဝန်ထမ်းများနှင့်အတူ မျိုးစေ့အရည်အသွေး မှန်ကန်စေရန်အတွက် စနစ်တကျ မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းများအကြောင်းကို တောင်သူများအား ရှင်းလင်းဆွေးနွေးကာ ဝန်ထမ်းများက မျိုးကွဲနုတ်ပယ်ခြင်းများကို လက်တွေ့ဆောင်ရွက်၍ တောင်သူများအား ရှင်းလင်းပြသခဲ့သည်။

စဉ့်ကိုင်မြို့နယ်တွင် လိုအပ်သော မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် မျိုးသန့်စံပြကွက်များအပြင် ကျေးရွာအုပ်စုများတွင်လည်း အကျိုးဆောင်တောင်သူများရွေးချယ်ပြီး မျိုးသန့်စိုက်ခင်းများထူထောင်ကာ စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ ဓာတ်မြေဩဇာ စနစ်တကျကျွေးခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်းနှင့် မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းများကို ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးဧက ၂၉၈၂၅ ဧကရှိပြီး စိုက်ပျိုးဧက၏ ၇၀ရာခိုင်နှုန်းခန့်တွင် အရည်အသွေးကောင်း ဧရာမင်းစပါးမျိုးများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ မြို့နယ်အတွင်းမှ ဧရာမင်းစပါးစိုက်ဧကများအတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်စပါးမျိုးများ ရရှိစေရန်အတွက် မျိုးသန့်ပွားများခြင်းလုပ်ငန်းများကို နှစ်စဉ်မိုးရာသီတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများဖွင့်လှစ်

**ဖလမ်း နိုဝင်ဘာ ၁၈**

ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေးရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ယန္တရားမောင်းသင်တန်းနှင့် ဆိုင်ကယ်ပြင်နည်းသင်တန်းများကို ဖလမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖလမ်းမြို့ ရာပြည့်နှစ်အထိမ်းအမှတ် အားကစားကွင်း၌ နိုဝင်ဘာ ၁၆ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေးက အမှာစကားပြောကြားပြီး ဖလမ်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမောင်မောင်နိုင်မင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းများသို့ ဖလမ်းမြို့နယ်အတွင်း ကျေးလက်ဒေသများမှ ပြည်သူများတက်ရောက်ခဲ့ရာ ယန္တရားမောင်းသင်တန်းတွင် ၁၀ ဦးနှင့် ဆိုင်ကယ်ပြင်နည်းသင်တန်းတွင် ၃၀ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း၊ သင်တန်းကာလမှာ ယန္တရားမောင်းသင်တန်းအတွက် ၄၆ ရက်နှင့် ဆိုင်ကယ်ပြင်နည်းသင်တန်းအတွက် ၁၄ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရ သည်။

**နေစု(ချင်းရိုးမ)**

## ချည်မျှင်ရှည်ဝါစိုက်ပျိုးမှု တောင်သူပညာပေးကွင်းသရုပ်ပြ

**ပေါက် နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ)က ကြီးမှူး၍ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးနှောင်းချည်မျှင်ရှည်ဝါ ငွေချည်(၉)စိုက်ပျိုးမှု တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို သံပုရာအိုင့်ကျေးရွာအုပ်စု ယာကြီးပြင်ကျေးရွာ၌ နိုဝင်ဘာ ၁၅ ရက်က ပြုလုပ်ခဲ့သည်။

ကွင်းသရုပ်ပြပွဲသို့ တက်ရောက်လာကြသော တောင်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်က အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)မှ ဒုတိယဦးစီးမှူး ဦးမြင့်လွင်က ဝါသီးနှံနှင့်ပတ်သက်သော စိုက်ပျိုးရေးဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားခဲ့သည်။ ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်မာစိုးက ငွေချည်(၉) ချည်မျှင်ရှည်ဝါ၏ ထူးခြားသည့်လက္ခဏာများအကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဆွေက စိုက်ပျိုးရေးဆိုင်ရာများအကြောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဝင်းဆွေက လယ်ယာမြေဆိုင်ရာ သိကောင်းစရာများအကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) မြို့နယ်ဦးစီးမှူး ဒေါ်တင်မာဖြိုးက တစ်ဧကအထွက်တိုးရေးအတွက် အရေးကြီးသည့် သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၀)ချက်အကြောင်းတို့ကို တောင်သူများအား ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် ယာကြီးပြင်ကျေးရွာ ကွင်းအမှတ်(၁၅၇၆)ရှိ ငါးဧကစိုက်ကွင်း၌ စိုက်ပျိုးထားသော ငွေချည်(၉) ချည်မျှင်ရှည်ဝါစိုက်ခင်းအတွင်း၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနများမှ တာဝန်ရှိသူများက ဖိတ်ကြားထားသော တောင်သူများအား လက်တွေ့ကွင်းဆင်းသရုပ်ပြသရှင်းလင်းခဲ့ကြောင်း သိရသည်။

**ဉာဏ်တိုး(ပြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသောလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာတစ်ရွာဖြစ်သော တင့်ကန်ကျေးရွာ၌ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် သီးနှံစိုက်ခင်းများနှင့် မွေးမြူရေးလုပ်ငန်းများ၊ ရောင်းဝယ်ရေးလုပ်ငန်းများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့က နိုဝင်ဘာ ၁၆ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တင့်ကန်ကျေးရွာတွင် စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သော ဝက်နှင့်နွားမွေးမြူရေးလုပ်ငန်းများ အောင်မြင်နေသည့်အပြင် ပဲစင်းငုံစိုက်ခင်းများနှင့် မြေပဲစိုက်ခင်းများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့် အဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ စာရင်းဇယားထိန်းသိမ်းထားရှိမှု အခြေအနေများကိုလည်း စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မြစိမ်းရောင် ကျေးရွာလည်ပတ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည့်လုပ်ငန်းများမှာ ယခုအခါ အရှိန်အဟုန်ရရှိလာသည်နှင့်အမျှ ကျေးလက်နေပြည်သူများ၏လူနေမှုဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာ ခုနစ်ရွာ၌ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၅ ရွာ၌ ထပ်မံဆောင်ရွက်ခွင့်ရရှိခဲ့ကာ ယခုအခါ စုစုပေါင်းကျေးရွာ ၂၂ ရွာတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းဝင်ကျေးရွာများအနေဖြင့် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီရရှိပြီး စီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



## မြို့နယ်အဆင့် ကျောင်းပေါင်းစုံ ဆို၊ က၊ ရေး၊ တီးပြိုင်

**ရေး နိုဝင်ဘာ ၁၈**

မွန်ပြည်နယ် ရေးမြို့နယ်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကို အထက(၁)ကျောင်း ပညာရတနာခန်းမဆောင်၌ နိုဝင်ဘာလ တတိယပတ်က ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်မိုးမိုးအေးက ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများက ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲကို နိုဝင်ဘာ ၁၄ရက်မှ ၁၆ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ထူးချွန်ဆုရကျောင်းများမှ ကျောင်းသား ကျောင်းသူများအနေဖြင့် ပြည်နယ်အဆင့်တွင် ဆက်လက်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# နွားများခွာနာလျှာနာရောဂါများဖြစ်ပွားနေ၍ ကာကွယ်ဆေးထိုးပေးရန် ညောင်ဦးမြို့နယ်အတွင်းမှတောင်သူများ လိုလား

**ညောင်ဦး နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းမှ ကျေးရွာများတွင် နွားခွာနာလျှာနာရောဂါများ ဖြစ်ပွားလျက်ရှိရာ ကျေးရွာများမှ နွားမွေးမြူထားသည့် မွေးမြူရေးသမားများနှင့် တောင်သူများအနေဖြင့် ခွာနာလျှာနာကာကွယ်ဆေးများထိုးပေးရန် လိုလားနေကြကြောင်း သိရသည်။

ညောင်ဦးမြို့နယ်အတွင်းရှိ အင်တိုင်းရွာ၊ ကမ္ဘာနီရွာနှင့် ရေတွင်းညောင်ပင်ရွာများမှ တောင်သူများ၏ ခိုင်းနွားများနှင့် မွေးမြူရေးနွားမများတွင် ခွာနာလျှာနာရောဂါများဖြစ်ပွားနေသဖြင့် ရွာနီးချုပ်စပ်ကျေးရွာများမှ နွားမွေးမြူသူများ၊ တောင်သူများက မိမိတို့နွားများကို ခွာနာလျှာနာကာကွယ်ဆေးများထိုးပေးရန် လိုလားနေကြခြင်းဖြစ်သည်။

"ကျွန်တော်တို့ရွာတွေက တစ်ရွာနှင့်တစ်ရွာ ကပ်နေတာပဲ။ ရေတွင်းညောင်ပင်၊ ကမ္ဘာနီ၊ စည်သာ၊ မြင်တဲ၊ အင်တိုင်း၊ ညောင်ကြီးရွာ၊ လက်ပံတဲရွာ၊ ယမ်းဇမ်းရွာ၊ ရွာသာအေးရွာတွေမှာ ယာခင်းတွေကလည်း တစ်ရွာကယာခင်းနဲ့ တစ်ရွာက ယာခင်းက စည်းပေါင်ပဲခြားပါတယ်။ အဲ့ဒီတော့ တခြားကျေးရွာက နွားတွေကိုကူးစက်မှာ စိုးရိမ်ရတယ်။ ဒါကြောင့် ကာကွယ်ဆေးအချိန်မီထိုးပေးဖို့ လိုလားနေကြပါတယ်"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ခွာနာလျှာနာရောဂါသည် နွားကြီးများတွင် သေနိုင်လောက်သည့်ရောဂါမဟုတ်သော်လည်း နွားငယ်များအဖို့ သေနိုင်ပြီး ကိုယ်ဝန်ဆောင်နွားမကြီးများတွင် သားလျှောနိုင်ကြောင်း သိရသည်။ ခွာနာလျှာနာရောဂါကြောင့် ရေတွင်းညောင်ပင်ရွာတွင် နွားငယ်တစ်ကောင် သေဆုံးခဲ့ပြီးဖြစ်ကြောင်း အဆိုပါရွာမှ ရွာသားတစ်ဦးက ပြောသည်။

အင်တိုင်းရွာသား ဦးငွေမြင့်ကလည်း "ကျွန်တော့်နွားကတော့ မနေ့က ခွာနာလျှာနာရောဂါဝင်ပြီး သားလျှောသွားတယ်။ ရောဂါဝင်တော့ ဒဏ်မခံနိုင်ဖြစ်တာပေါ့။ မွေးမြူရေးနွားမဟုတ်တော့ ဒဏ်မခံနိုင်ဘူး။ ဆေးကတော့ သိပ်မထိုးရပါဘူး။ နွားတွေ ကာကွယ်ဆေးထိုးပေးနိုင်ရင် ပိုကောင်းတာပေါ့"ဟု ပြောသည်။

"ကျွန်တော်တို့ ရွာသူရွာသားတွေက နွားနဲ့နေလာတာ ကြာပါပြီ။ ဓာတ်ခွဲခန်းဝင်ပြီးစမ်းသပ်မှ ရောဂါကိုသိတာမဟုတ်ပါဘူး။ အပြင်က လက္ခဏာကြည့်ရုံနဲ့ ခွာနာလျှာနာလို့ သိပါတယ်။ နွားခွာတွေမှာ အနာဖြစ်တယ်၊ လျှာကိုဆွဲထုတ်ကြည့်ရင် အနာတွေ့တယ်။ ဒါဆို ခွာနာလျှာနာလို့ သိပါတယ်။ နွားတွေကလည်း အစားပျက်တယ်"ဟု ဒေသခံနွားမွေးမြူသူများက ပြောသည်။

နွားကြီးများတွင် ခွာနာလျှာနာရောဂါဖြစ်ပွားပါက နွားများခြေထောက်ထော့နင်းထော့နင်းဖြစ်ကာ အလုပ်မလုပ်နိုင်တော့ကြောင်း၊ ရောဂါဖြစ်လျှင် ဆေးထိုးရပြီး ဆေးထိုးခမှာ တစ်ရက်လျှင် ကျပ် ၃၅၀၀ ခန့်ကုန်ကြောင်း၊ ရောဂါမဖြစ်ခင် ကာကွယ်ဆေးထိုးနိုင်ပါက ပိုကောင်းကြောင်း မွေးထားသည့်နွားမတစ်ကောင် ရောဂါဖြစ်သဖြင့် ရှစ်ရက်ကြာဆေးထိုးပြီးသည့် အင်တိုင်းကျေးရွာမှ တောင်သူဦးချစ်သိန်းက ပြောသည်။

**ကျော်ငွေ(ညောင်ဦး)**



## အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**မန်စီ နိုဝင်ဘာ ၁၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်အတွင်းရှိ ဟန်ထက်ကျေးရွာအုပ်စု ငွေ့ကြီးကျေးရွာနှင့် မံမကောက်ကျေးရွာ၊ မိုင်းခေါင်ကျေးရွာအုပ်စု တောင်းလိန်ကျေးရွာ စသည့် မြစိမ်းရောင်ကျေးရွာများသို့ နိုဝင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိ မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေမြင့်နှင့် ရုံးအဖွဲ့ဝန်ထမ်းများက အရင်းမပျောက် လည်ပတ်ရန်ပုံငွေကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ရွာသူ ရွာသားများနှင့်တွေ့ဆုံပြီး လစဉ်ဆောင်ရွက်ရမည့် စာရင်းဇယားများမှန်ကန်မှုရှိရေး၊ အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်မှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**






## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
# (ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တိုင်းဒေသကြီး/ပြည်နယ်များအတွက် လိုအပ်သော အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Transformer Oil — 342 Drums
(ခ) Engine Oil SAE 15 W 40 — 75 Drums

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၁၁-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၄-၁၂-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၄၅၊ Fax -၀၆၇-၈၁၀၄၂၄၆**

## ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
## အထွေထွေရောဂါကုဆေးရုံကြီး၊ ကလေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့အထွေထွေရောဂါကုဆေးရုံကြီး၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၁၁-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၀-၁၂-၂၀၁၅ ရက် ညနေ ၄:၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးကော်မတီ**
**ဆေးရုံအုပ်ကြီးရုံး**
**အထွေထွေရောဂါကုဆေးရုံကြီး၊ ကလေးမြို့၊ ဖုန်း-၀၇၃-၂၁၆၃၆၊ ၀၇၃-၂၁၆၃၇**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့

သစ်တောဦးစီးဌာန၊ ပခုက္ကူခရိုင်၊ ပခုက္ကူ(ပူးတွဲရေစကြို)မြို့နယ်ရှိ ပုံစံ(၈)ဝင် သစ်လုံး/သစ်ခွဲသားများအား ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိရုံးတွင် အောက်ပါအတိုင်း လေလံတင်ရောင်းချပါမည်။

| စဉ် | မြို့နယ် | ပစ္စည်းအမျိုးအမည် | ပမာဏ | လေလံတင်ရောင်းချမည့်ရက် |
|---|---|---|---|---|
| ၁ | ပခုက္ကူ (ပူးတွဲရေစကြို) | ကျွန်း(သစ်/ခွဲသား)<br>သစ်မာ(သစ်/ခွဲသား)<br>အခြား(သစ်/ခွဲသား) | ၁၃.၅၃၆၈တန်<br>၁၃.၁၆၂၆တန်<br>၉၈.၀၃၁၄တန် | ၈-၁၂-၂၀၁၅ရက် ၉:၃၀ နာရီ |
| | | ပေါင်း | ၁၂၄.၇၃၀၈တန် | |
| ၂ | ပခုက္ကူ (ပူးတွဲရေစကြို) | စက်လှေ | (၁)စင်း | ၈-၁၂-၂၀၁၅ရက် ၉:၃၀ နာရီ |
| ၃ | ပခုက္ကူ (ပူးတွဲရေစကြို | ထင်း | ၁၉.၁၆၆၄ ကုဗတန် | ၈-၁၂-၂၀၁၅ရက် ၉:၃၀ နာရီ |

လေလံဆွဲဝယ်လိုသူများသည် ၇-၁၂-၂၀၁၅ရက် နောက်ဆုံးထား၍ ပခုက္ကူမြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိရုံးတွင် လာရောက်စာရင်းသွင်းလျှောက်ထားပါရန်နှင့် လေလံစည်းကမ်းနှင့်အသေးစိတ်အချက်အလက်များ လာရောက်စုံစမ်းလေ့လာနိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **လေလံတင်ရောင်းချရေးအဖွဲ့၊ သစ်တောဦးစီးဌာန၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## တင်ဒါခေါ်ယူရေးကော်မတီ
## (ဝန်ဆောင်မှုလုပ်ငန်းတင်ဒါအမှတ်စဉ် ၁/၂၀၁၅)

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်းရှိ အမှတ် ၆၀၄/၆၀၈ မြေနေရာနှင့် အဆောက်အအုံအား ငှားရမ်းခြင်း၊ ပြုပြင်မွမ်းမံခြင်းနှင့် ရေနံရုံးခန်းများငှားရမ်းခြင်းတို့ကို နှစ်ရှည်စီမံခန့်ခွဲဆောင်ရွက်မည်ဖြစ်ရာ အဆိုပါအဆောက်အအုံအား ရှေးမူလလက်ရာမပျက် ပြုပြင်မွမ်းမံပြီးစွမ်းအင်ဝန်ကြီးဌာန ရုံးခန်းများနှင့် ရေနံရုံးခန်းများအဖြစ် စီမံခန့်ခွဲဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင် (သို့မဟုတ်) လုပ်ငန်းအဖွဲ့အစည်းများသည် တင်ဒါပုံစံများအား အပိုဒ်(၂)ပါရုံးများတွင် ရုံးချိန်အတွင်း အောက်ပါအတိုင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၃-၁၁-၂၀၁၅ ရက် (တနင်္လာနေ့)
(ခ) **တင်ဒါရောင်းချမှုပိတ်ရက်** - ၄-၁၂-၂၀၁၅ ရက် (သောကြာနေ့)
(ဂ) **တင်ဒါအဆိုပြုလွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၅-၁-၂၀၁၆ ရက် (အင်္ဂါနေ့)

၂။ အဆိုပါအဆောက်အအုံကို လေ့လာလိုပါက ၁၆-၁၁-၂၀၁၅ ရက်မှ ၂၀-၁၁-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း လာရောက်လေ့လာကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ လိပ်စာများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ် ၄၄၊ နေပြည်တော်၊
ဖုန်း-၉၅-၆၇-၄၁၁၀၅၅၊ ၉၅-၆၇-၄၁၁၀၅၆
ဖက်စ် ၉၅-၆၇-၄၁၁၁၂၅
Email-mogemd@energy.gov.mm

(ခ) အထွေထွေမန်နေဂျာ
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အောက်မြန်မာပြည်ရုံးခွဲ)
အမှတ် ၄၇၊ စိမ်းလဲ့မေရိပ်သာလမ်းသွယ်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၉၅-၁-၆၅၇၆၆၇၊ ၅၄၂၇၃၂၊ ၄၅၀၆၃၉
ဖက်စ် ၉၅-၁-၆၅၇၆၇၈၊ ၄၅၀၄၅၄
Email-mogegmtka@energy.gov.mm

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေ (Kyats) ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံရောင်းချမည့်ရက် | တင်ဒါပိတ်ရက်/အချိန် |
|---|---|---|---|---|
| (က) | 3-12(T)MESC/2015-2016 | တံခွန်တိုင်-ချီပါ ၃၃ ကေဗွီ Iusulated Cable လိုင်း (၀.၆)မိုင် အတွက် ဆက်စပ်ပစ္စည်း(၁၁)မျိုး | ၁၆-၁၁-၂၀၁၅ | ၄-၁၂-၂၀၁၅ (၁၃:၀၀)နာရီ |
| (ခ) | 3-13(T)MESC/2015-2016 | ၃၃ကေဗွီ လိုင်း(၇.၅)မိုင် အတွက် ဆက်စပ်ပစ္စည်း(၁၉)မျိုး | ၁၆-၁၁-၂၀၁၅ | ၄-၁၂-၂၀၁၅ (၁၃:၀၀)နာရီ |
| (ဂ) | 3-14(T)MESC/2015-2016 | 12M ကွန်ကရစ်တိုင်(၃၄၆)လုံး | ၁၆-၁၁-၂၀၁၅ | ၄-၁၂-၂၀၁၅ (၁၃:၀၀)နာရီ |
| (ဃ) | 3-15(T)MESC/2015-2016 | 400 ဗို့ ဓာတ်အားလိုင်း ဆက်စပ်ပစ္စည်း(၉)မျိုး | ၁၆-၁၁-၂၀၁၅ | ၁-၁၂-၂၀၁၅ (၁၃:၀၀)နာရီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၇၇လမ်း၊ ၂၆×၂၇ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၇၃၈၀၁**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၄ယ/၅၁၀၁၂ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိခိုင် ၁၃/လလန(နိုင်)၀၄၂၁၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(လှိုင်လင်မြို့)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လင်းထက်အောင် ၁၂/မဂတ(နိုင်)၀၈၉၆၈၅၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၂၀၇၉၇၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဂေါ်ချမ်ဖား ၁၃/တကန(နိုင်)၂၂၀၃၆၁၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၉၃၂၁၄၂၉**

## ကျွန်းတိုင်/မျောနှင့် ဖမ်းဆီးရမိသော မီးသွေးများ ရောင်းချရန်လေလံကြော်ငြာခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်ရှိ ကျွန်းတိုင်/မျော(၇၄)လုံး ၂ဒသမ ၀၇၄တန်၊ ဖမ်းဆီးရမိသော ပုံစံ(၈)ဝင် မီးသွေး(၁၄၂၄)အိတ် (၁၈၅ဒသမ ၆၉၈၆)တန်၊ ပုံစံ(၈)ဝင် ကျွန်း၊ အခြား(သစ်/ခွဲသား/ခွဲခြမ်း/ပျဉ်ချပ်) (၃၈၅ဒသမ ၄၁၁၈)တန်၊ ပကာလေးချောင်းနှင့် ငပုတောမြို့နယ်၊ သစ်တောဦးစီးဌာနမှ ပုံစံ(၈)ဝင် သစ်မာ/အခြား(သစ်/ခွဲသား) (၄၅၅ဒသမ ၅၃၉၁)တန်၊ ပုံစံ(၈)ဝင် လမ်းခင်းကျောက် (၃၀)ကျင်းတို့အား “တိုင်းကျော်သယ်ယူခွင့်မပြုကြောင်း” စည်းကမ်းသတ်မှတ်ချက်ဖြင့် ပုသိမ်ခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၁-၁၂-၂၀၁၅ ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီ၌ လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | အမျိုးအမည် | အရေအတွက် | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း(တိုင်) | ၆၇ လုံး | ၁.၉၈၈ တန် | ပုသိမ်မြို့နယ် |
| | ကျွန်း(မျော) | ၇ လုံး | ၀.၀၈၆ တန် | ။ |
| | **စုစုပေါင်း** | **၇၄ လုံး** | **၂.၀၇၄ တန်** | |
| ၂ | ကျွန်းခွဲသား | - | ၀.၀၉၈၄ တန် | ။ |
| | အခြားသစ်လုံး | - | ၁၁၅.၅၁၂၉ တန် | ။ |
| | အခြားခွဲသား | - | ၂၅၇.၈၄၉၃ တန် | ။ |
| | အခြားခွဲခြမ်း | - | ၈.၄၀၆ တန် | ။ |
| | အခြားပျဉ်ချပ် | - | ၃.၅၄၅၂ တန် | ။ |
| | **စုစုပေါင်း** | **-** | **၃၈၅.၄၁၁၈ တန်** | |
| ၃ | ပကာ | ၄ ချောင်း | - | ။ |
| ၄ | မီးသွေး | ၁၄၂၄ အိတ် | ၁၈၅.၆၉၈၆ တန် | ။ |
| ၅ | သစ်မာ/အခြား (သစ်/ခွဲသား) | - | ၄၅၅.၅၃၉၁ တန် | ငပုတော မြို့နယ် |
| ၆ | လမ်းခင်းကျောက် | - | ၃၀ကျင်း | ။ |

၂။ လေလံလျှောက်လွှာများကို ပုသိမ်ခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် တစ်စောင်လျှင်(၅၀၀ိ/-)နှုန်းဖြင့် ၂၄-၁၁-၂၀၁၅ရက်မှ ၃၀-၁၁-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။ (ဥက္ကဋ္ဌ)
**လေလံတင်ရောင်းချရေးကော်မတီ**

# ဝန်ထမ်းအမြန်အလိုရှိသည်
## (မြန်မာပြည်တွင်းတွင်ခန့်ထားရန်)

**Factory Manager** — ကျား/မ(၁)ဦး

အသက်(၃၅ မှ ၄၅)နှစ် ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်

**Manager(HR/Admin)** — ကျား/မ(၁)ဦး
**Manager(Account)** — ကျား/မ(၁)ဦး
**Assistant Manager (Export)** — ကျား(၁)ဦး
**Assistant Manager (Store)** — ကျား(၁)ဦး
**Supervisor(Computer Graphic)** — ကျား(၁)ဦး

အသက်(၂၈ မှ ၃၅)နှစ် ဘွဲ့ရ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်

**Manager(Secretary)** — ကျား/မ(၁)ဦး
**Assistant Manager** — ကျား/မ(၁)ဦး
**Assistant Manager** — ကျား/မ(၁)ဦး

အသက်(၂၈ မှ ၃၅)နှစ် ဘွဲ့ရ၊ ဂျပန်ဘာသာနှင့် တရုတ်ဘာသာ တတ်ကျွမ်းသူ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်

လျှောက်ထားလိုသူများသည် CV Form ပညာ အရည်အချင်း အထောက်အထားမိတ္တူ၊ ဓာတ်ပုံ(၂)ပုံ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ ၃၀-၁၁-၂၀၁၅ရက် နောက်ဆုံးထား၍ ကိုယ်တိုင်(သို့) အီးမေးဖြင့် လျှောက်ထားနိုင်ပါသည်။

**NATIONAL NETWORK & CO.,LTD.**
**အမှတ်(၅၂)၊ဗိုလ်ရာညွှန့်လမ်း၊ယောမင်းကြီးရပ်ကွက်၊ဒဂုံမြို့နယ်၊ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၃၈၈၀၄၃၊ ၀၁-၃၈၈၈၄၁၊ ၀၉-၉၇၆၅၄၂၉၆၄**
**Email; kmsoe2007@gmail.com**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ ရွှေကျောက်ဆူး သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် Shwe Kyauk Sue Mining Co.,Ltd. မှတ်ပုံတင်လက်မှတ် (အမှတ်-၁၆၀၈/၂၀၀၇-၂၀၀၈)၅-၂-၂၀၀၈ သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်ဖုန်း-၀၂-၃၆၃၉၄၊ ၀၂-၆၃၆၄၄**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ ရွှေဥရုအောင် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် Shwe Uru Aung Mining Co.,Ltd. မှတ်ပုံတင်လက်မှတ် (အမှတ်-၃၇၁၆/၂၀၁၂-၂၀၁၃) ၇-၁၂-၂၀၁၂ သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်ဖုန်း-၀၂-၃၆၃၉၄၊ ၀၂-၆၃၆၄၄**

## မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA)ဟောပြောပွဲ

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(MICPA)၏ ဟောပြောပွဲကို U Myo Myint (a) Mr.Byron Hoe, CEO, Myo Global Consulting Co.,Ltd. မှ "Cloud or SaaS (Software as a Services) ERP" ခေါင်းစဉ်ဖြင့် ၂၀၁၅ခုနှစ် နိုဝင်ဘာ ၂၉ရက် (တနင်္ဂနွေနေ့)တွင် နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်းရှိ ဟောပြောပွဲခန်းမ၌ ဟောပြောဆွေးနွေးပေးမည်ဖြစ်ပါသည်။ အဆိုပါဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ပြီး လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအနေဖြင့် CPD နာရီ ထောက်ခံချက်ရရှိမည်ဖြစ်ပါသည်။ ဟောပြောပွဲတက်ရောက်လိုသူများအနေဖြင့် ၂၇-၁၁-၂၀၁၅ရက် နောက်ဆုံးထားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း၊ အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်း၊ အမှတ် ၁/၁၉၊ ပထမထပ်ရှိ အသင်းရုံးခန်းသို့ လာရောက်စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် နယ်မှလာရောက်မည့်သူများအနေဖြင့် အသင်းရုံးခန်းသို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၁၄၆၅၃၊ ၀၉-၃၁၇၁၈၀၄၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## CLAIMS DAY NOTICE
## M.V NOCC PAMPLONA VOY:NO(3)

Consignees of cargo carried by M.V NOCC PAMPLONA VOY:NO(3) are here by notified that the vessel will arrive on about 21-11-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## CLAIMS DAY NOTICE
## M.V MIMASAKA VOY:NO(001)

Consignees of cargo carried by M.V MIMASAKA VOY:NO(001) are here by notified that the vessel will arrive on about 21-11-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၅၃၀-စီ)၊မြေကွက်အမှတ်(၁၂)၊ မြေအကျယ် ၁ဒသမ ၅၅ ဧက၊ နှစ်(၆၀)မြေငှားဂရန်မြေမျိုး အမည်ပေါက် ဦးစိုးကျော်ဦးဟု မှတ်သားထားသောမြေကွက်နှင့် မြေကွက်တည်ရာ လိပ်စာအမှတ် ၁၂၊ သဇင်လမ်း၊ ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ် ဟုခေါ်တွင်သည့် အိမ်အကျိုးခံစားခွင့်များကို ကျွန်ုပ်၏မိတ်ဆွေက ကာလတန်ဖိုး ပေးချေဝယ်ယူလက်ရောက်ရရှိထားပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**

**ဦးတင်အောင်ကြည်(တောင်သုံးလုံး)(စဉ်-၃၀၇၂၂)**
**LL.B,အထက်တန်းရှေ့နေ၊ဖုန်း-၀၉-၄၂၀၀၁၈၇၃၄**
**အမှတ်၇၊မြေညီ၊၃၃လမ်းတို၊(၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

# မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ မြို့ဦးရပ်ကွက်၊ အမှတ်(မ/၂၀၂)နေ
ဦးမောင်ညွန့်-ဒေါ်နန်းထွမ်းတို့၏ သားကြီး
ကိုခမ်းမှတ်-မဆိုင်ဟောင်(ခေတ္တ-စင်ကာပူ)၊ မချယ်ရီ၊ မလှရင်တို့၏မောင်၊ မောင်စိုင်းထင်ဝေ၏အစ်ကို

## ဒေါက်တာ စိုင်းမောင်လှိုင်

**B.D.S (MDY)**
**My Dentist Dental Clinic**
**နှင့်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပြည်သာယာရိပ်သာ၊ ဘောက်ထော်၊ ပြည်တော်အေးလမ်း၊ အမှတ်(၁/က)နေ
ဦးသူရိန် (Chairman,T.L.Y Trading Co.,Ltd.)-
ဒေါ်အေးအေးလွင် (Director,T.L.Y Trading Co.,Ltd.)တို့၏ တစ်ဦးတည်းသောသမီး
ဒေါက်တာသီဟသူလွင် (M.D,Global Summit Co.,Ltd.)-မလွင်သက်ခိုင်တို့၏ ညီမ

## မယုယုသူရိန်

**Bachelor of Information Technology (James Cook University, Singapore)**
**M.B.A (1st Semester) (UTCC-UMFCCI Global MBA)**

တို့၏ ၃-၁၁-၂၀၁၅ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေအားလည်းကောင်း၊ ၁၁-၁၁-၂၀၁၅ရက်တွင် ဗဟန်းမြို့နယ်၊ မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပသည့် မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၄-၁၁-၂၀၁၅ရက်တွင် Sule Shangri-La Hotel (Myanmar Ballroom)၌ကျင်းပသည့် မင်္ဂလာညစာစားပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့်ဇနီး ဒေါ်ခင်အေးနွယ်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော စွမ်းအင်ဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့်ဇနီး ဒေါ်သူဇာဝေတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘများ၏ ဂုဏ်သရေရှိ လူကြီးမင်းများလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်ဖြစ်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော စစ်ဘက် နယ်ဘက်မှ အရာရှိကြီးများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးရာတွင် ကူညီစီစဉ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းဥပဒေအရာရှိ ဒေါ်ခင်မြတ်သူ အားလည်းကောင်း၊ မင်္ဂလာမောင်နှံအတွက် မင်္ဂလာကား ကူညီစီစဉ်ပေးပါသော ဒေါက်တာစိုင်းစည်တွမ်ခမ်းအားလည်းကောင်း၊ ဤမင်္ဂလာပွဲကြီးကို ကူညီဆောင်ရွက်ပေးပါသော ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မမြရတနာမိုး၊ မင်္ဂလာသီချင်း သီဆိုပေးသော တေးသံရှင်မဟေမာနေဝင်း၊ Emperor တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြပေးသော မဝင့်ပါကျော်(The Anvenue)၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မနုယဉ်ထွေး(Diamond Class ပိုးထည်)၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မသီသီဟန်၊ သတို့သားအရံများဖြစ်ကြသော ထွန်းထွန်းနိုင်၊ သူရအောင်၊ သတို့သမီးအရံများဖြစ်ကြသော ဒေါက်တာစုန္ဒဇင်၊ မမေသူနွယ်၊ ပန်းခြင်းကိုင်ဆောင်ပေးကြသော သမီးငယ်လေး မယဉ်မြတ်မိုရ်ဟန်၊ မမြင့်မိုရ်ရွှန်းလဲ့၊ သားငယ်လေး မောင်ဟိန်းဘုန်းယံလွင်တို့အားလည်းကောင်း၊ မိတ်ကပ်ဆံပင် လင်းလင်း (လမ်းမတော်)နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံချုပ်ပေးပါသော ကိုသီဟ(Designer)၊ မနှင်း(PANDORA)၊ မစုမြတ်မြတ်(Silk & Style)တို့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့၊ ဦးမြင့်ချို(DORA)နှင့်အဖွဲ့၊ ပန်းအလှဆင်ပေးပါသော မဘုတ်ဘုတ်၊ မညို (Rosana)နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာဆောင်ရွက်ပေးသော DAGON PRINTING၊ Sule Shangri-La Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း ကျေးဇူးဥပကာရအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာစိုင်းမောင်လှိုင်-မယုယုသူရိန်**

# ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

## ၂၀၁၆ ခုနှစ် လုပ်ငန်းများဆောင်ရွက်ရန် ဈေးပြိုင်ကြော်ငြာ

ရွှေတိဂုံစေတီတော် ဝတ္တကမြေအတွင်း ဘုရားဖူးများအဆင်ပြေစေရန် ဂေါပကအဖွဲ့က စီမံဆောင်ရွက်ထားသော အောက်ဖော်ပြပါလုပ်ငန်းများသည် ၃၁-၁၂-၂၀၁၅ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါ၍ ၂၀၁၆ ခုနှစ်အတွက် လုပ်ငန်းများချထားပေးရန်ရှိပါသည်။ ယင်းလုပ်ငန်းများကို ဈေးပြိုင်စနစ်ဖြင့်ချထားပေးမည်ဖြစ်၍ လုပ်ငန်းဆောင်ရွက်လိုသူများသည် ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၅၀၀၀ိ/-နှုန်းဖြင့် ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်းဝယ်ယူပြီး ၃-၁၂-၂၀၁၅ ရက်နှင့် ၄-၁၂-၂၀၁၅ ရက်များတွင် သတ်မှတ်ချိန်အတွင်း ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**မှတ်ချက်။** ၁-၁၂-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀ နာရီ (နောက်ဆုံး)ထား၍ ဈေးနှုန်းအဆိုပြုလွှာစည်းကမ်းချက်များ ရောင်းချပေးမည်။ အာမခံငွေများကို မြန်မာ့စီးပွားရေးဘဏ်ဘဏ်ခွဲ(၄)တွင် ပေးသွင်းခြင်းအပါအဝင် အသေးစိတ်အချက်အလက်များကို အဆိုပြုလွှာတင်သွင်းသူများလိုက်နာရန် စည်းကမ်းတွင် ထည့်သွင်းဖော်ပြပေးမည်။

### ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန်လုပ်ငန်းများ

(၁) ဓာတ်ပုံလုပ်ငန်း
(၂) ရွှေဆိုင်းရောင်းချခြင်းလုပ်ငန်း
(၃) သန့်စင်ခန်းလုပ်ငန်းများ
(၄) စားသောက်ဆိုင်လုပ်ငန်းများ
(၅) လက်ဆောင်ပစ္စည်းရောင်းချခြင်းလုပ်ငန်း
(၆) ပန်းဆိုင်ရောင်းချခြင်းလုပ်ငန်းများ
(၇) ဖိနပ်အပ်လုပ်ငန်း
(၈) နိဗ္ဗာန်ကုန်ရောင်းချခြင်းလုပ်ငန်းများ
(၉) အုန်းပွဲ/ငှက်ပျောပွဲရောင်းချခြင်းလုပ်ငန်း
(၁၀) လိပ်စာ/ငါးစာ ရောင်းချခြင်းလုပ်ငန်း
(၁၁) ကားကွင်းများ၌ ထီကားရပ်နားရောင်းချခြင်းလုပ်ငန်းများ
(၁၂) အုန်းသီး/ထန်းသီး ခူးဆွတ်ရောင်းချခြင်းလုပ်ငန်း
(၁၃) သရက်သီး/ပိန္နဲသီး ခူးဆွတ်ခြင်းလုပ်ငန်း
(၁၄) ကုန်မျိုးစုံဆိုင်ရောင်းချခြင်းလုပ်ငန်း
(၁၅) ဂုဏ်ပြုလွှာမှန်ဘောင်သွင်းခြင်းလုပ်ငန်း
(၁၆) Money Exchange Counter နှင့် ATM စက်ဖွင့်လှစ်ခြင်းလုပ်ငန်း
(၁၇) ATM စက်တပ်ဆင်ခြင်းလုပ်ငန်း

**ဂေါပကအဖွဲ့**

# စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ ပြည်-ရန်ကုန်လမ်း၊ အိမ်အမှတ်(၁၄၀၉)နေ
ဦးသန်းဌေး(ခ)ဦးမောင်မောင်+ဒေါ်ညွန့်ညွန့်မေ (Thee Thant Restaurant) တို့၏တစ်ဦးတည်းသောသား

**မောင်အောင်သီဟ**

(B.Sc (Zool), VIRGINIA TOBACCO Co.,Ltd)

**နှင့်**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ဂူတာရပ်ကွက်၊ ပြည်လမ်းမကြီး၊ အိမ်အမှတ်(၂၃၀)နေ
ဦးကျော်ဆင့်(မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၊ တောင်ကုတ်မြို့)+ ဒေါ်မိုးဇာဇာလွင်
(ရွှေကုဋေကုန်ပို့လုပ်ငန်း၊ ရွှေအိမ်စံတက္ကသိုလ်ဘော်ဒါဆောင်)တို့၏တစ်ဦးတည်းသောသမီး

**မကေသီဆင့်**

(B.Sc (Zool), Senior Assistant ၊ မြန်မာ့ရွှေဆောင်ဘဏ်၊ တောင်ကုတ်ဘဏ်ခွဲ)

တို့သည် ၅-၁၁-၂၀၁၅ ရက်နေ့တွင် တောင်ကုတ်မြို့၌ နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်သီဟ+မကေသီဆင့်**

# မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

ပဲခူးတိုင်းဒေသကြီး၊တောင်ငူမြို့၊ဇေယျာခင်ဦး(၃)လမ်း၊ အမှတ် ၂၁/၄၃၈ နေ ဦးမောင်မောင်ထွန်း-ဒေါ်သန်းသန်းမူတို့၏ သား
ဒေါက်တာသိန်းဇော်အောင် M.B;B.S-ဒေါက်တာအိအိသိမ့်ဇော် M.B;B.S("ဖူး" ဆေးကုခန်း)
ဒေါက်တာနွေးနွေးသိမ့်ဇော် M.B;B.S(လက်ထောက်ဆရာဝန်၊ မင်းဘူးပြည်သူ့ဆေးရုံ)တို့၏ မောင်

## ဒေါက်တာမောင်မောင်ချမ်းမြေ့ဇော်

**M.B;B.S(Mgy) နှင့်**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နေ ဦးသိန်းဟန်-ဒေါ်တင်တင်ဝင်း(စိန်ရွှေရတနာကုန်သည်)
ဦးရှိန်-ဒေါ်ခင်စိန်(စိန်ရွှေရတနာကုန်သည်)တို့၏ မြေး
ရေနံချောင်းမြို့၊ မြို့မတောင်ရပ်၊ ကုန်သည်လမ်း၊ အမှတ် ၇၁ နေ
ဦးမောင်မောင်နိုင်-ဒေါ်အေးအေးခိုင်("ဆုလာဘ်ရတနာ"စိန်ရွှေရတနာဆိုင်)တို့၏ သမီး
မချစ်မြတ်နိုးနိုင် Grade 5 ၏ အစ်မ

## မဆုလာဘ်ရတနာနိုင်

**B.Sc(Hons;)M.Sc(Physics)**

တို့သည် ၁၈-၁၁-၂၀၁၅ရက်တွင် ငွေပွင့်မင်္ဂလာခန်းမ၊ ရေနံချောင်းမြို့၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးခဲ့သော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှကူညီပေးသော ပုဂ္ဂိုလ်အားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာမောင်မောင်ချမ်းမြေ့ဇော်-မဆုလာဘ်ရတနာနိုင်**

**ပျောက်ဆုံးကြောင်း**

U SOE NAN HTIKE (5/MA MA NA (N) 083761) ၏သွင်းကုန်လိုင်စင် နံပါတ် ISP IDV8 15_16 25851 08-10-15 (မူရင်း) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၅၀၃၂၃၁၇၊ ၀၉-၃၈၆၄၅၀

# ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၃၆၄၁၇ Jialing JL 90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်နိုင်ထွန်း ၉/မရမ(နိုင်)၀၅၉၆၂၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# အထူးကျေးဇူးတင်လွှာ

(၄-၁၁-၂၀၁၅) မှ (၁၅-၁၁-၂၀၁၅) အထိ၊ အိန္ဒိယ၊ နီပေါနိုင်ငံ၊ မဇ္ဈိမဒေသ၊ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်အတွက် စက်မှုလယ်ယာဦးစီးဌာန၊ တိုင်းနှင့်ပြည်နယ် အသီးသီးမှ မိမိတို့အငြိမ်းဝန်ထမ်း(၁၈)ဦးအား တတိယအသုတ်အဖြစ် ရွေးချယ်ပို့ဆောင်ကုသိုလ်ပြုခဲ့သော "ရွှေထယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်"မှ နာယကကြီး ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးဝင်းမော်+ဒေါ်နန်းနေနွယ်နှင့်ဝန်ထမ်းများအားလည်းကောင်း။

အဆိုပါခရီးစဉ်တစ်လျှောက် အဆင့်မီသွားလာရေး၊ စားသောက်ရေး၊ နေထိုင်တည်းခိုရေး တို့အပြင် ကျန်းမာရေးကိုပါ မိသားစုပမာ နွေးထွေးကြင်နာစွာဖြင့် ပြီးပြည့်စုံစွာ ဂရုတစိုက်ကိုယ်တိုင်လိုက်ပါ၍ ဝန်ဆောင်မှုပေးခဲ့သော ဒေါ်နန္ဒာဝင်းဦးဆောင်သည့် "Amazing Land Travels & Tours Co.,Ltd" မှ ဒေါ်နန္ဒာဝင်း၊ ဒေါ်ဌေးဌေး၊ မမေသော်ဝင်းနှင့်အဖွဲ့သားများအားလည်းကောင်း . . .

အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း သာဓုခေါ်ဆို ၍ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အငြိမ်းစားဝန်ထမ်း(၁၈)ဦး**
**(တတိယအကြိမ်ရွှေထယ်ဗုဒ္ဓဂယာခရီးစဉ်အဖွဲ့)**

# မြိတ်မြို့နယ်အသင်း (ရန်ကုန်)

## အမှုဆောင်အဖွဲ့ဝင်လောင်းများအား ဖိတ်ခေါ်ခြင်း

၁။ မြိတ်မြို့နယ်အသင်း (ရန်ကုန်) ၏ ၂၀၁၆-၂၀၁၇ ခုနှစ် (၂)နှစ် သက်တမ်းကာလအတွက် အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်တာဝန်ပေးအပ်ရန် ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ အသက် (၃၀)နှစ်ပြည့်ပြီး အသင်းဝင်သက်တမ်း (၂)နှစ် ပြည့်ပြီးသူ အသင်းဝင်များသည် အမှုဆောင်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိပါက သတ်မှတ်ထားသည့် အဆိုပြုလွှာပုံစံများကို မြိတ်အသင်းရုံး၊ အမှတ် (၆၈)၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ် (ဖုန်း-၀၁ ၂၂၄၃၄၀) တွင် ဆက်သွယ်ရယူ၍ **၄-၁၂-၂၀၁၅ (သောကြာနေ့) ညနေ (၄)နာရီ** နောက်ဆုံးထားပြီး အဆိုပြုလွှာများကို တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ရေးကော်မရှင်**
**မြိတ်မြို့နယ်အသင်း (ရန်ကုန်)**

# ကျောက်ဆည်အသင်း(ရန်ကုန်)

## (၁၃)ကြိမ်မြောက် ဘုံကထိန်ဖိတ်ကြားလွှာ

ဗဟန်း(၁)လမ်း၊ ဓမ္မလင်္ကာရကျောင်းမှ ဆရာတော် ဦးသုမင်္ဂလနှင့် သံဃာတော်များအား ၂၄-၁၁-၂၀၁၅ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ကျောက်ဆည်ဓမ္မာရုံဗိမာန်တော်ကြီး၌ ဆွမ်းဆက်ကပ်၍ ကထိန်လျာသင်္ကန်းကပ်လှူမည်ဖြစ်ပါသဖြင့် အသင်းဝင်များနှင့် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးဒေသဖွားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် အနူးအညွတ်ဖိတ်ကြားအပ်ပါသည်။ အသင်း၏ ၂၀၁၅ ပြက္ခဒိန်လက်ဆောင်ပေး၍ နေ့လယ်စာထမင်းနှင့် ဧည့်ခံမည်ဖြစ်ပါသည်။ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် ဝတ္ထုငွေများကို ဖုန်း-၀၁-၅၅၂၇၃၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 3I/1015 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

# ကထိန်အလှူတော်မင်္ဂလာ ကုသိုလ်ရယူ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါရန် ဖိတ်ကြားခြင်း

နိုင်ငံတော်တစ်ဝန်းရှိ စိတ္တသုခကမ္မဋ္ဌာန်းကျောင်း (၄၇)ကျောင်း၏ ပဓာနနာယကဖြစ်တော်မူသော မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ စကားအင်းကျေးရွာ၊ မင်္ဂလာသီရိရွှေကျောင်းတော်ကြီး၌ သီတင်းသုံးစံပယ်တော်မူသည့် သက်တော်(၉၃)နှစ်ရှိတော်မူသော သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဉာဏစက္က အမှူးပြုသော မင်္ဂလာဇေယျာကျောင်းတိုက်တွင် ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော်အရှင်သူမြတ်များနှင့် ပင့်သံဃာ (၁၀၈)ပါးတို့အား ကထိန်လျာသင်္ကန်းကပ်လှူခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်းအစရှိသည့် ကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက် (၂၀-၁၁-၂၀၁၅)ရက် သောကြာနေ့ နံနက် ၀၉:၀၀ နာရီတွင် အဆိုပါကျောင်း၌ ပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ ဒါယိကာမများနှင့် ဓမ္မမိတ်ဆွေအပေါင်းအား ကြွရောက်ကြည်ညိုကုသိုလ်ရယူ၍ သာဓုအနုမောဒနာခေါ်ဆို နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကထိန်အလှူရှင်မိသားစု**
**ဦးစံရွှေအောင် ဇနီး ဒေါ်အေးအေးသန်းမိသားစု**
**အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)နှင့်**
**ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)**
**ကျောင်းအုပ်ကြီးနှင့်ဝန်ထမ်းမိသားစုများ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်အမှတ် ၃၃ယ/၇၀၇၂၉၊ Jioza.110၊ MC ယာဉ်လက်ဝယ်ရှိသူ Thiri Moe Myint Co.,Ltd. ၏ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

# မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း အထူးအစည်းအဝေး ဖိတ်ကြားခြင်း

MYANMAR CONSTRUCTION
MCEA
ENTREPRENEUR S ASSOCIATION

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း အထူးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားတိုင်း တက်ရောက်ချီးမြှင့်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| **ကျင်းပမည့်နေ့ရက်** | - | ၂၈-၁၁-၂၀၁၅ ရက် (စနေနေ့) |
| **ကျင်းပမည့်အချိန်** | - | ၉:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ |
| **ကျင်းပမည့်နေရာ** | - | MCC ခန်းမ၊ မင်းဓမ္မလမ်း |

**မှတ်ချက်**
(၁) အသင်းကြီး၏ရှေ့လုပ်ငန်းစဉ်များ၊ ရည်ရွယ်မျှော်မှန်းချက်များကို ရှင်းလင်းတင်ပြမည်ဖြစ်ပါ၍ အသင်းသားများအနေဖြင့် ဖိတ်စာသီးခြားမရရှိပါကလည်း ဤဖိတ်ကြားချက်ဖြင့် အထူးအစည်းအဝေးသို့ မပျက်မကွက် စိတ်ထက်သန်စွာဖြင့် တက်ရောက်ပေးကြပါရန်။
(၂) အဆိုပါအစည်းအဝေးနှင့်အတူ MCEA နှင့် Bangkok Exhibition Services(BES)တို့ ပူးတွဲကျင်းပမည့် "The 3rd International Construction, Power & Mining Exhibition"သို့ လာရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၄၄**

ဒေါ်ခင်ဝင်းမြင့် **နှင့်** ၁။ ဦးစိုးတင့်
၂။ ဒေါက်တာသက်နိုင်စိန်
၃။ ဦးအောင်သန်းထွန်း

**တရားလို** **တရားပြိုင်များ**

အမှတ် ၈၀၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၂)တရားပြိုင် ဒေါက်တာသက်နိုင်စိန်(ယခုနေရပ်လိပ်စာမသိ) နှင့် အမှတ် ၈၂၊ စက်မှု(၂)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၃)တရားပြိုင် ဦးအောင်သန်းထွန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၁ရက် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလကွယ်နေ့) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြအေး)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## HILUX-SURF (95) ငှားမည်

တစ်လ- ၆ သိန်း
စပေါ်- ၆ သိန်း
**ဖုန်း-၀၉-၅၁၃၁၈၃၁၊**
**၀၁-၇၀၅၃၈၀**

## ဥယျာဉ်ခြံရောင်းမည်

ရန်ကုန်-ပြည် ကားလမ်း၊ မိုင်တိုင် (၄၃/၅)၊ ဂုတ်ခြံ (၆-၄၂)ဧက၊ ရေ/မီးစုံ ၁ဧက သိန်း ၆၀၀။
**ဖုန်း-၀၉-၇၉၉၅၀၁၁၂၇၊**
**၀၉-၂၅၀၀၁၆၉၈၉**

## အမည်ပြောင်း

ဦးဇာနည်လွင် ၆/ဥတသ(နိုင်)၀၀၁၆၆၈ ၏သား၊ အလက(၁၁) ကန်ဦးအနောက်၊ စတုတ္ထတန်း(က)မှ မောင်ထက်အာကာကျော်အား ယနေ့မှစ၍ မောင်အောင်သန့်ဇာနည်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်သန့်ဇာနည်**

## အမည်မှန်

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၇)နေ ဦးမင်းဇော်စိုး-ဒေါ်ထက်ထက်အောင်တို့၏သမီး မရွှေရည်ထက်ထက်ဇော်အား မဖူးပွင့်ဇော်ဟု ပြောင်းလဲခေါ်ဆိုရန်နှင့် သားမောင်စိုင်းလမင်းမောင်အား မောင်ဘုန်းမြတ်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။

# MMM MYANMAR MENTAL MATH

## မြန်မာစိတ်တွက်သင်္ချာသင်တန်း

အသက် ၅ နှစ်မှ ၁၁နှစ်အတွင်း ကလေးငယ်များ ဦးနှောက်ဉာဏ်ဖွံ့ဖြိုးတိုးတက်စေရန်၊ အာရုံစူးစိုက်နိုင်စွမ်းတိုးတက်စေရန်၊ နားထောင်နိုင်စွမ်းရည်နှင့် သင်ယူနိုင်စွမ်းရည်မြင့်မားလာစေရန် ရည်ရွယ်၍ ပျော်ရွှင်ဖွယ်စိတ်တွက်သင်္ချာသင်တန်းဖွင့်လှစ်ပါပြီ။ အစမ်းသင်တန်းအပတ်စဉ် အခမဲ့တက်ရန် ဖုန်းဖြင့်စုံစမ်းနိုင်ပါသည်။

**ဆက်သွယ်ရန်- အမှတ် ၅၅/၂၀၆၊သုခမြိုင်အိမ်ရာ၊ရန်ကုန်အင်းစိန်လမ်းမ၊ဘူတာရုံလမ်းမှတ်တိုင်အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၉၇၉၆၀၀၆၅၀၊ ၀၉-၉၇၆၁၀၅၃၀၀၊ ၀၉-၄၂၀၀၄၂၆၈၃**
**www.myanmarmentalmath.com**

# အဆင့်မြင့်မော်တော်ယာဉ်များ ချွတ်ယွင်းချက်ရှာဖွေစစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းသင်တန်း (အပတ်စဉ်-၆) လျှောက်လွှာခေါ်ယူခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာမော်တော်ကော်ပိုရေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သော အဆင့်မြင့်မော်တော်ယာဉ်များ၏ ချွတ်ယွင်းချက်များအား Computer Scanner တို့ဖြင့် ရှာဖွေစစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းသင်တန်း အပတ်စဉ်(၆)ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာပထမပတ်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဝါရင့်အင်ဂျင်နီယာကြီးများမှ စတင် ဖွင့်လှစ်သင်ကြားကြမည်ဖြစ်ပါသည်။ သင်တန်းကာလမှာ (၁၀)ပတ်ကြာမြင့်မည်ဖြစ်ပြီး မော်ဒယ်မြင့်ကားများ၏ ဒီဇယ်နှင့်ဓာတ်ဆီအင်ဂျင်တို့၏ Engine Control System နှင့် Transmission Control System တို့ကို အဓိကထား၍ စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပါသည်။ သင်တန်းသားတစ်ဦးလျှင် သင်တန်းကြေး ၃၀၀,၀၀၀ ကျပ် ပေးသွင်းရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးအောင်မြင်ပါက သင်တန်းဆင်းအောင်လက်မှတ်ကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Automobile Technical Division မှ ထုတ်ပေးမည်ဖြစ်ပါသည်။ သင်တန်းသားဦးရေကို ကန့်သတ်ထားပါသည်။ ပညာအရည်အချင်းအနည်းဆုံးအခြေခံပညာအထက်တန်းအဆင့်ရှိရမည်ဖြစ်ပြီး ဝပ်ရှော့လုပ်ငန်းအတွေ့အကြုံ၊ စက်ပြင်လုပ်ငန်းအတွေ့အကြုံရှိရပါမည်။ လျှောက်လွှာများကို ၂၀-၁၁-၂၀၁၅ရက်မှ စတင်လက်ခံမည်ဖြစ်ပြီး လူတွေ့စစ်ဆေးမှုအောင်မြင်မှသာ သင်တန်းတက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။ လျှောက်လွှာနှင့်အတူ ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးအချက်အလက်များ၊ ပညာအရည်အချင်းဆိုင်ရာ အောင်လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့ပါဝင်ရပါမည်။

**လျှောက်လွှာတင်ရန်-** (၁) Training Manager, မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့။
(၂) မြန်မာမော်တော်ကော်ပိုရေးရှင်း၊ ချယ်ရီဥယျာဉ်အိမ်ရာ၊ သံသုမာလမ်းမကြီး၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
စုံစမ်းရန်-ဖုန်း-၀၉-၈၆၁၈၃၈၆၊ ၀၉-၄၂၀၀၂၉၇၈၂
(၃) Email ဖြင့် လျှောက်လွှာတင်ရန်
michaelsanoo 123@gmail.com

# ကြော်ငြာစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌**
**၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် -၁၇၇**
**ဦးညီပု ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ ၁၉ လမ်း၊ အမှတ် ၇၅၀ တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးညီပု၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးလှတင်က အမွေဆက်ခံခြင်းဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁ ရက် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်) နံနက် ၁၀နာရီတွင် ကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဦးညီပု၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်စုံတစ်ရာသက်ဝင်သူ အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ရက် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းကို ကြည့်ရှုရန် အမွေဆက်ခံခြင်းဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဦးလှတင်၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းသီတာ)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

# အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

## အကြောင်းကြားစာ

**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ ၃၇၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌**
**၂၀၁၅ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ် ၁၈၆**
**ကွယ်လွန်သူ ဒေါ်သန်းကြွေ၌ကျန်ရှိရစ်သော ပစ္စည်းအကြောင်း**

ဦးအောင်သန်းစိုး **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၇လမ်း၊ အမှတ် (၁၂)နေ ဦးအောင်သန်းစိုးက ကွယ်လွန်သူ ဒေါ်သန်းကြွေ၏ ခင်ပွန်းဖြစ်သည်ဟူ၍ အထက်ပါနေရပ်လိပ်စာနေ ၎င်းကွယ်လွန်သူ ဒေါ်သန်းကြွေမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက်ရရန်ရှိသောအကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်သန်းကြွေမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃ ရက် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးအောင်သန်းစိုး၏လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၂ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အေးအေးသန့်)**
**တွဲဖက်ခရိုင်တရားသူကြီး (၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

# ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ ဦးပိုင်အမှတ်(၈၀)၊ မြေကွက်အမှတ် ၀၄၈၏ အစိတ်အပိုင်းအနက်မှ ကွက်သစ်(၁)လမ်း၊ အမှတ်(၁၂) ဟုခေါ်တွင်သော အစိတ်အပိုင်းအနက်မှ အလျား ၁၅ ပေ×အနံပေ ၆၀ အကျယ်အဝန်းရှိ ဦးအောင်ပွင့်အမည်ဖြင့် ဘိုးဘွားပိုင်(မြေပိုင်)အမျိုးအစားဖြစ်ပြီး ဒေါ်ရင်မြမှ ယခုလက်ရှိအချိန်အထိ ဝယ်ယူနေထိုင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော အဆိုပါမြေကွက်နှင့်ပတ်သက်၍ တရားဝင်လွှဲပြောင်းစီမံရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ရင်မြ ၁၂/အစန(နိုင်)၀၀၇၀၆၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မည်သူမဆိုခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည့်တိုင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမြင့်စိုး LL.B** | **ဦးသီဟကျော် LL.B** |
| **ဦးစည်သူအုံ့ဘွယ် LL.B** | **ဦးကျော်ဇောမင်း LL.B** |
| **ဒေါ်အိအိစိုး LL.B** | **ဒေါ်သန္တာဝင်း LL.B** |
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |

**စုပေါင်းရုံးဝင်း၊ ရှေ့နေများနားနေခန်း၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၇၃၀၂၁၁၂၃၊၀၉-၄၂၈၀၂၂၄၉၀**

# အထူးကျေးဇူးတင်ရှိခြင်း

၃၁-၁၀-၂၀၁၅ရက်(စနေနေ့)တွင် ကွယ်လွန်သွားခဲ့သော မိခင်ကြီး ဒေါ်မာရှီးလျှင်၏နာရေး ကိစ္စအ၀၀တွင် အစမှအဆုံး ကူညီပေးကြသော Mottama Holdings Limited မှ ၀န်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းပြည်ပကုမ္ပဏီအသီးသီးမှ မိတ်ဆွေသူငယ်ချင်းများ၊ စာနာမှုဖြင့် လွမ်းသူ့ပန်းခွေနှင့်ပန်းခြင်းများ အသီးသီးပေးပို့ခဲ့ကြသော မိတ်ဆွေသူငယ်ချင်းများ၊ ၁၁-၁၁-၂၀၁၅ရက်တွင် လားရှိုးမြို့၌ပြုလုပ်သော နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြသော မိတ်ဆွေများ၊ လှူဖွယ်၀တ္ထုအစုစုကို ပေးပို့လှူဒါန်းကြသူများ၊ နှစ်ဖက်သော ညီအစ်ကိုမောင်နှမများနှင့် မိသားစုဝင်များ၊ အဘက်ဘက်မှမေတ္တာထား၍ ၀ိုင်း၀န်းကူညီဆောင်ရွက်ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ပျောက်ဆုံး**

ဦးညွန့်မင်း၏သား မောင်မြတ်မင်းသူသည် ကျောင်းထွက်လက်မှတ် အမှတ်စဉ်-၃၃၅၈၉၀ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဆက်သွယ်ရန်ဖုန်း-၂၆၂၆၃၀၃၁၃၊ ၃၁၇၀၉၅၄၀**

## အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အကွက်အမှတ် ၅၃၊ အကွက်အမည် ၃၉၊ ဂရန်အမှုတွဲအမှတ် ၁၉၁၂/၁၉၉၁၊ နှစ် ၃၀ဂရန် ဦးခင်မောင်မြင့် (DX-002717) (ဘ)ဦးဟာနစ်(ခ)ဦးတင်စိုး အမည်ပေါက်မြေနှင့် မြေပေါ်ရှိ အဆောက်အအုံမှ ယခုတိုင်အမည်ပေါက် လက်ရောက်ပိုင်ဆိုင်ထားသည်။ ဂရန်မူရင်းသည် ပျောက်ဆုံးသွားကြောင်း အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူ ရှိ/မရှိ ၁၉၁၂-၂၀၁၂ ခုနှစ်တွင် တောင်ကြီးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၉ရက် စာမျက်နှာ ၅တွင် ကန့်ကွက်နိုင်ပါကြောင်းကို မြန်မာ့အလင်းသတင်းစာတွင် ကြေညာခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဦးခင်မောင်မြင့်သည် ရည်ညွှန်းပါ မြေကွက်နှင့်အဆောက်အအုံအား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းမရှိခဲ့ကြောင်းအပြင် ဦးခင်မောင်မြင့်၏တရားဝင်ခွင့်ပြုချက်မှတ်ပုံတင်ခွင့်မည်သူတစ်ဦးတစ်ယောက်ကိုမျှ တရားဝင်ကိုယ်စားလှယ်လွှဲအပ်ထားခြင်းမရှိကြောင်း ရိုးသားစွာဖြင့် ထပ်မံ၍ အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
